www.burmeseclassic.com



BURMESE CLASSIC .com

# ဆင်ဝင်စားတဲ့လူ

ဒဂုန်ကျော်စွာ

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်လက်မှနာရီကို ဘယ်နှစ်ကြိမ်မြောက်မှန်း မမှတ်မိနိုင်အောင် အထပ်ထပ်အခါခါ ကြည့်မိသည်။ စခန်းရှေ့တွင် ခေါက်တုန့်ခေါက်ပြန်လျှောက်ရင်း တောအုပ်ဘက်သို့ လည်ပင်းရှည်၍သော်လည်းကောင်း၊ ခေါင်းငုံ့နားစွင့်၍သော်လည်းကောင်း၊ အမြင်အာရုံ၊ အကြားအာရုံနှစ်ခုစလုံးနှင့် ငံ့လင့်စောင့်စားနေမိ၏။

ကျွန်တော့်မျက်လုံးထဲတွင် တစ်ချက်ချင်း သိမ့်သိမ့်တုန်အောင် လျှောက်လှမ်းလာမည့် သတ္တဝါတို့၏ အသွင်များကို မြင်ယောင်မှန်းဆကြည့်သည်။ ထိုမျှနှင့်အားမရ သူတို့၏နှုတ်မှ ကျည်ခံနဲ့ အော်မြည်လိုက်သံကို စိတ်မှန်းနှင့်ကြားယောင်ကြည့်၏။ စိတ်တွင် မရိုးမရွ ဖြစ်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုထက်ပို၍ ကျွန်တော် ဂဏှာမငြိမ်ဖြစ်လာသည်။

ဒီနေ့မှ ငှက်ဖျားထချင်သလိုလို ဖြစ်နေမိသော ကျွန်တော့်ကိုယ်ကျွန်တော် အပြစ်တင်လိုက်မိပြန်သည်။

အမှန်တကယ် ကျွန်တော် အထူးမျှော်လင့် စောင့်စားခဲ့ရသော နေ့သို့ ရောက်ခါမှ ယခင်ဖြစ်ခဲ့ဖူးသော ငှက်ဖျားက ကောက်ခါငင်ခါ ထဖြစ်ခြင်းပင်။ ထို့ကြောင့် တနုံ့နုံ့ ဒေါသထွက်လို့မဆုံးတော့ချေ။

ယနေ့သည် ကျွန်တော် ဘုံဘေးဘားမားကုမ္ပဏီ သစ်ထုတ်လုပ်ရေးလုပ်ငန်း လက်ထောက်မန်နေဂျာအဖြစ် စတင်ရောက်ရှိသောနေ့မှ ရှစ်လတင်းတင်း ပြည့်ပြီးသောနေ့ဖြစ်၏။

ကျွန်တော့်အသက်မှာ လေးဆယဝန်းကျင် ဆိုသော်လည်း တောတွင်းအတွေ့အကြုံနှင့် ပတ်သက်လျှင် လူငယ်တစ်ယောက်လို စပ်စပ်စုစု တက်တက်ကြွကြွ ရှိတုန်းပင်ဖြစ်သည်ဟု အထက်အရာရှိများက မကြာခဏ ဝေဖန်တတ်၏။

မှန်၏။ ကျွန်တော်သည် တောတောင်ရေမြေ သဘာဝပတ်ဝန်းကျင်နှင့် တောတွင်းရှိ အဖိုးတန် တိရိစ္ဆာန်များကို မြတ်နိုးသည်။ စိတ်လည်းအထူးဝင်စားမိသည်။

မျက်နှာဖြူတို့သည် သူတို့၏စီးပွားရေးအလို့ငှာ မြန်မာ့ရေမြေသစ်တောများကို မြန်မာတို့ပိုင် အဖိုးတန် ဆင်များကို အသုံးချ၍ ကောင်းစွာအမြတ်ထုတ်ကြ၏။



ထိုအထဲတွင်မှ ကျွန်တော် တာဝန်ယူရသော ဤစခန်း နယ်ပယ်ကလေး၌ အသီးသီးသော လက်အောက်ငယ်သား အလုပ်သမားတို့သည် သူတို့ကျွမ်းကျင်ရာ ပိုင်နိုင်ရာဖြင့် လုပ်အားဖြည့်ရရှာသည်။

ကျွန်တော်အပါအဝင် သစ်ထုတ်လုပ်ရေး လူလုပ်သားများ၊ ဆင်လုပ်သားများမှာ အခြေအနေအရပ်ရပ်ကို လစ်လျူရှု၍ မိမိတို့၏ လုပ်အားနှင့် တာဝန်ကို ကျေပွန်အောင် ထမ်းကြရသည်။ မိမိအိုးအိမ်၊ ဇနီးမယား၊ သားသမီးတို့ကို ခွဲခွာ၍ ဆင်စခန်းတွင် ဘဝကိုနှစ်၍ စိတ်ဝင်စားရာ လုပ်ငန်းခွင်တွင် ပျော်အောင်ကြိုးစားရသော အခြေအနေမျိုးဖြစ်သည်။

ထိုအခြေအနေတွင်းမှ အရာအားလုံးကို မေ့ပျောက်ပစ်နိုင်စွမ်းသော အလုပ်တစ်ခုမှာ ဆင်ဖမ်းခြင်းသည်လည်း တစ်ခုအပါအဝင်ဖြစ်ပါသည်။

ကျွန်တော်ရောက်စမှ ယနေ့အထိ ဆင်ကို ကျုံးသွင်းဖမ်းသည်မှာ နှစ်ကြိမ်ခန့်သာရှိသေးသည်။ ပထမအကြိမ်က ကိုယ်တိုင်လိုက်ခွင့်မကြုံ ဒီတစ်ကြိမ်ကို အထူး အားခဲထားခြင်းဖြစ်သည်။

သို့သော် ရုတ်တရက် နေမကောင်းဖြစ်လာသောကြောင့် စခန်းတွင် ဖုပ်တသပ်သပ် အံတကြိတ်ကြိတ်နှင့် နေခဲ့ရ၏။

လုပ်သက်အရ၊ သမ္ဘာရော၊ ဝါရောရင့်ပြီးဖြစ်သော ဆင်ဦးစီး၊ ဆင်လုပ်သားကြီးများမှာ ကျွန်တော့် အထက်အရာရှိဖြစ်သောကြောင့်

www.burmeseclassic.com

www.burmeseclassic.com



ချစ်ခင်လေးစားသော်လည်း သူတို့၏ ရေးရိုးအယူဝါဒများက ကျွန်တော် နေကောင်းမှထွက်ရန် အခွင့်မပေး၊ ရွေးပြီးသားရက်၌ ထွက်ရန် အစစအရာရာ စီစဉ်ပြီးဖြစ်ချေပြီ။

ကျွန်တော် မည်သို့မျှ မတတ်နိုင်ပါချေ။ စခန်းမှ ရင်တထိတ်ထိတ်နှင့် စောင့်မျှော်ရုံသာရှိတော့သည်။

ယနေ့သည် ကျွန်တော့်အဖို့ စိတ်အလှုပ်ရှားရဆုံးနှင့် စိုးရိမ်ပူပန်ရဆုံး နေ့တစ်နေ့ပင်ဖြစ်၏။

"ကျည်....."

"တူ... တူ... တူ"

"ဟော"

ကျွန်တော့်နှုတ်မှ ဟောဟု အာမေဋိတ်သံထွက်ပြီး အသံလာရာ နားစွင့်လိုက်မိသည်။

ကျည်ခနဲအော်သံက ကျွန်တော့်ရင်ကို လှုပ်ခနဲ ခုန်သွားစေ၏။ တတူတူကြားရသော ကျွဲချိုမှုတ်သံက ကျွန်တော့်ကို ပိုပြီးရင်ခုန်မြန်သွားစေ၏။

တောစပ်သို့ လှမ်းကြည့်သည်။ မှောင်နှင့် မည်းမည်းဘာမှမမြင်။ စခန်းတွင်းရှိ တဲငယ်လေးများသာ မီးရောင်ပျပျရှိကြ၏။

စိတ်လှုပ်ရှားခြင်းကြောင့် ကျွန်တော့်တစ်ကိုယ်လုံး ခပ်နွေးနွေးဖြစ်လာသည်။ ကျည်ခနဲအော်သံက ဆင်အော်သံ၊ တူ... တူဟူသော



ကျွဲချိုမှုတ်သံက ကျုံးရှိ လင့်စင်လုပ်သားများထံသို့ အချက်ပေးသံဖြစ်သောကြောင့် ဆင်ရိုင်းများ ကျုံးသွင်းတော့မည်ဖြစ်ကြောင်း အသိစိတ်ကို သူကို ရင်ခုန်စိတ်လှုပ်ရှားသွားစေတော့၏။

နာရီကို တစ်ချက်ကြည့်လိုက်သည်။ ည ရှစ်နာရီရှိချေပြီ။ လဆုတ်ရက်မို့ အလင်းရောင်က လှမ်းစွာအားနည်းကာ သစ်ကြီးဝါးကြီးများ ပိတ်နေသောတောမို့ အမှောင်ကပို၍ သိပ်သည်းနက်ရှိုင်းသည်။

တောရွေးတို့၏ အူသံ၊ ပုစဉ်းရင်ကွဲသံများ စီခနဲ ထွက်လာသည်။ ဆင်အော်သံ ထပ်မကြားရသေး။

ထိုစဉ် ဆင်ကျုံးဖက်ဆီမှ ကျည်ခနဲအော်လိုက်သော တောဆင်ရိုင်းတို့၏ အသံများကို အဆက်မပြတ်ကြားရပြီး စခန်းဖက်သို့ လက်နှိပ်ဓာတ်မီးတဝင်းဝင်းနှင့် လူတစ်ယောက်လာနေသည်ကို တွေ့လိုက်ရတော့သည်။

ယခုမှ ကျွန်တော်သတိရသည်။ တဲတွင် မှန်မီးအိမ်မထွန်းရသေးပေ။ ညနေစောင်းကတည်းက အပြင်ထွက်နေပြီး ယခုအချိန်ထိ တဲထဲသို့ ပြန်မဝင်ရသေးကြောင်း ကျွန်တော်ကိုယ် ကျွန်တော် သတိလက်လွတ် ဖြစ်နေမိခြင်းပင်။

ခပ်သဲ့သဲ့ကြားရသော ဆင်အော်သံများ၊ လူသံ သူသံများက ကျွန်တော့်ကို နေရာတွင် ခပ်တောင့်တောင့်ရပ်ရင်း မလှုပ်မိစေခဲ့လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့် တဲဖက်သို့လာနေသော လက်နှိပ်ဓာတ်မီးရောင် ပို၍နီးကပ်လာသည်။ ထိုအခါမှ ကျွန်တော်ပြုံးပြီး တဲပေါ်သို့ တတ်လာခဲ့မိတော့၏။

ထိုဓာတ်မီးရောင်မှာ ဆင်အုပ်ပါလာကြောင်း သတင်းလာ ပို့သော ဆင်လုပ်သားတစ်ဦးပင်ဖြစ်ကြောင်း ကျွန်တော် သံသယမရှိ ယုံကြည်မိလေသည်။ ထို့ကြောင့် တဲပေါ်ပြန်တတ်ပြီး အမွေးဓာတ်ရရန် ကျက်အင်္ကျီတစ်ထည်ကိုဝတ်ကာ တဲနံရံတွင်ချိတ်ထားသော နှစ်လုံးပြူး သေနတ်ကို အဆင်သင့် ပြင်ထားလိုက်လေတော့၏။

* * *



"ဆရာ... ဆရာ"

"လာပြီဟေ့ ဆင်အုပ်ရလာခဲ့တယ် မဟုတ်လား"

ကျွန်တော့်စကားအဆုံး တစ်ဖက်မှအသံက ခေတ္တတိတ်ဆိတ် သွားသည်။ သေနတ်ကိုယူသွားသင့်၊ မယူသွားသင့် စဉ်းစားနေစဉ် မှောင်ရိပ်ထဲမှလူက တဲဝတွင်ရပ်လိုက်ရင်း

"ဆရာ ကြိုသိနေသလား"

ဟု တအံ့တသြမေးလေသည်။

"ငါ အသံတွေကြားနေရတာပဲကွ"

"ဪ"

ထိုအခါမှ ဆင်ဦးစီးတစ်ယောက်ဖြစ်သော မောင်မှုန်ရွှေဒိုးက ခေါင်းညိတ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com

ထိုအချိန်တွင် ဆင်ကျုံးဖက်မှ မီးရောင်များ ထိန်ထိန် ညီးနေပြီဖြစ်၏။

"ဘယ်နှယ့် အခေါ်ပြေခဲ့တယ်မဟုတ်လား ရွှေဒိုး"

"ပြေပါတယ် ဆရာ အခုပဲ ကျုံးမှာ မီးပိတ်နေပြီ ကျွန်တော် လာတုန်းကဆိုတော့ ခုလောက်ဆို ကျုံးတံခါးပိတ်ပြီးလောက် ရောပေါ့ ဒီတစ်ခါ အကောင်ပိုများတယ် ဆရာ ဈွယ်စုံတွေ ကြားထဲမှာ ဟိုင်းပေါက်တစ်ကောင်လည်း ထူးထူးခြား ခြားညပ်ပါလာတယ်"

မောင်ရွှေဒိုးစကားကြောင့် ကျွန်တော် အံ့ဩသွားမိသည်။ ဟိုင်းဆင်တို့မည်သည် ဈွယ်စုံမျိုးဖြစ်သော အမိ အဖတို့မှ မွေးသော်လည်း အစွယ်ရောက်လို့ အစွယ်မပေါက်ဘဲ ဟိုင်းဖြစ်နေသည်နှင့် နယ်သစ် ရှာရတော့သည်။ နို့မဟုတ်ပါက ဖခင်ရင်းဖြစ်သော ဈွယ်စုံကြီး ကိုယ်တိုင်က ရန်မူတတ်သောကြောင့်ပင်။

ဟိုင်းဆင်သည် အစွယ်မရှိသော်လည်း ခွန်အား အင်မ တန်ကြီးသည်။ အစွယ်မရှိတော့မဟုတ် သစ်ခေါက်ခွာစားရန် အစွယ် ငုတ်တိုကလေးတော့ ရှိတတ်၏။ သို့သော် ဟိုင်းတို့မည်သည် အစွယ်ကို အားမကိုးဘဲ နှာမောင်းကိုသာ အားကိုးတတ်၏။

အစွယ်ရောက်သော ဟိုင်းပျိုပေါက်တစ်ကောင်သည် ဈွယ်စုံ တို့ကြားထဲ မနေတတ်ချေ။ နေလည်းမနေနိုင်ချေ။ ယခု ဈွယ်စုံဆင်ရိုင်း



အုပ်များကြား ဟိုင်းဆင်တစ်ကောင် ပါလာသည်ဆိုခြင်းကို ကျွန်တော် မအံ့ဩဘဲ မနေနိုင်။

"ဒါနဲ့ လင့်စောင့်တာ မောင်သိုင်းတို့အဖွဲ့ မဟုတ်လား"

"ဟုတ်တယ် ဆရာ"

"ဒီတစ်ခေါက်ထွက်တာ မြန်တယ်နော် တစ်ပတ်တောင် မကြာဘူး၊ ငါ ငှက်ဖျားထတာနဲ့ မလိုက်ရတာကွာ၊ မင်းက ကျုံးတံခါးပိတ်တဲ့အထိ ဘာလို့မနေရတာလဲ"

"ဆင်အုပ်ကြီးက ဆရာ့ကို အမြန်သွားပြောချေဆိုလို့ပါ လင့်စောင့်တဲ့အဖွဲ့က စိတ်ချပါတယ်"

"ဦးဝေလုကပြောခိုင်းတာလား၊ ဟုတ်မယ် ငါ မလိုက်ရလို့ စိတ်မကြည်မလင် ကျန်ရစ်ခဲ့တာ သူအသိဘဲ၊ အင်းလေ မောင်သိုင်းတို့က စိတ်ချရပါတယ် စည်းကမ်းလည်း ရှိကြ တာပဲ"

ကျွန်တော်တစ်ယောက်တည်း ဝေဖန်သလို မေးမြန်းသလို ပြောဆိုနေမိ၏။ မောင်ရွှေဒိုးတို့အားလုံးမှာ ဆင်အုပ်ကြီးဖြစ်သော ဦးဝေလုကို ကျွန်တော်ထက်ပိုပြီး ကြောက်ရွံ့ကြသည်။ ဦးဝေလုမှာ ကျွန်တော်ထက် ရာထူး ဌာနန္တရနိမ့်သော်လည်း ဆင်ဆယ်ကောင်ဝိုင်း ငါးဝိုင်းကို အုပ်ချုပ်တွပ်ကဲရသော ဖါရင့်ဆင်လုပ်သားကြီးပင် ဖြစ်၏။ သူ့လက်အောက်တွင် ဆင်ခေါင်း၊ ဆင်ခေါင်းခွဲ၊ ဆင်ဦးစီး၊ ပဲချိတ်၊

www.burmeseclassic.com



စာပို့ပုံချိတ်နှင့် ထမင်းအိုးသုကြီး စသဖြင့်သော ဆင်လုပ်သားပေါင်းမှာ သူ့အမျိုးအစားနှင့်သူ အရေအတွက်အလိုက် အယောက်တစ်ရာခန့်ရှိ၏။ ဆင်ဆယ်ကောင်ဝိုင်းတစ်ဝိုင်းတွင်ပင် ဆင်လုပ်သားနှစ်ဆယ်ခန့် ထားရှိရ၏။

မောင်ရွှေဒိုးမှာ ဆင်ဦးစီးဆယ်ဦးအနက်မှ တစ်ဦးဖြစ်သည်။ လင့်ဆောင့်သော မောင်သိုင်းတို့အုပ်စုမှာလည်း တာဝန်မသေးလှ။ နွေမွန်းတည့်ချိန်မှာ သန်းခေါင်အထိ ဆင်ဖမ်းအဖွဲ့ပြန်မရောက်မချင်း ဆေးလိပ်မသောက်ရ၊ ကျင်ကြီး ကျင်ငယ်မဆိုထားနှင့် တံတွေးပင် မထွေးရတဲ့အထိ စည်းကမ်းရှိရသေးသည်။

"ဒီတစ်ခေါက် အကောင်ရေအတော်များသား ဆရာ၊ ကျုံးတစ်ခုလုံး သိမ့်သိမ့်တုန်လို့ပဲ"

"မင်းတို့ကော အစားအသောက် ချို့ချို့ငဲ့ငဲ့နဲ့ တစ်ပတ်နီးပါး ဆင်လိုက်ရတာ ပင်ပန်းလာမှာပဲ"

ကျွန်တော့်စကားအဆုံး မောင်ရွှေဒိုးက ပြုံးရုံကလေးပြုံးပြီး

"ပင်ပန်းတာတော့မပြောနဲ့ ဆရာ၊ အသက်တစ်ဝက်ရင်းထားရတာ စိတ်ရောလူရောပန်းတာပါဘဲ၊ ကျုံးရောက်လို့ ဆင်အုပ် ရဲလောင်းထဲ မဝင်မချင်းတော့ စိတ်မလျှော့ရဲသေးဘူး၊ ကျုံးပတ်လည်မီးဝိုင်းမှ ဆင်တွေလည်း စိတ်ခတ်ကျ၊ ကျွန်တော်တို့လည်း စိတ်နှလုံးဒုန်းဒုန်းချနိုင်တော့တာ"



ဟု ပြန်ပြောလေသည်။

ကျွန်တော်တို့နှစ်ယောက် စကားစမြည်ပြောနေစဉ် တဲဆီသို့ တဖုတ်ဖုတ်ပြေးလာသော ခြေသံကို ကြားလိုက်ရ၏။

"ဆရာ… ဆရာ ကိုရွှေဒိုး"

"ဟေ့ ဘယ်သူတုံးကွ"

"ဆရာတို့မရှိဘူးအောက်မေ့လို့ မှောင်လိုက်တာ မည်းလို့ပါလား"

"သြော် မောင်လုံး ဘာလဲကွ"

မောင်လုံးမှာ ကျွန်တော်တို့အနီး ရောက်သည်အထိ အသက်ရှူမမှန်သေး။

"ကျုံးမှာ အခြေအနေမကောင်းဘူး ဆရာ၊ ဟိုင်းဆင်ပေါက်တအားသောင်းကျန်းနေတယ်။ အဲဒါ ကိုရွှေဒိုး အမြန်လိုက်ခဲ့ပါတဲ့၊ တော်ကြာ ကျုံးထုတ်ရင် တိုက်ကြခိုက်ကြနဲ့ တစ်ကောင်မှ အကောင်းရမှာမဟုတ်ဘူး"

မောင်လုံးစကားအဆုံး ကျွန်တော်နှင့် မောင်ရွှေဒိုးမှာ တစ်ယောက်မျက်နှာတစ်ယောက် ကြိုတိုင်ပင်ထားသကဲ့သို့ ဖျပ်ခနဲ လှမ်းကြည့်မိကြပြီး နေရာမှ ဖြိုင်တူထရပ်လိုက်မိ၏။

ကျွန်တော့်လက်က နှလုံးပြူးသေနတ်ဆီသို့ အလိုလိုရောက်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို ငါတို့ အမြန်လိုက်မှဖြစ်မယ် ရွှေဒိုး"

မောင်ရွှေဒိုးမှာ ကျွန်တော့်စကားကို တစ်စုံတစ်ရာ မတုံ့ပြန်ဘဲ မောင်လုံးဖက်သို့လှည့်ကာ

"ဟိုင်းကောင်လေးရော ရှိရဲ့မဟုတ်လား"

ဟု မေးလိုက်၏။ မောင်လုံးက ရှေ့မှခပ်သုတ် သုတ်သွားရင်း ခေါင်းညိတ်ပြ၏။

သူလည်း နှစ်လုံးပြူးသေနတ်ကိုလွယ်ကာ ခပ်သုတ်သုတ် လိုက်လာမိသည်။ ဖျားချင်နာချင်နေသော စိတ်တို့ပင် ဘယ်ဆီထွက်ပြေးကုန်ပြီမသိတော့ချေ။

ဆင်ကျုံးမှ မီးပုံများကို သဲသဲကွဲကွဲလှမ်းမြင်နိုင်လောက်သော အချိန်တွင် ဆင်အော်သံများကိုလည်း တကျည်ကျည်ကြားနေရလေသည်။

မောင်လုံးပြောသလိုပင် ဆင်များမှာ တိုးကြဧည့်ကြ၊ အောင်ကြနှင့် သူတို့၏ခန္ဓာကိုယ်နှင့် တွန်းတိုက်နေသောကြောင့် ကျုံးတစ်ခုလုံး သိမ့်သိမ့်တုန်ကာ ကျွန်တော်ပင် အဝေးမှကြည့်ရင်း စိတ်လှုပ်ရှားသွားမိတော့သည်။

စွယ်စုံဆင်များကြားတွင် ဟိုင်းဆင်ပေါက်မှာ မည်မျှသောင်းကျန်းနေပြီမသိ။

သူလွယ်ထားသော သေနတ်ကို တင်းခနဲဆုပ်လိုက်မိသည်၊



မောင်ရွှေဒိုးက သူ့ဘက်ကိုလှည့်ကြည့်ရင်း

"ကျွန်တော့်ကို ဆင်အုပ်ကြီးတော့ ဆူတော့မှာပဲ"

ဟု သွားရင်းပြောလိုက်လေ၏။

"ဘာဖြစ်လို့လဲ"

"ဟိုင်းဆင်ပါလာရင် ဒီလိုပဲဖြစ်မယ်ဆိုတာ သိတယ်လေ ဆရာက နေကောင်းသေးတာမဟုတ်တော့ မနက်ဖြန် ကျုံးထုတ်၊ ပခက်စင်သွင်းပြီးမှ လိုက်ကြည့်ဖို့ခေါ်ရမယ်လို့ မှာထားတာ၊ ရုတ်တရက်ဆိုတော့ ကျွန်တော် ဆရာ့ကို တားဖို့ သတိမရလိုက်ဘူး"

"ရပါတယ် ကိစ္စမရှိပါဘူး ငါလည်းနေ ကောင်းသွားပါပြီ၊ ပြီးတော့ ဟိုင်းဆင် အရမ်းသောင်းကျန်းနေရင် သုံးလို့ရအောင် သေနတ်လည်း ယူလာခဲ့တယ်"

ကျွန်တော့်စကားအဆုံး မောင်ရွှေဒိုးက နှစ်လုံးပြူးသေနတ်ကိုကြည့်ပြီး ပြုံးရုံသာပြုံးနေလေတော့၏။

* * *

www.burmeseclassic.com

www.burmeseclassic.com



ဆင်ကျုံးနှင့် နီးကပ်လာလေလေ အသံဗလံများမှာ ပို၍ဆူညံလာလေလေပင်ဖြစ်၏။ ကျွန်တော်နေသော တဲဝိုင်းနှင့် ယခု ဆင်ရိုင်းကျုံးမှာ အတော်လေးလှမ်း၏။

ကျွန်တော့်တဲမှပင် ဝရန်းသုန်းကား ဆူညံသံများကို ကြားနေရရာ အနီးရောက်သည်နှင့် ဆိုဖွယ်ရာမရှိတော့ချေ။ ကျွန်တော် အလွန်စိုးရိမ်သွားမိသည်။ သေနတ်ဒင်ကိုပင် ခပ်တင်းတင်း ဆုပ်ထားလိုက်မိသေးသည်။

"ကျည်"

စူးစူးရှားရှား အော်ဟစ်လိုက်သော ဆင်ကြီးတစ်ကောင်၏ အော်သံကို ကြားလိုက်ရသည်။ ရုတ်ရုတ်သဲသဲအသံတွေ အနည်းငယ် ငြိမ်သွားသလိုရှိ၏။



"အဆင်ပြေသွားပြီလား"

ကျွန်တော်နှင့်အနီးဆုံးမှာ တွေ့လိုက်ရသော ဆင်လုပ်သားလေးတစ်ယောက်ကို မေးလိုက်သည်။ ထိုသူငယ်မှာ မောင်ကြွက်နီပင်ဖြစ်၏။

"ဗျာ ဆရာ တော်သေးတာပေါ့ အားလုံး သေကုန်တော့မလို့၊ ဆရာရဲ့ ဆင်ပေါက်ကလေးတွေက ဆင်ကြီးတွေအောက် အတင်းဝင်၊ ဒီကြားထဲ ဟိုင်းဆင်နဲ့ စွယ်စုံကြီးတွေနဲ့ တိုက်ကြ ခိုက်ကြနဲ့ ဆင်မကြီးတွေကလည်း သားဖောက်ပြီး ဆင်ကြီးတွေကို အုပ်လိုက်တိုက်ကြတာ၊ ကျုံးဘေးမျှောတန်းကြားကနေ ချိတ်နဲ့ ဝင်ချည်ရတာ လွယ်တာမဟုတ်ဘူး၊ အကုန်ချည်လို့ရတာတောင် ဟိုင်းဆင်ပေါက်ကို ထိန်းမရလို့"

"ဒါနဲ့ အဆင်ပြေလား"

ကျွန်တော် နောက်တစ်ခွန်းထပ်မေးလိုက်သည်။ မောင်ကြွက်နီက ဆင်ကျုံးဖက် မျက်နှာမူထားရာမှ တစ်ချက်လှည့်ကြည့်ရင်း

"ဆင်ကျုံးပေါ်တက်ပြီး ဟောဟိုက ကန့်လန့်တင်ထားတဲ့ မျှောတိုင်ကနေ ဆင်တွေလည်ပင်းကို ကြိုးနဲ့စွပ်မိအောင် လုပ်ရတာ တော်တော်အန္တရာယ်များတာ ဆရာ၊ ကျုံးထဲလိမ့်ကျရင် လူစင်စစ်ကနေ ယပ်တောင်ဖြစ်သွားမလားဘဲ၊ ကျွန်တော်တော့ ပြောရင်းကြက်သီးတောင်ထတယ်"

www.burmeseclassic.com

www.burmeseclassic.com



ဟု ကျွန်တော်မေးသည့်စကား လိုရင်းမရောက်ဘဲ လျှာကြော ရှည်နေလေရာ မောင်ရွှေဒိုးပင် နားထောင်ရင်း ဒေါသထွက်လာပုံရ၏။

သူ၏လက်ဝါးကြမ်းကြီးနှင့် ကြွက်နီ၏နားရင်းကို ဖြောင်း ခနဲရိုက်လိုက်ကာ

"တော်တော်လျှာရှည်တဲ့ မိကျောင်းသား၊ မင်းကို ဆရာ မေးနေတာကတခြား ဘာတွေလျှောက်ပြောနေတာလဲ"

ဟု ငေါက်ငမ်းပစ်လိုက်လေ၏။ ထိုအခါမှ ကြွက်နီမှာ တုန်တုန်လှုပ်လှုပ်ပုံစံနှင့်

"ဟုတ်ပါတယ် ခင်ဗျာ ကျွန်တော် ဆရာမေးတာ ပြောမ လို့ပါပဲ ပြည့်ပြည့်စုံစုံသိရအောင်"

ဟု ဆက်ပြောနေသေးသောကြောင့် ကျွန်တော်ကပင် လက်ကာပြလိုက်ရလေတော့သည်။ ထိုစဉ် ဆင်အုပ်ကြီး ဦးဝေလု ထွက်လာ၏။ ကျွန်တော့်ကို မြင်သွားသောအခါ တအံ့တဩနှင့်

"ဟော ဆရာပါ လိုက်လာသကိုး"

ဟု အော်ပြောလိုက်လေသည်။

"ဟုတ်တယ် ဒါနဲ့ ဟိုင်းဆင်ပေါက်တစ်ကောင် ညပ်ပါ လာတာ အတော်လေးသောင်းကျန်းနေတယ်ဆိုလို့"

"ဟုတ်တယ်ဆရာ စွယ်စုံတွေနဲ့ တိုက်ကြခိုက်ကြဖြစ်ကုန် တာ၊ ဟိုကအုပ်လိုက် သူပဲနာမှာ၊ ဒါပေမယ့် ဟိုင်းပေါက်က



သတ္တိလည်းကောင်း တိုက်ရေးခိုက်ရေးလည်း မညံ့ဘူး ဆရာ၊ ဧကန္တ ဒီကောင်ကြီးသာ အပြင်လွတ်လွတ်လပ်လပ် ဆိုရင် သူ့အုပ်စုမှာ ဘုရင်ဖြစ်နိုင်တယ်"

"တယ်ဟုတ်ပါလား ဆင်အုပ်ကြီး"

"ကျုပ် သူ့ကြန်အင်ကြည့်ပြီးပြီ အတော်ကောင်းတယ် ပြစ်ချက်မရှိဘူး"

"နို့ နေပါဦး သူအတော် သောင်းကျန်းနေတယ်ဆို"

"ဒါကတော့ ဆရာရယ် ခုမှ ကျုံးသွင်းခံရခါစ ဘယ်မာန် လျှော့လိမ့်မတုန်း"

"အခုကော ဘယ်လိုစီရင်လိုက်တုန်း၊ ဒီမှာ ကျုပ် သေနတ် တောင် ယူလာတာ"

"သေနတ်သုံးစရာမလိုတော့ပါဘူး ဆရာ၊ ထူးမောင် ထိန်း လိုက်လို့ အဆင်ပြေသွားပါပြီ"

"ဪ"

ထူးမောင် ထိန်းလိုက်ပြီဆိုသောကြောင့် ကျွန်တော် စိတ်ကျေ နပ်စွာ ခေါင်းတစ်ချက်ညိတ်လိုက်မိ၏။

စိတ်ချလက်ချလည်း ဖြစ်သွားရလေသည်။

ထူးမောင်ဟူသော အမည်ကိုကြားလိုက်သည်နှင့် အသားညို ညိုမွဲမွဲ အရပ်မြင့်မြင့်၊ လူကောင်ထွားထွားကြီးနှင့် အသက်နှစ်ဆယ်

www.burmeseclassic.com



သာရှိသေးသည့် လူငယ်ကလေးကို ဆင်စခန်းတစ်ခုလုံး ထင်းခနဲ မြင်ယောင်ကြမှာမလွဲပင်။

ထူးမောင်မှာ အမည်နှင့်လိုက်အောင် ထူးပါပေသည်။ အသက်အရွယ်နှင့်မလိုက် တုတ်ခိုင်သန်မာသော ခန္ဓာကိုယ်၊ မြင့်မားသောအရပ်နှင့် ဗမာများထဲတွင် ထင်းခနဲနေအောင် ထွားမားလှသော ထူးမောင်ကို ကျွန်တော် စတင်မြင်တွေ့ကတည်းက အံ့သြတကြီးဖြစ်ခဲ့ရသည်။

စခန်းသို့စရောက်စဉ်က အဖြစ်အပျက်တို့ကိုလည်း သတိရလာစေတော့သည်။

* * *



ကျွန်တော် ဘုံဘေဘားမားကုမ္ပဏီ သစ်ထုတ်လုပ်ရေးတွင် စာရေးအဖြစ် ဝင်ရောက်လုပ်ကိုင်ပြီး နှစ်အတော်လေးကြာမှ ဆင်စခန်းသို့ လက်ထောက်မန်နေဂျာအဖြစ် တာဝန်ထမ်းဆောင်ခွင့်ရခဲ့ခြင်းဖြစ်သည်။

ထိုရာထူးထက် ဆင်စခန်းသို့ အုပ်ချုပ်ရန်သွားရမည့်အတွက် အလွန်စိတ်လှုပ်ရှားနေမိ၏။

မိသားစုနှင့် တကွဲတပြားဖြစ်ရမည့်အတွက် အတန်ငယ် စိတ်မကောင်းဖြစ်မိသည်မှလွဲ၍ ကျွန်တော့်အတွက် စိတ်ဝင်စားစရာ ခရီးစဉ်တစ်ခုဖြစ်ခဲ့သည်။ မြို့နှင့်အလွန်ကွာဝေးပြီး သွားရေးလာရေး ခက်ခဲသောတောထဲရှိ အရာရှိစခန်းသို့ မလိုက်နိုင်ရှာသော ကျွန်တော့်ဇနီးနှင့် သမီးကလေးနှစ်ယောက်မှာ ကျွန်တော့်မိဘအိမ်တွင်သာ နေရစ်ရှာ၏။

ကျွန်တော် ဆင်စခန်းသို့လာခါနီး လုပ်ဖော်ကိုင်ဖက် မိတ်ဆွေ

www.burmeseclassic.com



များ၊ အရာရှိငယ်များနှင့် နှုတ်ဆက်ပွဲလေးလုပ်ဖြစ်သောအခါ၊ ကျွန်တော့်မိတ်ဆွေ ဦးအောင်စိုးမှ

"သတိတော့ထား ကိုကျော်ထိုက်၊ တောထဲမှာ ဆင်သမားဆိုတာ တော်ရုံလူတွေမဟုတ်ဘူး၊ ဆင်ကိုတောင် ကောင်းကောင်းကွပ်ညှပ်နိုင်တယ်ဆိုတော့ စိတ်ကြမ်းလူကြမ်း သတ္တိကောင်းသလို မိုက်လည်းမိုက်ဝံ့ကြတယ်၊ အဲဒီလိုလူတွေကို အုပ်ချုပ်ဖို့က သိပ်တော့မလွယ်လှဘူး၊ သူတို့လည်း သားတကွဲမယားတကွဲနဲ့ ဘဝကို ဒီမှာနှစ်ထားတာဗျ၊ ဒီတော့ အသောက်အစားလည်း တစ်ယောက်မှ မကင်းသလောက်ပဲ၊ ခင်ဗျားသဘောကောင်းပုံ၊ အေးဆေးပုံနဲ့တော့ ကျွန်တော် စိုးရိမ်မိသေးတယ်"

ဟု စနောက်သလိုလို အတည်လိုလိုဖြင့် မှာဖူးသည်ကို အမှတ်ရမိ၏။ ကျွန်တော့်ဇနီးမယဉ်မေကမူ

"ဘာပဲဖြစ်ဖြစ် ကိုယ့်ကျန်းမာရေးတော့ ဂရုစိုက်နော်၊ တောထဲပြန်သွားရင် ငှက်ဖျားက တစ်ချိန်မဟုတ်တစ်ချိန် ဒုက္ခပေးလာမှာပဲ၊ ဟိုမှာ ဆရာဝန်မရှိ ဆေးရုံဆေးခန်းမရှိနဲ့ သိပ်စိုးရိမ်ဖို့ကောင်းတယ်၊ ဆင်စခန်းမှာ ဆင်တွေကိုသာ အဓိက အာရုံစိုက် ဂရုပြုကြတာမဟုတ်လား၊ ကိုယ့်ကိုယ်ကို ဘယ်သူမှအရိပ်လို လိုက်ကြည့်မှာမဟုတ်ဘူး၊ ဥစ္စာက်စောင့် အသက်



ဥာဏ်စောင့်သတဲ့ မပေါ့ဆနဲ့နော်"

ဟုသာ စိုးရိမ်တကြီး မှာလိုက်လေသည်။

မည်သို့ဆိုစေ သူအစစအရာရာ သတိထားခဲ့သည်။ မိမိမှာသစ်ထုတ်လုပ်ရေးလုပ်ငန်းနှင့်ပတ်သတ်၍ လုပ်သက်အရ မစိမ်းတော့ပြီဖြစ်သောကြောင့် သိပ်ပြီးပူပန်စိုးရိမ်ခြင်း မရှိခဲ့ချေ။

သို့သော် မြို့မှမိတ်ဆွေများ သတိပေးလိုက်သည်မှာ သမန်ကာလျှံကာ ကိစ္စမဟုတ်ကြောင်း ကျွန်တော် ကောင်းစွာ နားလည်သဘောပေါက်သည့်နေ့မှာပင် အလွန်ထူးထူးဆန်းဆန်းနိုင်လှသော ထူးမောင်နှင့်စတင်တွေ့ဆုံခဲ့ရခြင်းဖြစ်၏။

ထူးမောင်နှင့် တွေ့ဆုံသည်ဆိုရာ၌ ကောင်းသောတွေ့ဆုံခြင်းမျိုးတော့ မဟုတ်ပါချေ။

ကျွန်တော်စရောက်ရောက်ပြီး နောက်တစ်နေ့တွင် ဆင်ဝိုင်းအားလုံးမှ ဆင်လုပ်သားများနှင့် လုပ်သားဆင်များကို စစ်ဆေးကြည့်ရှုရန် ဆင်အုပ်ကြီးအား အသိပေးလိုက်၏။ ဆင်စခန်းရှိ ကွင်းပြင်ကျယ်ကြီးတွင် ဆင်ဦးစီးများမှာ မိမိတို့ဆင်ကြီးများကိုယ်စီ နောက်လိုက်လုံကိုင်၊ ပဲ့ချိတ်မကျန် အားလုံးရောက်လာကြ၏။

ကျွန်တော် စာရင်းစာရွက်ကို နောက်တစ်ကြိမ် ဖြန့်ဖတ်ကြည့်လိုက်သည်။ ရုတ်တရက်သော် အကောင်ပေါင်းမြောက်များစွာသောဆင်တို့ကိုကြည့်ကာ စုံသလိုလိုရှိ၏။ အသေအချာပြန်ကြည့်သောအခါမှ

www.burmeseclassic.com

www.burmeseclassic.com



ဆင်မှတ်ပုံတင်စာရင်းတွင် အသက်နှစ်ဆယ်ကျော်အရွယ် စွယ်စုံဆင် 'ဆိုးပုံ'ဟူသော ဆင်တစ်ကောင်ပျောက်နေကြောင်း သတိထားလိုက်မိ၏။

ဆင်စစ်ရာတွင် ဆင်အုပ်ကြီးက ကျွန်တော့်ကို ဆင်များ စခန်းတွင် မည်သို့သုံးပုံကို သေသေချာချာ ရှင်းပြ၏။

ကျွန်တော် အာရုံမစိုက်နိုင်။ နာမည်က 'ဆိုးပုံ' ဟုခေါ်ပြီး စာရိတ္တနေရာတွင် ဉာဉ်ဆိုးဟုဖော်ပြထားသော သစ်ဆွဲကောင်း ပထမတန်းစား ဆင်ကြီးကို မတွေ့ရခြင်းအတွက် စိတ်ထဲ သာမာန်မျှသဘော မထားနိုင်ဘဲ ရှိလေသည်။

ပထမဆုံးအကြိမ်ဖြစ်သောကြောင့် ကျွန်တော့်ကို တလေးတစား လာတွေ့စေချင်သည်။

"ဆင်အုပ်ကြီး"

"ဗျာ ဆရာ၊ ပြောပါ"

"ဒီစာရင်းအရ 'ဆိုးပုံ'ဆိုတဲ့ စွယ်စုံပေါက်လေး ပျောက်နေတယ် မတွေ့ပါလား"

ကျွန်တော့်စကားအဆုံး ဆင်အုပ်ကြီးနှင့်အတူ အနီးရှိ ဆင်ခေါင်းများပါ မျက်စိမျက်နှာပျက်သွားကြသည်ကို သတိထားလိုက်မိ၏။

"ဆိုးပုံက လုပ်သားဆင်ပေါက်ကြီးဆရာ၊ သစ်သုံးတန်အထိ



ကောင်းကောင်းဆွဲနိုင်တယ်၊ တောင်ပိုင်းမှာ ပထမတန်းစား (ခ)အဆင့်ရှိတယ်၊ ဒါပေမယ့် ဒီကောင်က ဉာဉ်ဆိုးတယ် ဆရာ၊ တစ်လက်ကိုင်ပဲ တောင်ကိုင်ကျွမ်းပြီး အသက်ရလာလေလေ ပိုထက်မြက်လာလေလေမို့ အားကိုးရတဲ့ ဆင်ကြီးပါ"

ဦးဝေလုဘေးတွင် ရပ်နေသော ဆင်ခေါင်း တစ်ယောက်က ဝင်ပြောခြင်းဖြစ်သည်။

"ဒါထက် ကျွန်တော်မေးတာ 'ဆိုးပုံ'အကြောင်း မဟုတ်ပါဘူး၊ 'ဆိုးပုံ'ကို မတွေ့လို့ပါ၊ သူ ဘာလို့ လာအစစ်မခံသလဲ"

ထိုသို့ ခပ်ထန်ထန်ပြောလိုက်မှ ဦးဝေလုမှာ လှုပ်လှုပ်ရှားရှား ဖြစ်သွားပြီး

"ဆိုး... ဆိုးပုံက ဒီလိုမျိုး အုပ်လိုက်ထဲလာပြီး အစစ်ခံလေ့မရှိဘူး ဆရာ၊ ဒီကောင်က နည်းနည်းရန့်လိုတယ်"

ဟု ကပျာကယာပြန်ပြောလေသည်။

"ဒါဆို သူ့ဦးစီးတော့ ရှိမှာပေါ့ ဘယ်မလဲ"

ကျွန်တော့်စကားအဆုံး ဦးဝေလုမှာ မည်သို့မျှ မတတ်သာသည့်ပုံစံနှင့် သက်ပြင်းတစ်ချက်ရှိုက်လိုက်လေသည်။ ၎င်းနောက် အသိရခက်သောအပြုံးမျိုးပြုံးကာ

www.burmeseclassic.com

www.burmeseclassic.com



"ဆိုးဝုံကိုစီးတဲ့ ဦးစီးကလည်း 'ဆိုးပုံ'အတိုင်းပါပဲဆရာ
သခင်သစ်ဆို တော်ရုံနဲ့ မလိုလားတတ်ဘူး၊ တခြားဆင်လုပ်
သားတွေနဲ့မတူလို့ ဆရာအနေနဲ့ သတိထားပြီးဆက်ဆံပါ"

ဟု ပြောလေသည်။ ဦးဝေလုစကားကြောင့် ကျွန်တော် အတန်ကြာ အံ့သြမင်တက်သွားပါသည်။

"ဘယ်လိုပြောလိုက်တယ် ဦးဝေလု၊ ဒီ ဆင်ဦးစီးက ကျုပ်ကို
မလိုလားလို့ လာမတွေ့နိုင်ဘူး ဟုတ်လား"

"ဒီသဘောနဲ့ ပြောတာမဟုတ်ပါဘူးဆရာ၊ ထူးမောင်က
ဆင်ဦးစီးကောင်းတစ်ယောက်ပါ၊ အထက်လူကြီးကို မရိုသေ
မလေးစားတာမျိုး မဟုတ်ဘဲ သူ့ဂုဏ်ဇာတိကို ဒီလိုပဲနေတတ်တဲ့
လူမို့ပါ"

ကျွန်တော်ဘာမှ မပြောဖြစ်တော့။ ခေါင်းတစ်ချက်ညိတ်ကာ ထိုနေရာမှ လှည့်ထွက်လာခဲ့သည်။

တဲသို့ပြန်ရောက်သောအခါ ဆင်ဝိုင်းတစ်ခုချင်းစီမှ ဆင်လုပ်သားများ၏ ကိုယ်ရေးရာဇဝင်ဖိုင်ကို အလောတကြီး လှန်လှောရှာဖွေမိ၏။

တွေ့ပါပြီ။ ထူးမောင်၊ အသက် ဆယ့်ရှစ်နှစ်ကျော် ဆယ့်ကိုးနှစ်သာရှိသော လူငယ်ကလေး၊ သူ့ရဲ့ အရပ်အမောင်း ကိုယ်အလေးချိန်ကတော့ သာမာန်လူတွေရဲ့ နှစ်ဆမျှရှိ၏။



စခန်းတွင် အသက်အငယ်ဆုံးဖြစ်သော်လည်း အသက်ဆယ့်နှစ်,နှစ် ဆယ့်သုံးနှစ်ကတည်းက ဆင်တွေနှင့် ကျွမ်းဝင်ယဉ်ပါးခဲ့သည်ဟု မှတ်တမ်းတွင် ဖော်ပြထားသည်။

အံ့သြခြင်းနှင့်အတူ နှစ်သက်မြတ်နိုးခြင်းစိတ်က ထူးမောင်ဟူသော စည်းကမ်းမလိုက်နာသည့် ဆင်ဦးစီးအပေါ် ဖြစ်တည်လာ၏။

ထို့နောက် ကျွန်တော် ခေါင်းတဆတ်ဆတ်ညိတ်ရင်း စိတ်ကျေနပ်စွာပြုံးလိုက်မိသည်။

ထူးမောင်နှင့်'ဆိုးပုံ'ဟူသော စွယ်စုံကြီးကိုလည်း တွေ့ချင်မြင်ချင်စိတ်များ တဖွားဖွားပေါ်လာတော့၏။

* * *

www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်နေ့ မနက်စောစောတွင် ဆင်များကို ရေချပြီးပြန်လာသည့် အသံများကို ကြားနေရ၏။

မနက်စောစောပြီးသည်နှင့် ဆင်ခေါင်း မောင်ကြိုင်အဖွဲ့ထဲမှ စွယ်စုံဆင်ပေါက်ကြီး ဆိုးပုံရှိရာသို့ တစ်ဆင့်ပြီးတစ်ဆင့် မေးမြန်းစုံစမ်းရန် ထွက်လာခဲ့သည်။

"ဆိုးပုံ ဘယ်နားမှာလဲ"

မောင်ကြိုင့်အဖွဲ့မှ ဆင်လုပ်သားတစ်ဦးက ကျွန်တော့်ကို နားမလည်သလို ပြုံးကြောင်ကြောင် ပြန်ကြည့်နေ၏။ ခဏနေမှ

"ဟိုဖက်မှာ ထူးခတ်ထားတယ် ခင်ဗျ"

ဟု ရိုရိုသေသေပြန်ပြောသောကြောင့် ကျွန်တော် စိတ်ချကျေနပ်စွာ ဆက်လျှောက်လာခဲ့သည်။ ဆင်လုပ်သားဘက်သို့ ကျွန်တော့်ကို ဇဝေဇဝါနှင့် လှမ်းကြည့်နေဆဲပင်ဖြစ်ကြောင်း တွေ့လိုက်ရ၏။



ကျွန်တော် ခပ်တွေတွေ ရှူးစိုက်လှည့်ကြည့်လိုက်စဉ်မှာပင် သူမျက်နှာလွှဲသွားလေတော့၏။

ကျွန်တော့်စိတ်ထဲ ထင့်ခနဲ ဖြစ်သွားသလိုရှိသည်။ ထို့နောက် ဆားသီသို့ တစ်ချက်ငဲ့ကြည့်ရင်း ကျွန်တော် ဆက်လျှောက်လာခဲ့တော့သည်။

"ကျည်"

ရှူးရှူးရှရှ အော်လိုက်သောအသံကြောင့် ကျွန်တော် ခြေစုံရပ်ပြီး အသံလာရာဆီသို့ လှမ်းကြည့်လိုက်မိ၏။

တခြားဆင်များလို မြေတွင်ငုတ်ရိုက်ချည်ထားခြင်းမဟုတ်ဘဲ ရှေ့လက်နှင့်နောက်ခြေတို့ကို ကြက်ခြေခတ်သဏ္ဌာန် ထူးခတ်ခြင်း ခံထားရသော စွယ်စုံကြီးတစ်ကောင်ကို တွေ့လိုက်ရသည်။

"ကျည်"

နောက်စပ်မြည်သံ ကျယ်ကျယ်လောင်လောင်ပြုပြီး သူ့နောက်သို့ ပြေးလိုက်ရန် အရှိန်ယူနေသည်ကို တွေ့ရပြန်၏။ စွယ်စုံဆင်ပေါက်မှာ ကျွန်တော့်ကို ရန်လိုနေပုံပေါက်ပါသည်။ ထိုနေရာတွင် ကျွန်တော် ဆက်ပြီး မနေသင့်တော့မှန်းသိသော်လည်း ထွက်ပြေးရန်ဖြင့် စိတ်ကူး မရှိပါချေ။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် ကျွန်တော့်နောက်တွင် ဘယ်အချိန်က ရောက်လာ မှန်းမသိသော ဆင်အုပ်ကြီး ဦးဝေလုက

"ဆိုးပုံဆိုတာ အဲဒီဆင်ပေါက်ပဲ ဆရာ"

ဟု ပြောလိုက်မှ ကျွန်တော် အံ့သြတွေဝေသွားမိတော့၏။ ကျွန်တော် ခေါင်းတစ်ချက်ညိတ်ပြလိုက်သည်။

"ကြည့်ရတာ ကျွန်တော့်ကို စချင်နေတယ်ထင်ရဲ့"

ကျွန်တော့်စကားအဆုံး ဆင်အုပ်ကြီးက ပြုံးရင်း ခေါင်းကို ဖြည်းညင်းစွာ ခါရမ်း၏။

"မဟုတ်သေးဘူး ဆရာ၊ ဒီလိုလုပ်တဲ့အကျင့် ဆိုးပုံမှာမရှိ ဘူး၊ ကြည့်ရတာ အန္တရာယ်ပြုဖို့ထင်တယ်၊ ဟိုဖက်သွားကြ ပါစို့"

ဟု ခေါ်လေသည်။

"ဘယ်နှယ့် ဒီလောက်တောင် ဆိုးသလားဗျာ၊ ဒါဖြင့် ဒီနားက တခြားဆင်တွေလူတွေ အနေရခက်ကုန်ပြီပေါ့"

"ဒီလိုတော့လည်း မဟုတ်ဘူး ဆရာ၊ ဒီကောင်ကြီးက သူ့သခင်ထူးမောင်လိုပဲ တစ်ခါတစ်ခါ မွေဖောက်တယ် ဆုံးမလို့လည်းမရဘူး"

ဆင်အုပ်ကြီးကပင် စိတ်ပျက်အားလျော့သလို ပြောလိုက်သော ကြောင့် ကျွန်တော် 'ဆိုးပုံ' ကို အတော်ကလေး ရှိန်သွားမိပါသည်။



သို့သော် ဆင်ဆိုး၊ ဆင်ရိုင်းမှန်သမျှ ဦးစီးက သွန်သင်ဆုံးမမှ လုပ်ငန်းခွင်သုံး ပထမတန်းစားဆင်ဖြစ်လာမည်ကို သူ ကောင်းစွာနား လည်၏။

'ဆိုးပုံ' တွင် ဉာဉ်ကောင်းကလေးတစ်ချက်တော့ ရှိ[illegible]ည်ဟု ကျွန်တော် ကျိန်းသေတွက်ထားလိုက်မိသည်။

"လာပါဆရာ နောက်နေ့မှ ဒီကောင်ကြီးကို ကြည့်ပြီး စီစဉ်ကြတာပေါ့"

"ဟုတ်တယ် ဒီကောင့်ကို ဆုံးမရမယ် ကျွန်တော့်လက်နဲ့ မှတ်လောက်အောင် ဆုံးမပစ်မယ်"

ကျွန်တော့်စိတ်ကူးထဲရှိသည့်အတိုင်း ပြောချလိုက်ပြီး ထိုနေ ရာမှထွက်ရန် ဟန်ပြင်လိုက်သောအခါ 'ဆိုးပုံ' ထံမှ ကျည်ခနဲအော်လိုက် သံကို ကြားလိုက်ရလေတော့သည်။ ကျွန်တော် အလွန်စိတ်လှုပ်ရှား နေမိသည်။

"ဆရာ ဆိုးပုံတော့ ကျုံးထဲရောက်နေပြီ"

ဟု ဆင်ဦးစီးမောင်ရွှေဒိုးက လာပြောပါသည်။ ထိုစဉ် မောင်လုံးမှာ ကပျာကယာပြေးချလာပြီး

"ဆိုးပုံကြီးကို ဘာလုပ်ကြမလို့လဲ ဆရာ၊ ထူးတန်းလန်းနဲ့ ကျုံးထဲမှာ သောင်းကျန်းနေတယ်၊ အသားလွတ် ကျုံးထဲ ဆည့်ပိတ်ခံထားရလို့ အတော်ဒေါသထွက်နေ[illegible]"

www.burmeseclassic.com

www.burmeseclassic.com



ဟု လာပြောရှာပါသည်။ ဆင်အုပ်ကြီး ဦးဝေလုလည်း ရောက်လာပါသည်။ ကျွန်တော့်လက်ထဲမှ တိုက်လက်စသေနတ်ကို ထားပစ်ခဲ့ပြီး ကြာပွတ်ရှည်ကြီးတစ်ချောင်းတည်းနှင့်လိုက်ရန် စိတ်ကူးထားသော်လည်း ရုတ်တရက် ကျုံးဘက်ဆီမှ 'ဆိုးပုံ'၏အော်သံ ဟု ယူဆရသော ကျည်ခနဲအော်သံကို ကြားလိုက်ရသည့်အခါ သေနတ်ကို ကောက်လွယ်ရင်း တဲမှ ခပ်သုတ်သုတ်ထွက်လာခဲ့မိ၏။

ဆင်စခန်းရှိ ဆင်သမားများမှာ ကျွန်တော်နှင့်ဆိုးပုံအား ပွဲတစ်ပွဲကိုစောင့်ကြည့်သလို ကြည့်ကြရန် ကျုံးတွင် ရောက်နေကြ ကြောင်း သတိထားလိုက်မိသည်။

ဆိုးပုံမှာ ကျုံးထဲတွင် နှာမောင်းတမြှောက်မြှောက်နှင့် အရုပ်လေးမျက်နှာ လှည့်ပတ်ကာ အော်ဟစ်လျှက်ရှိပါသည်။

ကျွန်တော့်ကိုမြင်သွားသောအခါ နှာမောင်းနှင့် ကျုံးတိုင်များကို လွှဲရိုက်ပြီး ဒေါသထွက်နေပုံ လုပ်ပြ၏။ ကျွန်တော့်လက်ထဲတွင် ကြာပွတ်ကို တင်းတင်းကြပ်ကြပ် ဆုပ်ကိုင်ထားလိုက်ပြီး 'ဆိုးပုံ'အား ဆုံးမရန် အသင့်အနေအထား နေရာယူထားလိုက်သည်။

"ကျည်"

ဆိုးပုံ၏တင်ပါးပိုင်းကို အဆက်မပြတ် လွှဲရိုက်လိုက်သော ကြာပွတ်သံများအဆုံး 'ဆိုးပုံ'နှုတ်မှ ကျယ်လောင်သော အော်ဟစ်သံ ကြီးထွက်လာသည်။ ဆင်သမားများအားလုံး နောက်ကိုတွန့်ခနဲ ဖြစ်သွား



ကြ၏။

ကျွန်တော် အချက်ပေါင်းများစွာ လွှဲရိုက်နေမိသည်။ ကြာပွတ်သံက ရှမ်းခနဲ ရှမ်းခနဲ မြည်သွား၏။

'ဆိုးပုံ'မှာ နာကျင်ခြင်းထက် ဒေါသအမျက်ချောင်းချောင်း ထွက်နေဟန် ရှိပါသည်။ တလူးလူးတလိမ့်လိမ့်နှင့် တောစပ်ဖက်သို့ လှည့်ကာ တစ်စုံတစ်ယောက်အား လှမ်းအော်ခေါ်သလို အသံပြုနေ သည်။

ကျွန်တော် ဆင့်ကာဆင့်ကာ ရိုက်ပစ်လိုက်၏။ 'ဆိုးပုံ'မှာ အော်ဟစ်ရုန်းကန်ရင်း တရှူးရှူး ဒေါသထွက်နေသည်။

သူအော်လေလေ ကျွန်တော်ကပိုပြီး ရိုက်လေလေဖြင့် ပိုပြီး ရုန်းရင်းဆန်ခတ်ဖြစ်နေတော့၏။ ကျွန်တော်ပြီး ဆင်အုပ်ကြီးက ဆက်ရိုက်မည်အလုပ်

"ဒါ ဘာလုပ်ကြတာလဲ"

ရုတ်တရက် မိုးခြိမ်းသံတမျှ ကျယ်လောင်မြည်ဟီးစွာ ထွက်ပေါ်လာသော အသံကြောင့် အားလုံး မီးကို ရေနှင့်ဖျန်းသလို ရှဲခနဲ တိတ်ကျသွားသည်။

'ဆိုးပုံ'ပင် အသံလာရာဘက်သို့ နားရွက်တခတ်ခတ်ဖြင့် လှည့်ကြည့်လာ၏။ လူအုပ်ကြီးကို တိုးဝှေ့တွန်းဖယ်၍ ကျုံးအတွင်း ဝင်သွားသူကို ကျွန်တော် လှမ်းကြည့်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



အသားအရေညိုပြီး အရပ်မှာ ခြောက်ပေကျော်မျှရှည်ကာ ကိုယ်လုံးကိုယ်ထည်ကြီးမားထွားကျိုင်းသော လူငယ်တစ်ယောက်ကို တွေ့လိုက်ရသည်။ ကျုံးတွင်းသို့ ဝင်သွားသော သူ့ခြေသံမှာပင် မြေပြင်ကို တသိမ့်သိမ့် တုန်သွားစေပါသည်။

ကျွန်တော်အံ့သြမင်တက်စွာ ငေးကြည့်နေမိ၏။ ဆင်ဦးစီး မောင်ရွှေဒိုးက

"အဲဒါ ဆိုးပုံရဲ့ ဦးစီး ထူးမောင်ပဲ"

ဟု နားနားကပ်ပြောမှ ကျွန်တော်ရုတ်ချည်း သတိဝင်လာတော့သည်။

"သြော်"

"ဘာကိစ္စ ဆိုးပုံကို ရိုက်နေကြတာလဲ သူဘာလုပ်လို့လဲ"

ထူးမောင်မှာ အလွန်ဒေါသထွက်နေပုံရ၏။ ကျွန်တော့်ကိုတော့ ခုထိမြင်ဟန်မတူသေးချေ။

"ဟော့ ထူးမောင် မင်းအသာဖယ်နေ၊ ဆိုးပုံ အကြောင်း မင်းအသိသားနဲ့ မနေ့ကတည်းက ဆရာ့ကို ရန်လိုနေလို့ ဆုံးမနေတာ"

မောင်ရွှေဒိုးစကားအဆုံး ဇဝေဇဝါဖြစ်သွားပုံနဲ့ ထူးမောင်က ဟိုဒီငေးကြည့်၏။ ပြီးမှ ကျွန်တော့်ကို မြင်သွားကာ ဘာမှမပြောဘဲ နှုတ်ခမ်းကို တင်းတင်းစေ့ထားသည်။ ထို့နောက် ကျွန်တော်နှင့် မျက်လုံး



ချင်းဆုံအောင် ကြည့်ကာ မျက်နှာလွှဲသွားပြီး

"ဆိုးပုံကို ကျုပ်သင်နေတာပဲ ဒီလိုရိုက်လို့ရမလား"

ဟု ပြော၏။ ထူးမောင်မှာ 'ဆိုးပုံ'ဆီသို့ တစ်လှမ်းချင်း လျှောက်သွားပြီး အစွယ်ဖြူဖြူကြီးနှင့် နှာမောင်းအိုးကို တယုတယ ပွတ်သပ်နေလေသည်။

ခုန ရန်လိုနေသော ဆင်ဆိုးမှာ ယခုအခါ ငြိမ်ကုပ်နေလေတော့၏။ ထို့ကြောင့်ပင် ကျွန်တော်ပို၍ ဒေါသထွက်သွားကာ

"ဦးဝေလု ဘာလုပ်နေတာလဲ ရိုက်လေ"

ဟု လှမ်းပြောလိုက်၏။ ဦးဝေလုမှာ သူ့အမိန့်မို့ မလွန်ဆန်နိုင်ရှာ။ ဆိုးပုံ၏နောက်ဖင်ပိုင်းကို ကြာပွတ်နှင့် လွှဲရိုက်လေတော့သည်။

"ကျည်"

'ဆိုးပုံ'မှာ သခင်ရှိလို့မို့ထင်သည်။ ခုနထက် ပို၍ပင် အော်ပြန်၏။

"တော်တော့ဗျာ ဒီလောက်နှိပ်စက်ရရင် တော်ပြီပေါ့"

ထူးမောင်မှာ 'ဆိုးပုံ'ကို ရိုက်နေသော ဦးဝေလု၏ ကြာပွတ်များကို လှမ်းဆွဲထားရင်း အော်လိုက်သည်။

"ဟော့ မင်းဖယ်လိုက်"

ကျွန်တော့်စကားသံအဆုံး ထူးမောင်က ဘာမှပြန်မပြောဘဲ ဆိုးပုံ၏နောက်ခြေမှ ကြိုးကွင်းကို သွားဖြုတ်ပေးရန်ပြင်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်ရင်ထဲ ထိတ်ခနဲဖြစ်သွားပြီး လက်ထဲမှ သေနတ်ကို အဆင်သင့်ထိုးချိန်ထားလိုက်မိသည်။

"ဟော့ကောင်လေး မင်းဖြုတ်ပေးရင် ငါ အပစ်ပဲနော်"

ကျွန်တော် အစိုးရိမ်လွန်စွာ ချိန်ထားမိသည့် သေနတ်ပြောင်းဝက 'ဆိုးပုံ'ဆီမှာမဟုတ်ဘဲ ထူးမောင်ဆီမှာဖြစ်ကြောင်း ထိုစဉ်က ကျွန်တော် တိတိပပ သတိမပြုမိခဲ့။ ထူးမောင်မှာ သူ့ကို ကျွန်တော့် သေနတ်ဖြင့် ချိန်ထားကြောင်း သိရလျှင် တွေခနဲဖြစ်သွားကာ

"ကျွန်တော့်ဆင်ကို မနှိပ်စက်ခိုင်းပါနဲ့၊ ကျွန်တော် မကြည့်ရက်ဘူး၊ သူအော်တဲ့အသံကြားလို့ တောထဲက ပြန်လှည့်ပြေးလာတာ"

ဟု ပြန်ပြောလေသည်။

"မကြည့်ရက်ရင် တော်ရာမှာသွားရှောင်နေ၊ လုပ်သင့်လုပ်ထိုက်တာတော့ လုပ်ရမှာပဲ၊ မင်း ဆင်က တခြားဆင်တွေ ထက်ရိုင်းတာ သိတယ်မဟုတ်လား"

"သူက မွေးကတည်းက ကျွန်တော်နဲ့အတူနေလာတာ၊ ရိုင်းပေမယ့် သူက ကျွန်တော်ပြောသမျှနာခံတယ်၊ အလုပ်ကျွမ်းကျင်တယ်၊ သူစိမ်းအကပ်မခံတာ ဉာဉ်ဆိုးတာမှ မဟုတ်ဘဲ၊ ကျွန်တော့်ဆင်အနားကပ်ချင်တိုင်း ကပ်လို့မရတိုင်း ခုလိုလုပ်တာကိုး"



"ဟော့ တော်စမ်း မင်းကို ငါ အမိန့်ပေးနေတာ ဒီနေရာကနေ အမြန်ထွက်သွား"

ကျွန်တော် ခပ်ထန်ထန်အော်ငေါက်ပစ်လိုက်မှ ထူးမောင် ဆိုသော ဆင်ဦးစီးငယ်ကလေးမှာ 'ဆိုးပုံ'အနားမှ မခွာချင့်ခွာချင့် ခွာသွားသည်။

ဦးဝေလုက ကြာပွတ်နှင့် တစ်ချက်လွှဲရိုက်တိုင်း 'ဆိုးပုံ'က ကျယ်ခနဲတစ်ချက်အော်သည်။ ထိုအခါမျိုးတွင် ထူးမောင်မှာ မေးကြောများထောင်အောင် အံကိုတင်းတင်းကြိတ်၍ မျက်လုံးကို စုံမှိတ်ထားတတ်၏။

ဆင်အော်သံ ရိုက်နှက်မောင်းမဲသံတို့ ပို၍ကျယ်လာသော အခါ ထူးမောင်မှာ ကျွန်တော့်အား ပေစောင်းစောင်းကြည့်၍ ထိုနေရာမှ ခြေလှမ်းကျဲကြီးများနှင့် ခပ်သုတ်သုတ် လှမ်းထွက်သွားသည်ကို မြင်လိုက်ရလေသည်။ ကျွန်တော် အားရကျေနပ်စွာ ပြုံးလိုက်မိလေတော့၏။

* * *

www.burmeseclassic.com

www.burmeseclassic.com



မကြာမီသောရက်အတွင်းတွင် ကျွန်တော်မှာ ဆိုးပုံနှင့် အတော်လေးကျွမ်းဝင်သွားတော့၏။ သေနတ်ပစ်မခံရဖူးသော 'ဆိုးပုံ' မှာ ကြာပွတ်နှင့် အချက်ပေါင်းများစွာ ရိုက်နှက်ခံထားရသောကြောင့် ကျွန်တော် ကြာပွတ်ကိုင်သွားတာမြင်လျှင် အလွန်ကြောက်ရွံ့နေတတ်သည်။

ထိုအခါမျိုးတွင် ထူးမောင်မှာ ကျွန်တော့်အား နှုတ်မှထုတ်ပြောသည်ထက် များစွာအရာရောက်လှသော မျက်လုံးများဖြင့် စိမ်းစိမ်းစိုက်ကြည့်ကာ ဝေဖန်ကဲ့ရဲ့သည်ကို တွေ့ရ၏။

ကျွန်တော့်ကို ကြောက်စရာ၊ ရွံ့စရာ သတ္တဝါဟု သူ့စိတ်ထဲတွင် ထင်မြင်နေတတ်သည်။

တစ်နေ့နေ့က်တွင် ကျွန်တော့်တဲ၌ တောက်တိုမယ်ရ လုပ်ပေး



သော ဆင်နောက်လိုက် မောင်လုံးမှာ သီချင်းတအေးအေး လုပ်နေသောကြောင့် ကျွန်တော် လှမ်းခေါ်လိုက်၏။

"ဟေ့ မောင်လုံး လာဦးကွ"

"ဟော ဆရာ ကျွန်တော့်ကိုခေါ်သလား ဘာခိုင်းမလို့လဲ ဆရာ"

"ဘာမှမခိုင်းပါဘူး မင်းကိုငါ စကားပြောချင်လို့ပါ"

ကျွန်တော့်စကားကြောင့် မောင်လုံးမှာ အံ့အားသင့်သွားလေတော့၏။

"ဘာပြောမလို့လဲ ဆရာ"

"ဘာရယ်တော့ မဟုတ်ပါဘူး ဖျင်းသလိုလိုရှိလို့၊ ဒါနဲ့ မင်းအခု ဘယ်သူ့ဆင်နောက်လိုက်နေတာလဲ"

"ကိုတိုင်းကျော်ဆင် အဲလေ ကိုရွှေဒိုးဆင် 'တိုင်းကျော်' နောက်လိုက်နေတာ ခင်ဗျ"

"ဩော် ဟုတ်လား ဆိုးပုံတစ်ကောင်ရော သစ်ကွက်ထဲ အလုပ်ကောင်းကောင်းလုပ်ရဲ့လား"

"လုပ်ပြီထား ဆရာရယ် ဆိုးပုံက အလုပ်နဲ့ပတ်သက်ရင် အားကြီးသြဘာကောင်းတာ၊ ထူးမောင်နဲ့တော့ လိုက်မှလိုက်၊ ဆင်ရောလူရော ချုပ်ချယ်တာ အင်မတန်မကြိုက်တဲ့ကောင်တွေ၊ သူ့အတိုင်း လွှတ်ထားလို့တော့ အလုပ်,လုပ်တဲ့နေရာ

www.burmeseclassic.com

www.burmeseclassic.com



မှာ တအားလက်ညီတာဆရာရဲ့”

“အေး… စည်းကမ်းတော့မရှိဘူး မဟုတ်လား ဆင်ဆိုးတော့ ဆုံးမပြီးပြီ၊ လူဆိုးကိုပဲ ဆက်ဆုံးမဖို့ကျန်တော့တာပဲ ဟား… ဟား… ဟား”

ကျွန်တော့်စကားကျွန်တော် သဘောကျပြီး ရယ်မောလိုက်လျှင် မောင်လုံးမှာ နဝေတိမ်တောင်နှင့် ခေါင်းညိတ်ရှာလေသည်။

“ဟေ့ မင်း ဆင်အုပ်ကြီး ဦးဝေလုကို သွားခေါ်လာခဲ့ချေ။ ဒီနေ့ ဆင်လုပ်သားတွေ လစာထုတ်ပေးမယ်ဆိုတာပါ ဆင်ဝိုင်းတွေလိုက်ပြီး သတင်းပို့ခဲ့ဦး”

“ဟုတ်ကဲ့ ဆရာ”

ထိုအခါမှပင် မောင်လုံးမှာ သူ့ရှေ့မှ အားရဝမ်းသာ ထွက်သွားတော့သည်။ အတန်ကြာသောအခါ ဆင်အုပ် ဦးဝေလုရောက်လာ၏။

“ဆရာ ခေါ်တယ်ဆိုလို့”

“ဟုတ်တယ် ဦးဝေလု ဒီညနေ ဆင်လုပ်သားတွေကို လစာထုတ်ပေးမလို့လေ”

“ညနေ သူတို့ဆင်ကောက်ပြီး ပြန်လာရင် လာထုတ်ကြလိမ့်မပေါ့ ဆရာ၊ ဝိုင်းထဲမှာကျန်ခဲ့တဲ့ လူတွေတော့ ခဏနေရင် ရောက်လာကြမှာပါဘဲ”

ဦးဝေလုစကားပင်မဆုံးလိုက်၊ ဆင်သမားများမှာ တစ်ယောက်



နှင့်တစ်ယောက် စကားကို အော်ဟစ်ပြောဆိုရင်း ကျွန်တော့်တဲဘက်သို့ လျှောက်လာကြသည်ကို တွေ့လိုက်ရလေတော့၏။

ထိုအထဲတွင် သူ့မျှော်လင့်နေသူတစ်ယောက် ပါလာသည်ကို တွေ့လိုက်ရသည့်အတွက် တစ်ယောက်တည်း ကြိတ်ပြုံးလိုက်မိလေသည်။ လစာများထုတ်ပေးပြီး နောက်ဆုံးခပ်ဝေးဝေးတွင် စောင့်နေသော ထူးမောင်အလှည့်သို့ ရောက်လာသောအခါ ကျွန်တော်ကိုယ်တိုင် ထူးမောင်ကို လှမ်းခေါ်၍ ပေးလိုက်သည်။

ဆင်သမားများအားလုံး လစာငွေများတွက်ကာ ပျော်နေကြသည်။

ညနေ သူတို့ရွာများသို့ပြန်ကာ အိမ်ရှိ မိဘ၊ ဇနီးများထံ ငွေသွားပို့ရန်လည်း တစ်ခါတည်း အခွင့်တောင်းကြ၏။

ထိုစဉ် အောင်ညွှန့်ဟူသော ဆင်ဦးစီးတစ်ယောက်က ဦးဝေလုနားသို့ကပ်ကာ တစ်စုံတစ်ခု တီးတိုးကပ်ပြောသည်ကို တွေ့လိုက်ရသောကြောင့်

“ဘာလဲ ဦးဝေလု”

ဟု လှမ်းမေးလိုက်သည်။

“သြော် မိပန်းလှ မီးဖွားဖို့ကိစ္စပြောတာပါ ဆရာ”

“ဟော မင်းမိန်းမ မီးဖွားတာ အခွင့်နဲ့ပြန်ချင်လို့လား”

ကျွန်တော့်တွင် ဇနီးသည်နှင့်သမီးငယ်လေးနှစ်ယောက် ရှိ

www.burmeseclassic.com

www.burmeseclassic.com



သောကြောင့် ကိုယ်ချင်းစာစိတ်ဖြင့် မေးလိုက်ခြင်းဖြစ်၏။

ထိုအခါ ဆင်ဦးစီးအောင်ညွှန့်မှာ 'ဖျာ'ဟု တစ်ခွန်းသာ ရေရွတ်ပြီး ကျန်ဆင်သမားများအားလုံး ဝေါခနဲ ဝိုင်းရယ်လိုက်ကြ သောအခါ ကျွန်တော်ပင် ကြောင်သွားရလေတော့သည်။ ဦးဝေလုက အသံသြကြီးနှင့် ရယ်ရင်း

"ဟား… ဟား… ဟား ဆရာက ကျုပ်တို့ ဆင်သမားတွေ အိမ်ပြန်ဖို့ အခွင့်တောင်းတာနဲ့ ရောသွားတာကိုး၊ 'မိပန်းလှ' ဆိုတော အောင်ညွှန့် မိန်းမမဟုတ်ပါဘူး၊ သူ့အကွက်ထဲက ဆင်မကြီးပါ၊ နေ့စေ့လစေ့ဖြစ်နေလို့ မီးဖွားတော့မလားဆို တာ ကျုပ်ကို မေးမြန်းကြည့်တာပါ"

ဟု ဝင်ပြောလိုက်မှ ကျွန်တော် သဘောပေါက် သွားရပါ တော့သည်။ ရှက်သလိုလိုလည်း ဖြစ်သွားမိ၏။ ဆင်သမားများမှာ အောင်ညွှန့်အား စနောက်ပြီး တဝါးဝါး တဟားဟား သဘောကျနေကြ သည်။

"ဒီမယ်"

ကျွန်တော်ရယ်မောနေစဉ် ခပ်ဆတ်ဆတ်ခေါ်သံကြောင့် ခေါင်းမော့ကြည့်လိုက်မိသည်။ တဲရှေ့တွင် တောင့်တောင့်ကြီးရပ်က ကျွန်တော့်ကို စားမတတ်ဝါးမတတ် စိုက်ကြည့်နေသော ထူးမောင်

ကျွန်တော်က ထူးမောင်ဘာဖြစ်နေသည်ကို အတပ်သိနေသော



ကြောင့် ဘာမှမဖြစ်သလို အေးအေးဆေးဆေးလုပ်နေပေမယ့် ဦးဝေလုမှာ စိတ်ဆိုးသွားဟန်တူပါသည်။

"ဘာလဲကွ ဘာကိစ္စလဲ"

"ဦးကြီးနဲ့ စကားမပြောချင်ဘူး ကျွန်တော်ခေါ်တာ ဆရာ့ကို"

"ဘာကွ"

"ကျွန်တော့်လစာလျှော့နေတယ်၊ အဲဒါ တမင်လျှော့ထားတာ မဟုတ်လား"

ဆင်သမားများအားလုံးမှာ အပ်ကျသံမကြားအောင် တိတ် ဆိတ်နေရာမှ ကျွန်တော့်ဘက်သို့ ဖျတ်ခနဲ လှည့်ကြည့်ပြီး တစ်စုံတစ်ခု တီးတိုးပြောနေကြပါသည်။

"ကျွန်တော့်ကို ဘာကြောင့် လစာလျှော့ရတာလဲ"

ထူးမောင်စကားအဆုံး အားလုံး ဟင်ခနဲ ဖြစ်သွားရတော့၏။

"မင်း စည်းကမ်းမရှိလို့ လစာလျှော့ထားတာ ပုံမှန်အတိုင်း လိုချင်ရင် စည်းကမ်းမဖောက်နဲ့"

ကျွန်တော့်စကားကြောင့် ထူးမောင်မှာ ရှက်ရွံ့သွားပုံရပါ သည်။ ရှုးရှုးရှားရှားနှင့် ဆင်ရိုင်းကြီးတစ်ကောင်လို အနီးသို့ ပြေးကပ် လာသောကြောင့် ကျွန်တော် ဘာလုပ်ရမှန်းမသိ ဖြစ်သွားသည်။

လက်ထဲမှာသေနတ်ရှိသော်လည်း ထူးမောင်ကိုတော့ သေနတ် ဖြင့်ပစ်ရန် ရည်ရွယ်ရိုးမရှိပါချေ။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် ဆင်ရိုင်းတစ်ကောင်လို ရန့်ပြုရန် ရှေ့တိုးလာသော တိုးမောင်ကိုတော့ ကျွန်တော် လျှင်မြန်စွာ တုန့်ပြန်လိုက်နိုင်သည်။

ကျွန်တော့်လက်ထဲမှ သေနတ်နှင့် ထူးမောင်၏ ခေါင်းကို လွှဲရိုက်ချလိုက်၏။

“ခွပ်”

“အ”

ထူးမောင် မြေပေါ်သို့ ခွေလဲကျသွားတော့သည်။ နောက်ထပ် ပြန်ကုန်းအထတွင် သူ့လက်ထဲက သေနတ်က ထူးမောင်ချိုစောင်းဆီသို့ အရှိန်နှင့် ရောက်သွား၏။

‘ခွပ်’ ခနဲမြည်သံနှင့်အတူ အားလုံး ကြက်သေသေနေရာမှ သတိဝင်လာသလို ဒယီးဒယိုင်ဖြစ်နေသော ထူးမောင်ကို ပွေ့သူပွေ့၊ တွဲသူတွဲနှင့် အလုပ်ရှုပ်ကုန်ကြသည်။

အဖြစ်အပျက်များမှာ ကျွန်တော့်ကိုယ်ကျွန်တော် သတိမထားမိ လောက်အောင်ပင် မြန်ဆန်လွန်းသောကြောင့် မည်သူတစ်ဦးတစ် ယောက်မှ ခွဲချိန်မရလိုက်ဘဲ ကျွန်တော့်ကိုသာ တအံ့တသြ ငေးကြည့် နေကြတော့သည်။

ထို့နောက် ထူးမောင်အား ကျွန်တော့်တဲရှေ့မှ ခေါ်သွားကြသော အခါ ကျွန်တော် စိတ်မကောင်းစွာ ငေးမောရင်း ကျန်ရစ်ခဲ့၏။

“ကျွန်တော် အလုပ်သမားတစ်ယောက်ကို ဒီလို ပြုမူလိုက်



တာ ကိုယ့်ထက်အားနည်းနိမ့်ကျသူကို အနိုင်ကျင့်သလိုများ ဖြစ်သွားပြီလား”

ဟု ခပ်ဆဆပြောလိုက်သောအခါ ဦးဝေလုက ကျွန်တော့် လက်များကို ဆုပ်ကိုင်ဖျစ်ညစ်ရင်း

“ဒီလိုမဖြစ်ပါဘူး ဆရာ၊ ထူးမောင်ကို ဒီလို ကိုင်တွယ်ပေးနိုင် တဲ့လူမျိုး စခန်းမှာ လိုနေတာ ကြာပါပြီ၊ ဒါမှ မှတ်လောက် သားလောက်ဖြစ်သွားမှာ၊ ဆိုးပုံနှင့် ထူးမောင်က တစ်ဥာဉ်ထဲပဲ ဆိုတာ ဆရာသတိမမေ့နဲ့လေ”

ဟု ပြောလိုက်မှ ကျွန်တော် စိတ်သက်သာရာရသွားခဲ့သည်။ ဦးဝေလုပြောတာ အလွန်မှန်ပါသည်။

ထူးမောင်မှာ ဆိုးပုံကဲ့သို့ပင် သူ့အရိုက်ကိုခံရပြီး စည်းကမ်း သေဝပ်သည့် ဆင်လုပ်သားကောင်းတစ်ယောက်ဖြစ်လာတော့၏။ အလုပ်ကို စည်းစနစ်ကျစွာလုပ်ပြီး အမိန့်နာခံတတ်လာသည်။

စိတ်မကောင်းစရာတစ်ခုက သူ့ကြောင့် ထူးမောင်ခေါင်းမှာ သေရာပါဒဏ်ရာကြီး ရခဲ့ခြင်းပင်ဖြစ်သည်။

အမာရွတ်မြင်တိုင်း သူ့ကို မကျေမနပ်ဖြစ်နေမည်လားတော့ မဆိုတတ်ချေ။ သူ့ကိုတော့ အလုပ်သဘောအရပင် ရင်းရင်းနှီးနှီး ကပ်ဆံလာခြင်းမျိုး မလုပ်သလို တစ်ယောက်နှင့်တစ်ယောက် ချိန် တော်ကြာ စိမ်းနေခဲ့ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် များမကြာမီရက်အတွင်း ကျွန်တော်နှင့် ထူးမောင်ကျွမ်းဝင်ရင်းနှီးသွားစေမည့် အဖြစ်အပျက်တစ်ခု ပေါ်ပေါက်ခဲ့လေတော့၏။

* * *

မနက်ခင်းစောစော တဲတွင် ကျွန်တော်တစ်ယောက်တည်း ရှိနေခိုက် ဆင်ခေါင်းမောင်ကြိုင် ရောက်လာပြီး အောင်ညွှန့်ဆင်မကြီး မိပန်းလှ မီးဖွားတော့မည့်အကြောင်း သတင်းလာပို့လေသည်။

ဆင်မီးဖွားသည်ကို ကြားဖူးသော်လည်း အတွေ့အကြုံအရ ဤအကြိမ်မှာ ပထမဦးဆုံးဖြစ်သောကြောင့် အတော်လေး စိတ်လှုပ်ရှားက ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်သွားရပါသည်။

"ဆရာ မိပန်းလှတော့ သူ့ရွေးပြီးသား မီးနေခန်းရှိတယ်နဲ့တူတယ်၊ သက်မြှောင်ဆင်မနှစ်ကောင်ခေါ်ပြီး တောထဲဝင်သွားပြီ"

ဟု သတင်းလာပို့ကတည်းက ကျွန်တော် တဲပေါ်မှပင် ထရပ်လိုက်မိသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်ဘက်ဝင်သွားတာလဲ"

"အနောက်ဖက်တောစပ်ကနေ ဝင်သွားတာပဲ"

"ဒါနဲ့ အောင်ညွန့်ကော၊ မင်းတို့မလိုက်ကြဘူးလား"

"လိုက်လို့မရဘူး ဆရာ၊ ဆင်တွေမွေးရင် လူလိုက်လာတာ[...] မကြိုက်ဘူး ကျွန်တော်တို့ အကူအညီမလိုဘဲ သက်မြောင်းဆ[...] တွေ အကူအညီနဲ့မွေးတယ်"

"တောထဲဝင်သွားတာ မွေးဖို့ဖွားဖို့ရော ဟုတ်ရဲ့လာ[...] သူတို့ဘာသာ တခြားသွားကြတာများလား"

ကျွန်တော့်စကားအဆုံး မောင်ကြိုင်ကရယ်လေသည်။

"ဟုတ်ပါတယ် ဆရာရဲ့၊ အောင်ညွန့်က မိပန်းလှကို တအ[...] ဂရုစိုက်တော့ မိပန်းလှကိုယ်ဝန်က လစေ့နေပြီ၊ နှစ်ဆယ့်နှစ်[...] ကို တင်းတင်းပြည့်တာ၊ မွေးရင်တော့ ဆင်ထီးကလေး[...] နေမယ်"

မောင်ကြိုင်က အေးအေးဆေးဆေးပင် ပြန်ပြောသော်လည်[း] ကျွန်တော် အလွန်စိုးရိမ်သွားမိပါသည်။

လူအကူအညီမယူဘဲ မွေးဖွားရခြင်းကို ဘယ်လိုမှ စိတ်[...] လက်ချမရှိချေ။ အထူးသဖြင့် ဆင်မှာ အကောင်ကြီးမျိုးဖြစ်ပြီး မွေးခါ[...] ပင် အရွယ်အစား အတော်အတန်ကြီးရာ အခက်အခဲတစ်စုံတစ်[...] ဖြစ်စေမည်ကိုပင် ကြံဖန်တွေးကာ ပူပန်နေမိသည်။

"ဒါနဲ့ သက်မြောင်းကပ်လိုက်သွားတဲ့ ဆင်မတွေက ဘယ်ဝိုင်းကလဲ"

"ကျွန်တော့်ဝိုင်းက 'ရွှေမှုံ'ဆိုတဲ့ဆင်မနဲ့ 'မလှ'ဆိုတဲ့ ဆင်မကြီးနှစ်ကောင်ပါသွားတာ၊ အဲဒီ ဆင်မတွေက သားထိန်းဖို့ ဗိုက်အတော်ရင့်ကတည်းက မိပန်းလှအနား ကပ်နေကြတာ၊ မွေးပြီးရင် တော်ရုံ တောရိုင်းတိရစ္ဆာန် ဒုက္ခမပေးအောင် ဆင်ကလေးကိုပြုစုရအောင်တော့ စိတ်ချရပါတယ်"

မည်သို့ပင်ဆိုစေ ကျွန်တော့်စိတ်ပူပန်မှုမှာ လျော့ပါးမသွားချေ။

"ဘာပဲဖြစ်ဖြစ်ကွာ ကဲ အောင်ညွန့်ကိုသွားခေါ်ပြီး တို့လိုက်ကြရအောင် ငါစိတ်မချဘူး၊ တော်ကြာ တောကောင်တွေ ဘာတွေ ဝင်ဆွဲရင် ငါတို့ ကူညီလို့ရတာပေါ့"

"ဆရာသဘောပဲလေ ဒါဆို ကျွန်တော် အောင်ညွန့်ကို သွားခေါ်လိုက်ဦးမယ်"

"အေး ဦးဖိုးလှပါ ခေါ်ခဲ့ကွာ"

ပြောပြီးသည်နှင့် မောင်ကြိုင်မှာ ထွက်သွားလေသည်။

[...]မင်းအိုးတစ်လုံးချက်ခန့်ကြာမှ တဲဘက်သို့ လာနေကြသော [မော]င်ကြိုင်နှင့် ဦးဖိုးလှတို့လူစုကို လှမ်းတွေ့လိုက်ရ၏။

ထိုအထဲတွင် ထူးမောင်ပါ ပါလာသည်ကို အံ့သြဖွယ် [...]တွေ့လိုက်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်စိတ်ထင် ထူးမောင် ကျွန်တော့်ကို ခပ်တည်တည် [illegible] ခပ်မှန်မှန်နှင့် တတ်နိုင်သမျှ ရှောင်လွဲနေလိမ့်မည်ဟု ဖြစ်၏။ ယခုသော် [illegible] ထူးမောင်မှာ ကျွန်တော် ခေါ်နိုင်းလိုက်သော လူစုထဲတွင် မားမား [illegible] မားမားနှင့် ပါလာချေပြီတည်း။

* * *



"ကျုပ်တို့ လေအောက်ကဝင်မှဖြစ်မယ် ဆရာ၊ ဟိုးတောင်ဘက်က ပတ်လိုက်မှဖြစ်မယ်"

ဦးဇေလုစကားကြောင့် ကျွန်တော်နားမလည်နိုင်စွာ ပြန်ကြည့်လိုက်သည်။

"ဒီအချိန်မှာ သူတို့က ဘေးပတ်ဝန်းကျင်ကို အန္တရာယ်အနံ့အသက်ခံနေကြတာ လေတင်ကသွားရင် လူနံ့ရမှာပဲ"

ဒီတော့မှ ကျွန်တော်သဘောပေါက်သွားသည်။ လူနံ့ရလျှင်မည်သို့မျှ အကူအညီမပေးနိုင်သည့်အပြင် အနှောင့်အယှက်ပင် ဖြစ်သွားပေလိမ့်မည်။

"ကျုပ်တို့ ဘယ်နေရာမှန်းမသိဘဲ စမ်းတဝါးဝါး လျှောက်လိုက်နေရမှာလား မသိဘူး၊ ခုထိတော့ ဘာအရိပ်အယောင်မှ

www.burmeseclassic.com

www.burmeseclassic.com



မတွေ့ရတော့"

ထိုအခါ အောင်ညွန့်က

"ဆင်မီးနေခန်းရှာထားတဲ့ နေရာကို ထူးမောင် သိတယ်တဲ့"

ဟု ပြောလိုက်သောကြောင့် ထူးမောင်ဘက်ကို ကျွန်တော်လှမ်းကြည့်လိုက်သည်။ ထူးမောင်လက်ထဲတွင် ဓားရှည်တစ်ချောင်း ပါလာ၏။ ကျွန်တော်က သူ့ကို မျက်လုံးအကြည့်နှင့် သေချာရဲ့လားဟု မေးလိုက်သည်ကို သူကောင်းစွာ သဘောပေါက်သည်။

"ဝါးတောဖက်မှာ ရှိလိမ့်မယ်"ဟု တိုတိုတုတ်တုတ်ဖြေပြီး ရှေ့ဆက်လျှောက်သွားသည်။ ဆင်အုပ်ကြီး ဦးဝေလုက ခေါင်းတစ်ချက်ညိတ်ပြီး ဆက်လိုက်ကြဖို့ အချက်ပြသည်။

ကျွန်တော်တို့အားလုံး တောနက်ရာသို့ တိုးဝင်ခဲ့ရသည်။ နေ့ရာသီဖြစ်နေသောကြောင့် အားလုံး ခရီးပန်းနေသည်မှလွဲ၍ မီးဖွားမည့် မိပန်းလှအတွက် ဝမ်းမြောက်ဝမ်းသာဖြစ်မိသည်။

မကြာမီ မိပန်းလှ မီးနေခန်းရှာထားသည်ဟု ယူဆရသော ဝါးရုံတောအနီးသို့ ချဉ်းကပ်မိသွားသည်။ ဝါးရွက်ကြွေများသည် မြေပေါ်တွင် အထပ်ထပ်ဖြစ်နေကာ နင်းလိုက်တိုင်း ခြေတို့ကျွံဝင်ကျသွားသည်။

နည့်သည့် အခင်းအကျင်း လုံခြုံနွေးထွေးသော ဝါးရုံတောကို မီးနေခန်းအဖြစ် ရွေးချယ်ထားသော မိပန်းလှကို ကျွန်တော့်စိတ်ထဲမှ



ချီးကျူးလိုက်မိသည်။

ထို့နောက် ဆင်မများ မီးနေခန်းအဖြစ် ရွေးထားသော နေရာကို ဆင်ဦးစီးအောင်ညွန့်က မသိဘဲ ထူးမောင်သိနေခြင်းကိုလည်း အံ့သြမိပြန်သည်။

ကွမ်းတစ်ယာညက်ခန့် ဝါးရုံတောထဲသွားနေမိပြီး အတန်ကြာသောအခါ ရှေ့ဆုံးမှသွားနေသော ထူးမောင်က လက်တစ်ဖက်ထောင်ပြလိုက်ပြီး ခြေလှမ်းတုံ့လိုက်သောကြောင့် ကျွန်တော်တို့အားလုံး ရောက်သည့်နေရာတွင် ရပ်လိုက်ကြသည်။

တဖျောဖျောမြည်နေသော ဝါးရွက်ထဲ နင်းဖြတ်သွားသည့် ခြေသံများက ရုတ်ချည်းတိတ်ဆိတ်သွားတော့၏။ စိတ်ထဲ အနည်းငယ်မျှ လှုပ်လှုပ်ရှားရှား ဖြစ်လာသည်။

ဆင်မကြီး မီးဖွားရာနေရာနှင့် အလှမ်းနီးကပ်နေပြီမှန်းလည်း သတိထားလိုက်မိ၏။

"ဒီနေရာ တစ်ဝိုက်မှာပဲ"

ထူးမောင်က ခပ်အုပ်အုပ်လှည့်ပြောလိုက်သည်။

ကျွန်တော်တို့အားလုံး ဝါးတောများကြား ဟိုကြည့်သည်ကြည့်လုပ်နေမိကြ၏။ ထိုစဉ် ကျွန်တော့် တို့ရှေ့ ကိုက်တစ်ရာနီးပါးဆီမှ

"ဝေါင်း"

ဟူသော ကျားဟိန်းသံကြီးကို ကြားလိုက်ရသောကြောင့်

www.burmeseclassic.com

www.burmeseclassic.com



အားလုံး လှုပ်လှုပ်ရှားရှား ဖြစ်သွားကြသည်။

ထို့နောက် အသံကြားရာဆီသို့ ကြောက်ရွံ့ထိတ်လန့်မှု တစ်ဝက် စိုးရိမ်ပူပန်မှုတစ်ဝက်နှင့် ပြေးသွားလိုက်ကြသည်။

ကျွန်တော့်လက်ထဲတွင် နှစ်လုံးပြူးတစ်လက်ပါ၍ အားလုံး စားလုံ့ရှည်တွေနဲ့ချည်းဖြစ်၏။

"ကျည်"

ဆင်မကြီး၏အော်သံစူးစူး

"ဝေါင်း"ခနဲ ကျားဟိန်းသံ၊ ကျွန်တော်တို့ရှေ့ ကိုက်သုံးဆယ်လောက်မှာ တွေ့လိုက်ရသည့် မြင်ကွင်းကြောင့် အားလုံး ရှေ့မတိုးရဲကြတော့ချေ။

"ဟာ မလှနဲ့ ချနေကြပြီဗျ"

မောင်ကြိုင်က စိုးရိမ်တကြီး ထပြောသည်။ ဆင်ကလေးကို ဝင်ဆွဲသော ကျားမှာ မလှမည်သော မောင်ကြိုင့်ပိုင်းမှ ဆင်မကြီးနှင့် အသေအလဲ တိုက်ခိုက်နေကြ၏။

ရွှေမှုံနှင့် မိပန်းလှမှာ တုံးလုံးလဲနေသော ဆင်ပေါက်ကလေးဘေးတွင် လှည့်ပတ်ရင်း စိုးရိမ်တကြီး အော်ဟစ်နေကြသည်။ ကျွန်တော့်လက်ထဲမှ သေနတ်ကို အသင့်ပြင်လိုက်၏။

"မလုပ်နဲ့ဆရာ မိပန်းလှနဲ့ ဆင်ပေါက်လေး လန့်သွားလိမ့်မယ်"



ကျွန်တော် အသာပြန်ငြိမ်ပြီး ကျားနဲ့ဆင် လယ်ပြင်မှာ မတွေ့ဘဲ မီးတွင်းထဲ အသေအကျေ တိုက်နေသော တိုက်ပွဲကို ရင်တမမနှင့် စောင့်ကြည့်နေရသည်။

"ကျည်"

စူးစူးရှားရှားအော်၍ နှာမောင်းကြီးမြှောက်ကာ ပြေးသွားသော ရွှေမှုံကိုတွေ့လိုက်ရ၏။ ရွှေမှုံမှာ ကျားကို အတင်းဝင်တိုးသည်။

"ဖောင်း"

"ဝုန်း"

"ဂွပ် ဖြောင်း"

နှာမောင်းနှင့် အတင်းဖြတ်ရိုက်ရင်း မထိသည့်အခါ ဘေးမှ ဝါးပင်များကို ဒေါသတကြီး ချိုး၍ပစ်လိုက်သော ဝါးစမှာ ကျား၏ လက်ပြင်သို့ တည့်တည့်ကြီး စိုက်ဝင်သွားသည်။

"ဝေါင်း"

ကျားမှာ နာကျင်စွာအော်ဟစ်ရင်း ကံကောင်းထောက်မစွာ ကျွန်ုပ်တို့နှင့် ဆန့်ကျင်ဘက်အရပ်သို့ တရှူးထိုး ပြေးထွက်သွားလေတော့သည်။

ထိုအခါမှ ကျွန်တော်တို့အားလုံး သက်ပြင်းချနိုင်တော့သည်။ ကျွန်တော် နေရာမှ ထရပ်ပြီး ဆင်များ ရှိရာသို့ သွားမည်အလုပ် ဦးဝေလုက

www.burmeseclassic.com

www.burmeseclassic.com



"မသွားနဲ့ဦး ဆရာ၊ သူတို့ ပင်လည်းပင်ပန်း ကြောက်ပြီး ဒေါသလည်းထွက်နေတယ်၊ခဏ စောင့်ကြည့်လိုက်ဦးမယ်" ဟု တားလေသည်။

ထို့ကြောင့် ကျွန်တော် နေရာတွင်ရပ်ရင်း အခြေအနေကို အကဲခတ်နေလိုက်၏။ ဆင်ကလေးမှာ လဲလျောင်းနေရာမှ မထနိုင်သေး။ ရွှေမှုံက နှာမောင်းနှင့်မြောက်တင်ကာ ပင့်ချည်နှိမ့်ချည် လုပ်ပေးနေသည်။ မလှမှာ ကျားကုတ်သည့် ဒဏ်ရာများကို ဂရုစိုက်မနေအားပဲ နှာမောင်းနှင့် သဲများကိုစုတ်ကာ ဆင်ကလေးအား အသားအရေခြောက်သွေ့ပြည့်တင်းလာအောင် မှုတ်ပေးနေရှာသည်။

မိပန်းလှမှာ အတော်လေးပင်ပန်းနေပုံပင်။

သက်မြောင်ဆင်မနှစ်ကောင်က ပြုစုပေးနေသည်ကိုသာ အသေအချာစိုက်ကြည့်နေသည်။

နာရီဝက်ကျော် တစ်နာရီလောက်ကြာသောအခါမှ ဆင်ကလေးမှာ ကတိမ်းကယိမ်းနှင့် ထရပ်နိုင်ရှာသည်။ မိပန်းလှမှာ ဝမ်းသာသွားသည်ထင်၏။

"ကျည်"ခနဲအော်လိုက်ပြီး ဆင်ကလေးကို နှာမောင်းနှင့် ပွေ့ကာပွေ့ကာ ချီတော့သည်။ ဆင်ကလေးမှာ မိပန်းလှ၏ နောက်ခြေနှစ်ချောင်းကြားသို့ဝင်ကာ နို့ကို နှာမောင်းနှင့်လိုက်စမ်းနေ၏။



ဦးဝေလှမှာ ကျွန်တော်ဘက်သို့လှည့်ပြီး ခေါင်းဆတ်ပြသည်။ အဆင်ပြေသွားပြီဟူသည့်သဘော။

ထိုအခါမှ ဆင်သမားများအားလုံး ဝမ်းသာသွားရဲတော့သည်။ မိပန်းလှမှာ ဒူးထောက်ပြီး ကိုယ်ကိုနှိမ့်ပေးသည်။ ဆင်ကလေးမှာ မိခင်၏နို့အား နှာမောင်းနှင့် စမ်းလို့တွေ့သွားသည်နှင့် တစ်ပြိုင်နက် ပါးစပ်ဖြင့်နို့ကို အငမ်းမရ ဝင်စို့တော့သည်။

ကျွန်တော်တို့အားလုံး ငြိမ်သက်စွာ စောင့်ကြည့်နေစဉ် ထူးမောင်မှာ မိပန်းလှနှင့်မလှအား နာမည်ခေါ်လျက် အသံပေးကာ ဝင်သွားတော့၏။

မလှမှာ ထူးမောင်ကိုမြင်လျှင် အားကိုးတကြီး အော်ဟစ်ရင်း အနီးသို့ချဉ်းကပ်လာသည်။

မလှ၏နားရွက်တစ်ဖက်မှာ ကျားကုတ်သောကြောင့် ကွဲသွားကာ သွေးများမြင်မကောင်းအောင် ထွက်နေလေသည်။

"တောက်"

နာကြည်းခံပြင်းစွာ တောက်ခေါက်သံသည် ထူးမောင်ထံမှ ထွက်ပေါ်လာခြင်းပင်ဖြစ်၏။ မလှကိုယ်တွင် ဒဏ်ရာများ ပြင်းပြင်းထန်ထန်ရထားလိုက်သည်။

ကျားကောင်လည်း မသေဘဲ ဒဏ်ရာအပြင်းအထန်နှင့် ထွက်ပြေးသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



"တောက် ဒီကျားတော့ အရှင်မထားဘူး"

အားလုံး စိတ်မကောင်းဖြစ်နေကြသည့်ထဲတွင် ထူးမောင်က ဒေါသအကြီးဆုံးဖြစ်ပြီး မခံမရပ်နိုင်ဖြစ်နေပုံရလေသည်။

"ကျွန်တော် ဒီကျားဆိုးကိုသတ်ပါရစေ"

"ဟင်"

အမှန်အတိုင်းဆိုရလျှင် ကျွန်တော်မှာ ဒဏ်ရာရသော ဆင်မထက် မွေးကင်းစဆင်ပေါက်ကလေးကို အာရုံရောက်နေသည်ဖြစ်ရာ ထူးမောင်ပြောလိုက်သည့် စကားကို ရုတ်တရက် အဓိပ္ပာယ်မပေါက်လိုက်ချေ။

"မလိုက်နဲ့ကောင်လေး ကျားထက် ဆင်သားအမိစခန်းပြန်ရောက်ဖို့က ပိုအရေးကြီးတယ်"

ဦးဝေလုစကားအဆုံး ကျွန်တော် ထူးမောင်ဘက်ကို တစ်ချက်လှည့်ကြည့်လိုက်သည်။

"ကျားက ကျားနာဖြစ်သွားတာ ဦးကြီး၊ ဒီအတိုင်းလွှတ်ထားရင် အားလုံးဒုက္ခရောက်ကုန်လိမ့်မယ်၊ ပြီးတော့ မလုက ဒီဝိုင်းမှာ အားကိုးရတဲ့ ဆင်မတစ်ကောင် အခုလိုဒဏ်ရာရထားတော့"

ထူးမောင်ဆက်မပြောဘဲ မလုဘက်သို့ လှည့်ကြည့်လေသည်။ သည်တစ်ကြိမ်တွင် ထူးမောင် မှန်သည်ဟု ကျွန်တော်တွေးလိုက်



မိ၏။

ထို့ကြောင့်ပင် ဦးဝေလုဖက်သို့လှည့်ကာ

"ဟုတ်တယ် ဦးဝေလု ကျားနာက ကျားကောင်းထက်ပိုပြီး အန္တရာယ်ရှိတယ်၊ ဒီတော့ ကျွန်တော်တို့ ဆင်သားအမိကို စခန်းပြန်ပို့ပြီး ကျားကို မိအောင်ဖမ်းရမယ်"

ဟု ဝင်ပြောလိုက်၏။

"ကောင်းပြီလေ ဒါဆိုလည်း ကျုပ်တို့ တောထဲမှာ လှင့်ထိုးပြီးစောင့်ကြတာပေါ့၊ မိပန်းလုတို့ သားအမိကို အောင်ညွှန့်နဲ့ မောင်ကြိုင်က ထိန်းခေါ်သွား၊ ဆရာရယ် ကျုပ်ရယ် ထူးမောင်ရယ် ဒီည တောထဲမှာ နေရစ်တာပေါ့၊ ဆရာ့မှာ သေနတ်ရှိနေတော့ သိပ်တော့ စိတ်မပူရပါဘူး"

ဦးဝေလုက ထိုသို့ခွင့်ပြုလိုက်သည်နှင့် ထူးမောင်မှာ အတော်လေး ဝမ်းသာသွားပုံရပါသည်။

ကျွန်တော့်ကိုလည်း ကျေးဇူးတင်သည့်အကြည့်နှင့် လှမ်းကြည့်ရှာလေသည်။

"ဟော့ မောင်ကြိုင်နဲ့အောင်ညွှန့် ဆင်ကလေး လမ်းလျှောက်နိုင်ပြီ ဟုတ်လား၊ စခန်းကို အသာထိန်းပြီးခေါ်သွားတော့ ဒီမှာ ကြာကြာဆက်နေရင် အန္တရာယ်ရှိတယ်"

"ဟုတ်ကဲ့"

www.burmeseclassic.com

www.burmeseclassic.com



"ဒါနဲ့ ရွှေမှုံနဲ့မလှပါ ခေါ်သွား၊ ဟိုရောက်ရင် မလှဒဏ်ရာတွေ ဆေးကုပေးကြဦး၊ ဗိုင်းထဲ အညှော် အသင်းမဝင်အောင် ကြပ်ကြပ်ကရုစိုက်ဦးနော်၊ မလှ နားရွက် တော်တော်ဆိုးသွားတာပဲ ချုပ်မှရမယ် ကြားလား"

ဦးဝေလုမှာ မောင်ကြိုင်တို့အား စေ့စေ့စပ်စပ် မှာနေလေသည်။

ထိုအချိန်တွင် ထူးမောင်မှာ အနီးအနားမှ ဝါးများ သစ်လုံး အရွယ်တော်များကို လိုက်လံခုတ်ယူကာ ညနေမစောင်းခင် လင့်ကိုအမှီ ထိုးရန် တစ်ယောက်တည်း ပြင်ဆင်နေသည်ကို တွေ့လိုက်ရ၏။

ထူးမောင်သည် တစ်ချို့အပင်ငယ်များကို ဓားမသုံးဘဲ လက်နှင့်ပင် တဖြောင်းဖြောင်းမြည်အောင် လှဲနိုင်စွမ်းရှိသည်ဟု ကျွန်တော် တစွမ်းတစ သိခဲ့ရဖူးသည်။

သို့သော် ထူးမောင် ဝါးပင်များကို လက်နှင့်မချိုးပါ၊ ဓားနှင့်ပင် တစ်ပင်ပြီးတစ်ပင် ခုတ်လှဲနေခြင်းသာဖြစ်၏။ သို့သော် အလွန်မြန်ဆန် ပေါ့ပါးသည်ကိုတော့ သတိထားလိုက်မိသည်။

* * *



ည၏အမှောင်ထုက ပို၍သိပ်သည်းလာသည်။ လသာရက် ဖြစ်သော်လည်း ပိန်းပိတ်အောင် မှောင်နေသော သစ်ရွက်သစ်ခက်များနှင့် ဝါးရုံတောကြီးထဲသို့ လရောင်တစ်စမျှ ယိုဖိတ်ကျလာခြင်းမရှိပါချေ။

စူးစူးရှရှအော်မြည်နေသော ပုစဉ်းရင်ကွဲသံ၊ ပုရစ်သံများကြား တစ်ချက်တစ်ချက် ချေဟောက်သံကိုပင် ကြားရလေသည်။ တောခွေး အူသံများနှင့် ခပ်ဝေးဝေးဆီမှ ကြားဟိန်းသံများပါ ဖွဲ့လွင့်လာသည့် အခါမျိုးတွင်မတော့ ကျွန်တော့်မျက်လုံးများ ပို၍ကျယ်လာကြသည်။

ဦးဝေလုမှာ တောတွင်းအတွေ့အကြုံရှိသူပီပီ တည်ငြိမ်အေး ဆေးစွာ အခြေအနေအရပ်ရပ်ကို စောင့်ကြည့်နေသလောက် ထူးမောင်မှာ လူငယ်စိတ်ဖြင့် တက်ကြွလှုပ်ရှားနေ၏။

အမှောင်ထဲတွင်ပင် သူ့မျက်လုံးများက အရောင်တဖျပ်ဖျပ်

www.burmeseclassic.com

www.burmeseclassic.com



လက်နေကြသည်။

"ဒီကောင်လာမှာ သေချာတယ်ဗျ၊ ကျားနာက ဘယ်တော့မှ စိတ်ပြေမှာမဟုတ်ဘူး"

ဟုလည်း မကြာခဏ ပြောနေပါသည်။ မကြာမီ ကျွန်တော့် မျက်လုံးများ လေးလံငိုက်မြည်းလာပြန်သည်။

နားထဲတွင် ချိုးချိုးချွတ်ချွတ် အသံများကြားရပြီး ကျွန်တော့် လက်ကို တစ်စုံတစ်ယောက် လာပုတ်သလို သိလိုက်ရ၏။

ဆတ်ခနဲ ကိုယ်ကိုမတ်ရင်း ဘေးဘီကိုကြည့်လိုက်သည်။

"ဟိုကောင်... ဟင်းမျိုးကြီးလာနေပြီထင်တယ် ဆရာ"

ဟူသော ထူးမောင်အသံကို ကြားလိုက်ရသည်။

ကျွန်တော် သေနတ်ကို အသင့်အနေအထား ပြင်ယူလိုက်ပြီး အမှောင်ထဲမှ လရောင်ကွက်ကွက်ကလေးရှိ နေသောရာများသို့ စူးစိုက်ကြည့်နေလိုက်သည်။

သို့သော် မည်သည့်အသံမျှ ထပ်မကြားရတော့ချေ။ အချိန် အတော်ကြာသည်အထိ ကျွန်တော်တို့ ချောင်းနေသည့် ပစ်ကွင်းထဲသို့ မည်သည့်အကောင်ပလောင်မျှ ဝင်မလာသောကြောင့်

"ဦးဝေလု ဟုတ်ပါ့မလားဗျ ဘာကောင်မှ မတွေ့ရဘူး ကောနွ လူနံ့ရလို့ ပြန်လှည့်သွားတာများလား"



ဟု သင်္ကာမကင်းမေးလိုက်၏။

ဦးဝေလုက ဘာမှမပြောဘဲ အမှောင်တွင်းသို့ လှမ်းကြည့်နေရင်းမှ ခေါင်းတစ်ချက်ညိတ်ပြသည်။

"ခုနဟာ ကျားမဖြစ်နိုင်ဘူး တောခွေးတစ်ကောင်ကောင် ကပ်လာတာနေမှာပါ"

ထူးမောင်မှာ တစ်မေးမှမအိပ်ချေ။ လက်ထဲတွင် လှံရှည်တဆဆနှင့် ခွဲနဘဲကြီးစွာ စောင့်နေသည်။

တဖြည်းဖြည်း အရုဏ်တက်ချိန် ရောက်လာတော့၏။ ကျွန်တော်တို့အားလုံး စိတ်ဓာတ်ကျသလို ဖြစ်လာကြသည်။

ဦးဝေလုက ခေါင်းကိုတဆတ်ဆတ်ရမ်းရင်း

"ဒီအချိန်ရောက်မှတော့ ကျားမှာ ဒဏ်ရာပြင်းလို့ မလာနိုင်တော့ဘူးထင်ပါတယ် ထူးမောင်ရယ်"

ဟု ခပ်ချော့ချော့ပြော၏။ ထူးမောင်က တဖြည်းဖြည်း လင်းလာသော ဘေးဘီပတ်ဝန်းကျင်ကိုကြည့်ပြီး အံတကြိတ်ကြိတ် ဖြစ်နေသည်။ ကျွန်တော်နှင့်ဦးဝေလုမှာ တစ်ညလုံး ကောင်းစွာမအိပ်ရသောကြောင့် ပင်ပန်းသလိုဖြစ်နေကြသော်လည်း ထူးမောင်မှာ နည်းနည်းမှ စိတ်ပျက်အားလျော့ဟန်မပြဘဲ သစ်ပင်ချုံနွယ်များကြားသို့ စူးစိုက်ကြည့်နေ၏။

www.burmeseclassic.com

www.burmeseclassic.com



အတော်ကြာသောအခါ

"ဆရာ… ဆရာ ဟိုမှာလာနေပြီ"

ဟု ထပြောလေသည်။ ကျွန်တော် သေနတ်မောင်းတင်ပြီး အသင့်ချိန်ထားရပြန်၏။

"ဘယ်မလဲကွ"

"ဟိုမှာ ရှေ့က သပွတ်နွယ်တွေကြားထဲကို ကြည့်"

ထူးမောင် ညွှန်ပြရာသို့ ကြည့်လိုက်၏။

သပွတ်ပွင့်ဝါဝါလေးများကြားထဲမှ မျက်လုံးနှစ်လုံးကို အလျှံဦးစွာ တွေ့လိုက်ရသည်။ ကျွန်တော့်ကျောထဲ စိမ့်ခနဲဖြစ်သွားသည်။ ထို့နောက် ချုံကြားမှ ဖလားခွက်ကြီးလောက်ရှိသည့် ခေါင်းဝိုင်းဝိုင်းကြီးတစ်ခုလုံး ပေါ်လာသောအခါ ဦးဝေလုမှာ ဝါးလက်စကွမ်းကိုပင် ဆက်မဝါးတော့ဘဲ ငြိမ်သက်စွာစူးစိုက်ကြည့်နေသည်ကို တွေ့ရသည်။

ထူးမောင်မှာ လုံ့တာဆဆနှင့် ကျားကို စူးစိုက်ကြည့်နေသည်။ ကျားနာမှာ ဆင်နှံခံရင်း ကျွန်တော့်ပစ်ကွင်းထဲသို့ ဝင်လာ၏။ ကျွန်တော့်ဘက်ကို အလောသုံးဆယ်လှည့်ကြည့်လာသည့် ထူးမောင်၏မျက်နှာကို ဖျပ်ခနဲတွေ့လိုက်ရပြီး မောင်းခလုတ်ပေါ်မှာ တင်ထားသည့် ကျွန်တော့်လက်ချောင်းက တစ်ချက်မျှ အသက်အောင့်လိုက်သည့် အချိန်တွင်



"ဒိုင်း"

တောအုပ်အတွင်း ပဲ့တင်ထပ်မြည်ဟီးသွားသော သေနတ်သံနှင့်အတူ စူးစူးရှရှ နာကျင်စွာအော်ဟစ်လိုက်သော ကျားကောင်၏ အသံက ဟိန်းထွက်လာသည်။

လင့်စင်တစ်ဝိုက် ညှော်နံ့တွေ မွှန်ထူသွားသည်။ ကျားမှာ နာနာကျင်ကျင်အော်ပြီး တောထဲသို့ အရှိန်ပြင်းစွာ ပြေးဝင်သွားတော့သည်။

"ထိသွားတယ် ဒါပေမယ့်"

ဦးဝေလုက မချင့်မရဲနှင့် စကားတစ်ပိုင်းတစ်စ ရေရွတ်နေစဉ် ထူးမောင်မှာ လင့်စင်ပေါ်မှ အပြေးအလွှား ခုန်ချသွားပြီဖြစ်၏။

သူ့လက်ထဲတွင် လှံရှည်တစ်ချောင်းသာ ပါသွားသည်။ ကျွန်တော့်ရင်ထဲ ထိတ်ခနဲဖြစ်သွားပြီး နှုတ်မှ

"ထူးမောင် အတင့်မရဲနဲ့"

ဟု ကျယ်လောင်စွာ အော်ဟစ်လိုက်မိသည်။ ထူးမောင်မှာ ခေါင်းမော့လျက် လင့်စင်သို့တစ်ချက်ပြန်ကြည့်ကာ မြေပြင်ပေါ်မှ တစ်စုံတစ်ခုကို လက်ညှိုးထိုးပြသည်။

မည်သည့်အရာကိုပြမှန်း ကျွန်တော် သဲသဲကွဲကွဲ မသိပါ။ စိုးရိမ်ပူပန်သောစိတ်ကြောင့် လင့်ပေါ်မှ တစ်ရှိန်ထိုး ပြေးဆင်းလာ

www.burmeseclassic.com

www.burmeseclassic.com



ခဲ့သည်။ ဦးဝေလုမှာလည်း ကျွန်တော့်ထက်မလျော့သောအရှိန်နှင့် မြေပေါ်သို့ လူငယ်တစ်ယောက်ပမာ သွက်သွက်လက်လက် ခုန်ဆင်းလိုက်ပါလာခဲ့၏။

ကျွန်တော်တို့ မြေပြင်ပေါ်ရောက်ချိန်တွင် ထိုနေရာ၌ ထူးမောင်မရှိတော့ပါချေ။

မြေပေါ်တွင် ကျားကောင်၏ ဒဏ်ရာမှ သွေးစက်တစ်ချို့ ကျနေခဲ့၏။

"ချက်ကောင်းမထိတာ နာတယ်ဗျာ"

"သူ ဝေးဝေးမပြေးနိုင်ဘူး ဆရာ၊ ဒဏ်ရာကကျနေတဲ့ သွေးစက်တွေအတိုင်း ထူးမောင် လိုက်သွားတာနေမယ်"

ကျွန်တော် ထိတ်ခနဲစိုးရိမ်ပူပန်သွားမိပြန်၏။ ကျားနာခဲ လိုက်မှာကို စိုးရိမ်ခြင်းပင်။

"ကျွန်တော်တို့ ထူးမောင်နောက်လိုက်မှဖြစ်မယ် ဦးဝေလု"

"ဒီသွေးစက်တွေကြည့်ရမှာပဲ၊ ဟော ဟိုရှေ့က ပျဉ်းကတိုးပင်မှာလည်း သွေးတွေ၊ ဒီပိန်းတောဘက်ကပြေးတာဗျ လာ… လာ ဆရာ ဟိုဖက်မှာ တောင်ကမူမြင့်လေးနဲ့ ချိုင့်တွေကျင်းတွေရှိတယ် အဲဒီကိုလိုက်ကြမယ်"

ဦးဝေလုစကားအဆုံး ကျွန်တော်တို့နှစ်ယောက် ပေါင်လယ်



လောက်ရှိသည့် ပိန်းရိုင်းတောထဲမှ ဖြတ်ကာ ကျားနာနှင့် ထူးမောင်နောက်သို့ လိုက်ရတော့၏။

"ဝေါင်း"

"ဟော အသံကြားတယ် ဆရာ၊ ဟိုကမူလေးဘက်ကပဲ"

ဦးဝေလုစကားကြောင့် ကျွန်တော်ပင် ကျောထဲ စိမ့်သွားမိသည်။ ပိန်းတောကိုလွန်၍ ဗုဒ္ဓသရဏံပင်များ ထူထပ်စွာ ပေါက်ရာနေရာသို့ရောက်လျှင် ဘတစ်ပြန် ကျားတစ်ပြန် လုံးထွေးသတ်ပုတ်အော်ဟစ်နေသံများကို အတိုင်းသားကြားလိုက်ရ၏။

"ဝေါင်း" ခနဲ ကျားဟိန်းသံ၊ ထူးမောင်၏ အော်ဟစ်မာန်သွင်းသံများကြောင့် ကျွန်တော်နှင့် ဆင်အုပ်ကြီးမှာ အသက်ပင်မရှူဝံ့ဘဲ ဗုဒ္ဓသရဏံပင်များကြားထဲတွင် ဝပ်နေရ၏။

ကျားနဲ့ဆင် လယ်ပြင်မှာတွေ့ဆိုသလို ထူးမောင်နှင့် ကျားနာမှာ တောင်ကမူလေးတွင် ထိပ်တိုက်တွေ့နေလေပြီ။

"ထူးမောင်"

ကျွန်တော့်နှုတ်ကအထိတ်တလန့် အော်ဟစ်သတိပေးသံထွက်သွားမိသည်။

ခန္ဓာကိုယ်တစ်ခုလုံး သွေးအလိမ်းလိမ်းကပ်နေသော ထူးမောင်မှာ တစ်ပတ်ရှုမ်းလိမ့်ကာ တောင်ကမူပေါ်တွင် ပတ်လက်ကနေအသား

www.burmeseclassic.com

www.burmeseclassic.com



ရောက်သွားသည်။ လုံ့ကတော့ ညာလက်တွင် မြဲမြဲရှိနေသေးသည်။

"ဝေါင်း"

ဝမ်းခေါင်းသံကြီးနှင့် တစ်ချက်ဟိန်းလိုက်ပြီး ခုန်အုပ်ဖို့ ပြင်နေသော ကျားထံသို့ သေနတ်ကို ထိုးချိန်လိုက်စဉ်မှာပင် ကျားက ထူးမောင်ကိုယ်ပေါ် လွှားခနဲ ရောက်သွားပြီဖြစ်သည်။

ကျွန်တော် ပစ်ခွင့်မရလိုက်ပြန်။ လုံးထွေးနေသော ထူးမောင်နှင့်ကျားကိုကြည့်ပြီး ကျွန်တော်ရော ဦးဝေလုပါ အသည်းတယားယား ရင်တလှပ်လှပ် ဖြစ်နေမိသည်။

ဘယ်အချိန် ထူးမောင်ကို ကိုက်ခါ ဆွဲလွှင့်ပစ်လိုက်မလဲဟု တွေးရင်း သေနတ်ကိုင်လက်တစ်ခုလုံး ချွေးစေးတွေ စိမ့်ထွက်လာသည်။

"ဟာ"

ဦးဝေလုနှုတ်မှ စိုးရိမ်တကြီး ရေရွတ်သံ။ နောက်တချီ ခုန်အုပ်လိုက်တဲ့ ကျားရဲ့ အချိန်အဆက ထူးမောင်ရဲ့ ဝမ်းဗိုက်တည့်တည့်။ ကျွန်တော့် မျက်စိကိုပင် ယောင်ယမ်းပိတ်ပစ်လိုက်မိ၏။

"ဝေါင်း ဂရုး"

အာခေါင်ခြစ်အော်လိုက်သည့် အသံကြီးကြောင့် မျက်စိဖွင့်အကြည့်တွင် မြေပေါ်တွင် ပက်လက်လန်ကာ စန့်စန့်ကြီးလဲနေသော



ထူးမောင်နှင့် သူ့ခြေရင်း မလှမ်းမကမ်းတွင် လုံ့တန်းလန်းနှင့် ငြိမ်သက်နေပြီဖြစ်သော ကျားကြီးကို တွေ့လိုက်ရတော့သည်။

"ထူးမောင်... ထူးမောင်"

ဦးဝေလုမှာ ကျားသေကြီးကို တအံ့တသြကြည့်ပြီး ကျွန်တော်ကတော့ ထူးမောင်ထံသို့ စိုးရိမ်တကြီး ပြေးသွားလိုက်မိသည်။

ထူးမောင်ကိုယ်တွင် ကုတ်ရာခြစ်ရာတို့ ပြည့်နှက်နေသည်။ သွေးတွေမှာ မြင်မကောင်းတော့။ လက်မောင်းနှစ်ဘက်ရှိ အသားစတွေမှာ မိမိရရအကုတ်ခံထားရာ ဖွာလန်ကြဲနေပြီး သွေးတွေ စိမ့်ထွက်နေသည်။

"ထူးမောင်"

အကြီးမားဆုံးဒဏ်ရာမှာ ရင်ဘတ်မှ လက်သည်းရာကြီးဖြစ်သည်။ ကံကောင်းထောက်မစွာပင် ဘယ်ဘက်ရင်အုံမှ နှလုံးနေရာနှင့်လွဲဖယ်သွားသဖြင့် ထူးမောင်မှာ အသက် ဖုတ်လိုက်ဖုတ်လိုက် ရှူနေသည်ကို တွေ့ရခြင်းဖြစ်၏။

"ထူးမောင်"

"ဆရာ..."

စိတ်လျှော့ထားသောကြောင့်ထင်သည်။ နွမ်းလျပျော့ခွေစွာ ထူးပြီး မျက်လုံးကို အသာအယာဖွင့်ကြည့်၏။

www.burmeseclassic.com

www.burmeseclassic.com



"မလှအတွက် ကျွန်တော် ကောင်းကောင်းလက်စား ချေလိုက်နိုင်ပြီ၊ ဝိုင်းထဲက တခြားဆင်တွေလည်း အန္တရာယ် ကင်းပါပြီ ဆရာ"

"အေး... အေးပါကွာ"

ကျွန်တော် ထူးမောင်ကိုပွေ့ထူလိုက်သည်။ ထူးမောင်က အံကြိတ်ရင်း မျက်နှာကိုရှုံ့မဲ့ထားသည်။

ထို့နောက် ခပ်ယဲ့ယဲ့ပြုံးကာ

"ကျွန်တော့်တာဝန်ကျေတယ်နော်"

ဟု ပြောပြီး နေရာတွင် သတိလစ်လဲကျသွားတော့၏။

* * *



စခန်းသို့ ကျွန်တော်တို့ပြန်ရောက်သောအခါ အားလုံးအံ့သြနေကြသည်။

ဦးဆေလှမှာ စခန်းမှ ဆင်လုပ်သားများ မလာမချင်း ကျားသေကိုစောင့်ရန် တောထဲတွင် ကျန်ခဲ့ပြီး ကျွန်တော်ကတော့ ထူးမောင် ဒဏ်ရာ သွေးထွက်မလွန်ခင် ထမ်းပြီးပြန်လာခဲ့ရသည်။

ထူးမောင်၏ ခန္ဓာကိုယ်မှာ ကျွန်တော့်ထက်များစွာ ထွားကျိုင်းပြီး လေးလံလှသော်လည်း စိုးရိမ်စိတ်ကြောင့် စခန်းကို မရမက သယ်လာနိုင်ခဲ့၏။

"ဟော... ဆရာတို့ ပြန်လာပြီ"

"ဆရာက ထူးမောင်ကို ထမ်းလာရတယ်"

"ထူးမောင် ဒဏ်ရာတွေရလာတယ်"

www.burmeseclassic.com

www.burmeseclassic.com



စခန်းတစ်ခုလုံး အသံပေါင်းစုံတို့နှင့် ကျွတ်ကျွတ်ဆူသွားသည်။ ထူးမောင်ကို တဲပေါ်ချပြီးသည်နှင့် ကျွန်တော့်တစ်ကိုယ်လုံး စိစိညက်ညက် ထုထောင်းရိုက်ဖုတ်ခြင်း ခံထားရသလို မခံမရပ်နိုင်အောင် နာကျင်ကိုက်ခဲလာသည်။

သို့သော် ကျွန်တော်လဲကျမသွားခဲ့။ လဲလျောင်းပြီး အနားယူဖို့ သတိမရနိုင်၊ စခန်းမှ လူများကို အကျိုးအကြောင်း ပြန်မပြောနိုင်လောက်အောင် ပျာယာခတ်နေခဲ့သည်။

ကျွန်တော်တတ်ကျွမ်းသော ပညာများထဲတွင် ဆေးကုသခြင်းလည်း တစ်ခုအပါအဝင်ဖြစ်သည်။ ထို့ကြောင့် ထူးမောင်အား အန္တရာယ်ကြီးကြီးမားမားမဖြစ်အောင် ကာကွယ်ကုသနိုင်ခဲ့ခြင်း ဖြစ်သည်။

ဒဏ်ရာဒဏ်ချက်များကို ဆေးကြောသုတ်သင်တာကအစ နောက်ဆုံး ပြင်းထန်သည့် ကွဲရာရှရာများကို ချုပ်တာအဆုံး၊ ဆေးထည့် ပတ်တီးစည်း အားလုံး ကျွန်တော်တစ်ယောက်တည်း လုပ်သွားသည့် အခါ ဆင်စခန်းမှ ဆင်လုပ်သားများမှာ အံ့သြမဆုံးဖြစ်နေကြတော့သည်။

ထို့နောက် ဆင်စခန်းတွင် ဆင်လုပ်သားများအားလုံး ဆင်ဆေးကုခြင်းအပြင် လူဆေးကုခြင်းကိုပါ အကြမ်းဖျင်း တတ်မြောက်အောင် သင်ကြားပေးထားရန် စိတ်ကူးတစ်ခုရလိုက်သည်။

ဤသို့သောလို မြို့နှင့်အလှမ်းဝေးသောနေရာတွင် သွေးထွက်



လွန်ခြင်း ဒဏ်ရာပြင်းထန်၍ သတိလစ်ခြင်းများ ဖြစ်လာပါက အသက်အန္တရာယ်နှင့် အလွန်နီးကပ်လှသည်။

မြို့ဆေးရုံသို့ ပို့နိုင်သည်ထားဦး။ ကြားထဲတွင် လူနာသက်တောင့်သက်သာရှိရန်၊ အရေးပေါ်အခြေအနေမှ ကယ်တင်ထားရန်လည်း လိုအပ်သေးသည်။

ထူးမောင်မှာ ဒဏ်ရာအတော်ပြင်းသောကြောင့် ကိုယ်တိုင်ပြုစုကုသပြီး လိုအပ်လျှင် မြို့ဆေးရုံသို့ပို့ရန်လည်း ကြိုတင်စီစဉ်ထားရသေးသည်။

ထူးမောင်ကို ပြုစုပေးပြီးသည်နှင့် ကျွန်တော်လည်း ခြေကုန်လက်ပန်းကျကာ လဲတော့၏။

သို့သော် ကိုးတောင်ကျားနှင့် ယှဉ်သတ်ခဲ့ရသော ထူးမောင်နှင့် ကိုယ်ပေါ်မှ ဒဏ်ရာဒဏ်ချက်များထက်စာလျှင် ကျွန်တော့်အခြေအနေ အပုံကြီးသာနေသေးသည်။

ထူးမောင်မှာ တစ်နေ့လုံး သတိလစ်နေပြီး၊ သတိရလာသော အခါတွင်လည်း တစ်ကိုယ့်လုံး ခြစ်ခြစ်တောက်ပူကာ အနာရှိန်နှင့် လေတော့သည်။

ထိုအခါ ကျွန်တော် တစ်ညလုံးမအိပ်ဘဲ လူနာ စောင့်လုပ်ခဲ့ရသည်။

"ဆရာ… နားလိုက်ပါဦးလား ကျွန်တော် စောင့်ပေးမယ်"

www.burmeseclassic.com

www.burmeseclassic.com



တောက်တိုမယ်ရ ကိစ္စတွေမှာ စိတ်ချရသော မောင်လုံးက လူမမာတစ်ယောက်ကို စောင့်ကြည့်ရာ၌ ကျွန်တော့်လိုတော့ ဂရုတစိုက်ရှိလိမ့်မည်မဟုတ်ချေ။

"ရပါတယ်ကွာ မင်းလည်း ဒီမှာပဲအိပ်ပေါ့၊ ထူးမောင် အဖျားတော်တော်တက်နေတာဆိုတော့ စိတ်ချလို့ မရသေးဘူး"

"ဟုတ်ကဲ့ ဆရာ"

ကျွန်တော်နှင့်မောင်လုံး စကားပြောနေစဉ်မှာပင် ထူးမောင်ထံမှ ညည်းသံထွက်လာသည်။ ရေခဲလုံထဲတွင် အဝတ်တစ်ထည်နှစ်ပြီး ရေပတ်တိုက်ဖို့ ပြင်ဆင်ရပြန်၏။ မောင်လုံးမှာ ကျွန်တော်လုပ်သမျှကို သမျှ တအံ့တဩ လိုက်လံငေးမောနေလေတော့သည်။

* * *



ဆင်စခန်းတစ်ခုလုံး လှည့်ပတ်ကြည့်ရှုပြီး ပြန်အလာ တဲဝတွင် ထိုင်နေသော ထူးမောင်ကို လှမ်းတွေ့လိုက်ရသည်။ ကျွန်တော့်အနားတွင် ပါလာသော ဆင်အုပ်ကြီးဦးဝေလုက

"ဆရာ ထူးမောင်တောင် နေကောင်းနေပြီပဲ ဟိုမှာ တဲရှေ့ထွက်ထိုင်လို့"

ဟု ပြောလေ့သည်။

ထူးမောင်သည် တဲထောင့်တွင်ထောင်ထားသော ကျွန်တော့် သေနတ်ကို မရဲတရဲကိုင်တွယ်ပွတ်သပ်နေသည်ကို မြင်လိုက်ရသောအခါ ကျွန်တော် စိတ်လိုလက်ရပြုံးလိုက်မိ၏။

ထူးမောင်လက်ထဲကို သေနတ်ထည့်ပေးလိုက်ပါက ယခုလို ဖျားနာတတ်သည့်ဒဏ်ရာလည်း အကြီးအကျယ် မရနိုင်ဟု တွေးလိုက်မိ

www.burmeseclassic.com

www.burmeseclassic.com



သည်။ သို့သော် ထူးမောင် သေနတ်ကိုကိုင်နေပုံက တစ်ခါမှ မကိုင်ဖူး သူလို တစ်စုံတစ်ရာဖြစ်သွားမှာ စိုးရွံ့နေပုံရလေသည်။

"ဟော့ ထူးမောင် သက်သာသွားပြီလားကွ"

ဦးဝေလု၏ လှမ်းနှုတ်ဆက်သံကြောင့် ထူးမောင်က ဆတ်ခနဲ မော့ကြည့်ပြီး ပြုံးလိုက်သည်။

ထို့နောက် ကျွန်တော့်ဘက်ကို မဝံ့မရဲလှမ်းကြည့်ကာ

"ကောင်းသွားပါပြီဗျာ"

ဟု ပြန်ပြော၏။ ကျွန်တော် သူ့ဘေးတွင် ဝင်ထိုင်ရင်း

"မင်း သေနတ်ပစ်တတ်သလား ထူးမောင်"

ဟု မေးလိုက်သောအခါ မယုံနိုင်သလို တအံ့တဩဖြစ်သွားတဲ့ မျက်ဝန်းတွေနှင့် ဖျပ်ခနဲလှည့်ကြည့်လာလေသည်။

"မပစ်တတ်ပါဘူး ဆရာ"

ထူးမောင်အဖြေစကားအဆုံး ကျွန်တော် ခေါင်းတစ်ချက် ညိတ်လိုက်သည်။

"ငါသင်ပေးပါ့မယ်"

"တကယ် တကယ်ပြောတာလား ဆရာ"

"တကယ်ပါကွ မင်းကိုငါ နောက်ပါ့မလား"

ကျွန်တော့်စကားကြောင့် ထူးမောင်မှာ ပီတိကလေးငယ် တစ်ယောက်လို ပျော်ရွှင်မြူးတူးသွားပြီး ကျွန်တော့်သေနတ်ကို



ယူကာ ကိုင်တွယ်ကြည့်ရှုနေလေတော့၏။

"ဒါနဲ့ ကျွန်တော် ဆရာ့ဆီမှာ ခွင့်တောင်းရဦးမယ်"

"ဘာကိုလဲ"

"အခု ကျွန်တော် နေကောင်းသွားပြီဆိုတော့ ရွာကို ပြန်ချင်တယ်"

ထိုအခါ ဦးဝေလုက ထူးမောင်ကိုယ်မှ ဒဏ်ရာများကို ကြည့်ကာ

"ဟ ဖြစ်ပါ့မလားကွ အနာတွေက ခုမှ ကျက်တယ်ဆိုရုံပဲ ရွာပြန်သွားရင် အညှော်တွေဘာတွေဝင်ပြီး ရင်းနေဦးမယ်"

ဟု ဝင်ပြောလေသည်။ ဦးဝေလုစကားအဆုံး ကျွန်တော်လည်း

"ဟုတ်တယ် အဖျားပျောက်ပေမယ့် အနာမှ ကောင်းကောင်း မပျောက်သေးတာ"

စိုးရိမ်တကြီး ဝင်ဟန့်တားလိုက်သည်။ ထူးမောင်က ကျွန်တော့် အံ့ဩစွာကြည့်ပြီး အားတုံ့အားနာ စကားဆိုလေသည်။

"ရပါတယ် ဆရာ ကျွန်တော် သက်သာနေပါပြီ၊ ဆရာ့တဲမှာ ကျွန်တော်က ဘာအကူအညီမှ မပေးနိုင်ဘဲ အလကား လူပိုသက်သက်နေနေရတာ ကျွန်တော် ရွာကိုပဲပြန်ပါရစေ"

"အေးလေ ဒါဆိုလည်း မင်းသဘောပဲပေါ့၊ ကျွန်းမာရေးကို

www.burmeseclassic.com

www.burmeseclassic.com



တော့ ဂရုစိုက်နော်၊ မင်းနေမကောင်းကတည်းက ဆိုးပုံလည်
စခန်းမှာပဲ နေနေရတာ၊ တခြားဦးစီးတွေက မစီးရဲဘူး
လို့ သူ့လည်း အနားပေးထားရတယ်''

ထူးမောင်ကို တစ်ယောက်တည်း ပြန်လွှတ်ရန် စိတ်မ
သောကြောင့် ဆင်ဦးစီးမောင်ရွှေဒိုးနှင့် ထူးမောင် ဆင်နောက်လို
မောင်ကြွက်နီကိုပင် အဖော်အဖြစ် ထည့်ပေးလိုက်ရသည်။

ထူးမောင်သည် ကျွန်တော်နှင့် ဦးဝေလုကို ကျေးဇူးတင်သေ
အကြည့်နှင့်ကြည့်ပြီး နှုတ်ဆက်ထွက်သွားတော့သည်။ ထိုအခါ
ဦးဝေလုက

''ထူးမောင်တော့ မယုံနိုင်စရာ ပြောင်းလဲသွားတာပါ
အစကဘယ်သူမှ ဆိုဆုံးမလို့မရတဲ့ကောင်လေး၊ အခု ဆ
တွေ့မှပဲ သံချောင်းကနေ ဖယောင်းဖြစ်တော့တယ်၊ အင်း
အပြန်အလှန် မေတ္တာပေါ့ ဆရာရယ်''
ဟု တစ်ခွန်းချင်း အေးဆေးစွာပြောလိုက်လေတော့သည်

* * *

နောက်တစ်နေ့ မနက်စောစောတွင် မည်သူတစ်ဦးတစ်
ယောက်ကိုမျှ မခေါ်တော့ဘဲ ထူးမောင်အိမ်သို့ ကျွန်တော်လိုက်သွားမိ
သည်။ သိပ်မဝေးလှသော်လည်း လမ်းကအလွန်ကြမ်းတမ်း၏။

ကျွန်တော်ရောက်သွားသောအခါ ထူးမောင်မှာ ကျွန်တော်
လိုက်လာမည်ဟု နည်းနည်းမျှ ထင်မှတ်ထားပုံမရသောကြောင့်
အံ့သြဝမ်းသာဟန်နှင့် ဆီးကြိုလေသည်။

''ဆရာ လိုက်လာတာလား အဖော်လည်း တစ်ယောက်မှ
မပါဘူး၊ ဒီနေရာကို ဘယ်လိုသိတာလဲ''

''ထူးမောင်ရွာဆိုရင် ဘယ်ဆင်သမားမေးမေး သိတာပေါ့ကွာ
ငါ မင်းနေမှရှင်းရှင်းကောင်းသေးရဲ့လားဆိုပြီး စိတ်ပူလို့
လိုက်လာတာ''

www.burmeseclassic.com



"အခု ပျက်နေတဲ့ရက်တွေကို ခွင့်သတ်မှတ်ပေးပါဆရာ ကျွန်တော့်လုပ်အားခထဲက ဖြတ်ပါ"

ထူးမောင်စကားအဆုံး စိတ်မကောင်းခြင်းကြောင့် အတန်ကြာအောင် ကျွန်တော် ငြိမ်သက်တိတ်ဆိတ်သွားမိသည်။ အတော်လေးကြာမှ သက်ပြင်းတစ်ချက်ချရင်း

"မဖြတ်ပါဘူးကွာ၊ အပိုဆုတောင် ချီးမြှင့်ရဦးမယ်၊ ဘယ်ဆင်ဦးစီးမှ မလုပ်နိုင်တဲ့အလုပ်ကို မင်းလုပ်နိုင်ခဲ့တာပဲ ငါတောင် လက်ထဲသေနတ်ရှိပြီး ကျားဆိုးကို မနှိမ်နင်းနိုင်ခဲ့တူး မဟုတ်လား မင်းကတောင် ငါ့ထက်သာပါတယ်ကွာ"

ဟု ပြောလိုက်၏။ ထူးမောင်မှာ တစ်စုံတစ်ရာပြန်မပြောဘဲ ငြိမ်သက်စွာ ငေးမောနေလေသည်။

ကျွန်တော် သူ့အိမ်ကလေးတွင်းသို့ ဝေ့ဝဲကြည့်လိုက်သည့်အခါ တစ်ယောက်မှ မတွေ့ရသည့်အတွက်

"ဒါနဲ့ မင်းမှာ မိဘညီအစ်ကိုမောင်နှမ တစ်ယောက်တလေမှ မရှိဘူးလား"

ဟု မေးမြန်းစပ်စုလိုက်ပါသည်။ ထူးမောင်က ဘာမှပြန်မပြောဘဲ ခေါင်းကိုသာ ခပ်ဖြည်းဖြည်းခါရမ်းပြ၏။

"အဖေက ကျွန်တော်ငယ်ငယ်ကတည်းက ဆင်လိုက်ရင်း တောထဲမှာ သေသွားတယ်၊ အမေကတော့ လွန်ခဲ့တဲ့နှစ်ကမှ



ဆုံးတာပါ"

"သြော်"

ကျွန်တော် စိတ်မကောင်းဖြစ်သွားမိသည်။ အိမ်ရှေ့ခန်းရှိ စင်မြင့်လေးတစ်ခုကို အမှတ်မထင် လှမ်းကြည့်သည့်အခါ နတ်ရုပ်ထု နှစ်ခုကို တွေ့လိုက်ရသည်။

"ထူးမောင်က နတ်ကိုးကွယ်ထားသေးတာကိုး၊ အဲဒီနတ်နှစ်ပါးက ဘာနတ်တွေလဲကွ"

"အဲဒါ ပရမေသူရိန်နတ်နဲ့ ဥဒိန္နနတ်ပါ ဆရာ"

"နေပါဦးကွယ် ငါ ဒီနတ်အမည်တွေ ကြားဖူးသလိုလိုရှိပါတယ်၊ သုံးဆယ့်ခုနှစ်မင်းထဲတော့ မပါဘူးထင်ရဲ့"

"အဲဒါတော့ ကျွန်တော်လည်း အတတ်မသိပါဘူး ဆရာ ဒီနတ်နှစ်ပါးက ဆင်နဲ့ပတ်သက်တာတော့ အမှန်ပဲ၊ ဆင်ဖမ်းသွားခါနီး ဦးကြီးဝေလုတို့ ပူဇော်ပသတဲ့အထဲ ဒီနတ်နှစ်ပါးပါတယ်လေ၊ ဆင်ပေါက်တွေ မှိန်းသင်ခါနီးလည်း ပူဇော်ရတာပဲ"

"သြော် ဟုတ်ပြီ ဟုတ်ပြီ ငါမှတ်မိပြီကွ၊ ပရမေသူရိန်နတ်နဲ့ ဥဒိန္နနတ်နော်၊ အင်း အဲဒါ ဆင်ဘုရင်နတ်တွေချည်းပဲ ဘာအယူနဲ့ ကိုးကွယ်တာလဲကွ"

"ဘာအယူရယ်တော့ မဟုတ်ပါဘူး ဒီလိုပါပဲ ကျွန်တော်

www.burmeseclassic.com

www.burmeseclassic.com



နှစ်သက်လို့ပါ"

ကျွန်တော်၏ စပ်စပ်စုစုမေးမြန်းမှုကို ထူးမောင်က ဇဝေဇဝါ ဖြေလေသည်။

"မင်း နေကောင်းသွားရင် ငါ မင်းကို သေနတ်ပစ်သင်ပေးမယ် ကောင်လေး"

ကျွန်တော့်စကားအဆုံး ထူးမောင်က ဝမ်းမြောက်ဝမ်းသာ ပြုံးသည်။ ကျွန်တော်ပြန်ခါနီး နှုတ်ဆက်တော့

"တစ်ရက်နှစ်ရက်နေရင် ဆင်ဝိုင်းကို ကျွန်တော် ပြန်လာတော့မှာပါ အဲဒီကျရင်သာ ဆရာ မေ့မနေပါနဲ့နော်"

ဟု မှာလိုက်သေးသည်။ ထိုနေ့မှစပြီး ထူးမောင်နှင့်ကျွန်တော် ပိုပြီးရင်းနှီးတွယ်တာသွားကြလေတော့သည်။

* * *



"တွေးလှချည်လား ဆရာ၊ ကျွန်တော်ရောက်နေတာကြာပြီ"

ဟူသောအသံကြောင့် ပစ္စုပ္ပန်ကို သတိဝင်လာရသည်။ ကျွန်တော့်ရှေ့မှာ ရောက်နေသူက ဆင်လုပ်သား ထူးမောင်ပင်ဖြစ်၏။ ကြံ့ခိုင်ဖွံ့ထွားသော ခန္ဓာကိုယ်အချိုးအစား ပြေပြစ်ကျနတဲ့ မျက်နှာနှင့် ယောက်ျားပီသခန့်ညားသော ထူးမောင်မှာ လူပျိုပေါက်သာသာရှိသေးသော်လည်း တကယ့်ယောက်ျားကြီးတစ်ယောက်လို ကြည့်ကောင်းလှန်းလှသည်။

"ဟေ့ အေး ငါလည်း ခုပဲ မင်းအကြောင်းတွေးနေတာကွ ပြီးတော့ ဒီည စခန်းမှာ အောင်ပွဲခံတဲ့အနေနဲ့ သောက်ကြစားကြရအောင် စီစဉ်ပေးမလို့၊ မင်းတို့ဆင်ဦးစီးတွေ ဆင်လုပ်သားတွေ လုပ်ငန်းခွင်ဝင်နေတဲ့အချိန်က ဥပုသ်စောင့်နေရတာနဲ့

www.burmeseclassic.com



တူသလိုပါပဲကွာ လိုက်နာရတဲ့ စည်းကမ်းတွေကလည်း မျ
မှများ”

“တောစည်းကမ်း တောင်စည်းကမ်းကတော့ တောထဲဝင်ပြီ
အလုပ်လုပ်တဲ့သူတိုင်း လိုက်နာရတာပဲ ဆရာရဲ့၊ ဒါပေမယ့်
ကျွန်တော်တို့ ဆင်သမားတွေကျတော့ ပိုပြီးစည်းကမ်းတင်း
ကျပ်တယ်၊ နတ်ကြီးတယ်ဆို ရမလားဘဲ”

ထူးမောင်စကားကြောင့် ကျွန်တော် ခေါင်းတစ်ချက်ညိတ်
လိုက်မိသည်။

“စည်းကမ်းတွေကိုရော ယုံယုံကြည်ကြည် လိုက်နာကြရဲ့
လား”

“ဘာကို ဆိုလိုတာလဲ ဆရာ”

“ဩော် စည်းကမ်းကြီးတွေတင် ဆယ်ချက်လောက်ရှိတယ်
လေ၊ အဲဒီထဲမှာ အသေးအဖွဲကလေးတွေအထိပါတော့ အား
လုံးလိုက်နာရဲ့လားလို့ မေးကြည့်တာပါ”

“အားလုံးလိုက်နာကြပါတယ်၊ မလိုက်နာလို့ အမှားအယွင်း
ဖြစ်လာရင် အသက်နဲ့ရင်းရမှာလေ”

“တကယ်ရော ကြုံဖူးလို့လား”

ကျွန်တော့်စကားအဆုံး ထူးမောင်က ဆွေးဆွေးမြေ့မြေ့ပြုံးရင်း

“ကြုံဖူးတာပေါ့ ဆရာ”

ဟု ခပ်လေးလေး ပြန်ပြောလေသည်။

“ဘယ်လို ကြုံဖူးတာလဲ”

“ကျွန်တော့်အမေ ကျွန်တော့်ကို ကိုယ်ဝန်ဆောင်ထားတဲ့
အချိန် အဖေဆင်ဖမ်းလိုက်သွားတာလေ၊ အမေ့ကိုယ်ဝန်က
နုသေးတော့ တခြားဆင်ခေါင်းတွေ သတိမထားမိဘူး၊ အဲဒီမှာ
အဖေ ဒုက္ခရောက်တာပဲ”

စကားပြောရင်း ထူးမောင်အသံက ဆို့နစ်တိမ်ဝင်သွားသည်။
ထူးမောင်အဖေ ဆင်နင်းလို့သေရတဲ့အကြောင်း ဦးဝေလုပြောထားသော
ကြောင့် ကျွန်တော် သိထားပြီးဖြစ်သည်။ ထူးမောင်အမေမှာ ဆင်ကို
စိတ်နာကာ အမုန်းကြီး မုန်းခဲ့သည်ဆို၏။

သို့သော် ထူးမောင်ကလေးမှာ ငယ်စဉ်ကတည်းက တော
တွင်း၌သာ အချိန်ကုန်ပြီး မည်သည့်ဆင်ရိုင်းကိုမဆို ယဉ်ပါးအောင်
မှိန်းသင်နိုင်သည့် အစွမ်းရှိခဲ့သည်ဟု သိရလေသည်။

“ကဲ… ကဲ ပြီးခဲ့တာတွေ ပြီးပါစေတော့ကွာ၊ စိတ်မကောင်း
စရာတွေ အစပြန်ဖော်မိသလို ဖြစ်နေပြီ၊ ဒီည စခန်းကလူတွေ
အားလုံး ပျော်ပျော်ပါးပါး စားကြသောက်ကြရအောင် ဦးဝေလု
စီစဉ်ပေးလိမ့်မယ် ဟုတ်ပြီလား”

“ကျေးဇူးတင်ပါတယ် ဆရာ ဒါထက် ကျွန်တော့်ကိုပြော
ထားတာလဲ မမေ့နဲ့ဦးနော်”

www.burmeseclassic.com

www.burmeseclassic.com



ထူးမောင်ပြောသည်မှာ သူ့အား သေနတ်ပစ်သင်ပေးရန် ဖြစ်ကြောင်း ကျွန်တော် သဘောပေါက်လိုက်သည်။

"အေးပါကွာ သင်ပေးတာပေါ့ ငါမမေ့ပါဘူး"

"ကျွန်တော် သေနတ်ပစ်တတ်မှဖြစ်မှာ ဆရာ၊ နောက်တစ်ခါ ဆင်ဖမ်းထွက်ရင် မီလာရှိကာနည်းနဲ့ ဖမ်းမလို့"

ထူးမောင်စကားကြောင့် ကျွန်တော် အံ့သြသွားရပါသည်။

မီလာရှိကာ ခေါ် ကြိုးကွင်းနှင့်ဆင်ဖမ်းသည့်နည်းကို ရှေးမြန်မာဘုရင်များ လက်ထက်ကတည်းက သုံးခဲ့ကြသည်ကို သူကြားဖူးခဲ့သည်။ အသုံးနည်းသွားပြီဖြစ်သလို ဆင်ဖမ်းသမား ကျွမ်းကျင်မှု ဆင်ဖမ်းရာတွင် လိုက်ပါမည့် ကွန်ဂျီဆင်တို့၏ လိမ္မာပါးနပ်မှုမှာ အရေးကြီးလှသောကြောင့် အသုံးနည်းသည်။

"ဖြစ်ပါ့မလားကွာ၊ အဲဒီနည်းက အန္တရာယ်များတယ် ငါကိုယ်တိုင်မကြုံဖူးပေမယ့် တစ်ချို့ပြောစကားအရ ဆင်ဦးစီးအသက်အန္တရာယ်နဲ့ နီးတယ်တဲ့"

ကျွန်တော့်စကားအဆုံး ထူးမောင်က ထိမတင်ဟန်နှင့် ခပ်ပြုံးပြုံးရှိနေရင်း

"ဒီအတွက်တော့ စိတ်မပူပါနဲ့ဆရာ ကျွန်တော် လေ့ကျင့်ပြီးသားပါ၊ ဆရာသာခွင့်ပြုမယ်ဆိုရင် မီလာရှိကာနည်းနဲ့ ဖမ်းပါရစေ"



ဟု ဆိုလေသည်။ ကိုယ့်ကိုယ်ကို ယုံကြည်မှု အပြည့်နှင့် ရဲဝံ့တက်ကြွနေသော လူငယ်ကလေးကိုကြည့်ကာ ကျွန်တော် သက်ပြင်းချလိုက်မိသည်။

ထို့ကြောင့် မည်သည့်အစွမ်းသတ္တိကိုမှ အရဲမကိုးဖို့ မိုက်ရူးရဲမဆန်ဖို့ ထူးမောင်ကို တရားချရန် အကြောင်းအရာတစ်ခုကို ကျွန်တော် အပြေးအလွှား စဉ်းစားလိုက်မိ၏။

"ဟိုတုန်းက တိတိကျကျပြောရရင် မြန်မာသက္ကရာဇ် ၆၁၂ ခုနှစ်က ပုဂံပြည့်ရှင် ဥဇနာမင်းဟာ သူကိုယ်တော်တိုင်ကသာ ဆင်တော်စီးပြီး အဲဒီနည်းနဲ့ ဆင်လိုက်ခဲ့တယ်၊ အဲဒီမှာ တောဆင်က စွယ်စုံဆိုတော့ ဘုရင့်ဆင်တော်ကို ပြန်တိုက်တာမို့ ဥဇနာမင်းဟာ ဆင်ပေါ်ကကျပြီး တောဆင်လက်ချက်နဲ့ နတ်ရွာလားခဲ့တယ်လို့ ကြားဖူးမှတ်ဖူးတယ်"

ကျွန်တော့်စကားအဆုံး ထူးမောင်မျက်နှာက ဘာမှပြောင်းလဲသွားဘဲ တွေတွေငေးငေးကြည့်နေသည်ကို တွေ့လိုက်ရ၏။

"အဲဒါကတော့ သတ္တိတစ်ခုတည်းတင် မဟုတ်ပါဘူး ဆရာ သတိလည်းလိုတာပေါ့၊ ကျွန်တော်ခေါ်သွားမယ့် ကွန်ဂျီတွေကလည်း လိမ္မာပါးနပ်မယ်၊ စတွက်ကတည်းက အခြေအနေကောင်း နိမိတ်ကောင်းကြုံမယ်ဆို ကျွန်တော်တို့ ဆင်ကောင်းတစ်စီးကို အလွယ်တကူ ရမှာပါ"

www.burmeseclassic.com

www.burmeseclassic.com



"မင်း အဲဒီလိုနည်းသုံးပြီး ဆင်ဖမ်းခဲ့ဖူးလို့လား"

ကျွန်တော့်စကားအဆုံး ထူးမောင်က ဆတ်ခနဲ လှည့်ကြည့်

သည်။

"မလှကို အဲလိုနည်းနဲ့ဖမ်းခဲ့တာပေါ့ ဦးလေးဝေလု လည်း

ပါတယ်တဲ့"

"ငါမေးတာက မင်းကိုယ်တိုင် အဲဒီနည်းသုံးပြီး ဖမ်းခဲ့လားဆို

တာပဲ"

ထူးမောင် မျက်နှာအနည်းငယ် ညှိုးကျသွားသည်ကို တွေ့

လိုက်ရသည်။

"ကျွန်တော် မဖမ်းဖူးပါဘူး ဆရာ၊ ဒါပေမယ့် အမေရှိတုန်း

က အဲဒီနည်းနဲ့ ဖမ်းခဲ့တာတဲ့"

ထူးမောင်စကားအဆုံး ကျွန်တော် အတန်ကြာအောင် ငြိမ်သက်

သွားမိသည်။ ထူးမောင်၏မျက်နှာကို ကြည့်လိုက်တော့ ဒေးဒေးရိုရို

တစ်ခုခုကို စိတ်ထဲ အခဲမကျေ ဖြစ်နေပုံလည်းရလေသည်။

"ကောင်းပါပြီ မင်း ဒီလောက် စိတ်အားထက်သန် ပြင်းပြ

ရင် ငါစဉ်းစားပေးပါ့မယ်၊ ကဲ သွားတော့ ပြီးရင် ဦးဝေလု

ငါ့ဆီလွှတ်လိုက်"

ကျွန်တော့်မျက်နှာကို ဖဝေဖဝါ ပြန်ကြည့်လာသည့် ထူးမော

နှုတ်ခမ်းများက စိတ်လှုပ်ရှားဝမ်းသာမှုကြောင့် တဆတ်ဆတ်တုန်



သည်။

ထို့နောက် ဝမ်းသာအားရနှင့် ကျွန်တော့်ရှေ့က သုတ်ခနဲထွက်

သွားတော့၏။

* * *

www.burmeseclassic.com

www.burmeseclassic.com



ဦးဝေလုမှာ ကွပ်ပျစ်ပေါ်တွင်ထိုင်ရင်း ရေနွေးကြမ်းကို တစ်ခွက်ပြီးတစ်ခွက် ဆက်တိုက်သောက်နေခဲ့သည်။

အချိန်အတော်ကြာသည်အထိ ကျွန်တော့်ကို စကားတစ်ခွန်းမှမပြောဘဲ ခပ်ဝေးဝေးသို့ လှမ်းဆွတ်ငေးမောနေ၏။

"မိလာရှိကာ နည်းသုံးပြီး ဆင်ဖမ်းမယ်လို့ ထူးမောင်ကပြောခဲ့တာလား ဆရာ"

"ဟုတ်တယ် ဦးဝေလု သူကိုယ်တိုင် ကျုပ်ဆီမှာ ခွင့်တောင်းခဲ့တာ"

ဦးဝေလုက လေပူတစ်ချက်မှုတ်ထုတ်ပြီး နှမ်းလျှမျှော်တော့စွာ ပြုံးနေလေသည်။

"တစ်ချိန်က သူ့အဖေ အောင်ဒွန်းလည်း ကျုပ်ဆီမှာ ဒီလိုပဲ



ခွင့်တောင်းခဲ့တယ် ဆရာ"

"ဗျာ"

ကျွန်တော် တအံ့တသြဖြစ်သွားမိသည်။

"ဆရာ စဉ်းစားကြည့်ပါဦး တောဆင်ရိုင်းတွေကို ကျုပ်တို့လေ့ကျင့်သင်ကြားပြီးသား ဆင်ယဉ်တွေနဲ့ အပြိုင်ပြေးပြီး ကြိုးကွင်းစွပ်ဖမ်းရတဲ့နည်း၊ ဆင်ရိုင်းက ချောက်ရှိရှိ ဆူးခြုံရှိရှိ အတင်းနင်းထိုး ပြေးတဲ့နေရာနောက်ကို ကျုပ်တို့က ဆင်ယဉ်နဲ့ အသက်လုလိုက်ရတာ၊ ဆင်ပေါ်မှာ ဘယ်လိုလိုက်ရတယ်ထင်လဲ၊ ရှေ့ဦးစီးက ဆူးမခြစ်အောင် သစ်ကိုင်းနဲ့ ရိုက်ချတာ မခံရအောင် ဆင်ကျောပေါ်မှာ ပြားပြားဝပ်နေရသလောက် အခန့်မသင့်ရင် ဆင့်နားရွက်အောက်က ခိုတွယ်ပြီး လိုက်ရတယ်၊ ပွဲစီးလုပ်တဲ့လူလည်း မသက်သာဘူး၊ ဝမ်းဗိုက်ကြိုး အမြီးသိုင်းကြိုးခိုပြီး ဆင်ဗိုက်အောက်က မြှောင်လိုက်ရတယ် မျက်စိထဲ မြင်ယောင်ကြည့်စမ်းပါ ဆရာ၊ ကြောက်လန့်တကြား စွတ်ရွတ်ပြေးနေတဲ့ ဆင်ရိုင်းတစ်ကောင်နောက်က မျက်ခြေမပျက်လိုက်ဖို့ ဆင်သမားတွေက ကွန်ဂျီဆင်တွေမှာ သူတို့အသက်ကို ဝါးကွက်အပ်ပြီး လိုက်ရတယ်"

ဦးဝေလုမှာ စကားတစ်ထောက်နားပြီး အဖန်ရည်ခွက်ကို ကောက်ကိုင်ကာ ကျိုက်ချလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"အဲဒီနည်းနဲ့ဖမ်းဖို့ လူအင်အား လက်နက်နဲ့ ဆင်ယဉ်ဘယ်နှစ်ကောင်သုံးရလဲ"

"ကွန့်ဂျီလို့ခေါ်တဲ့ ဖမ်းဆင်လိမ္မာ သုံးကောင်၊ အကူဆင်ကြီးတစ်ကောင်၊ ရိက္ခာတင် ဆင်တစ်ကောင် ငါးကောင်လိုတယ်၊ လူကတော့ ဦးစီးရယ် လက်ထောက်ဦးစီးရယ်၊ ပွဲစီးသုံးယောက်၊ စခန်းစောင့်တစ်ယောက်၊ ရိက္ခာတင် ဆင်ဦးစီးတစ်ယောက်၊ ဆင်ရိုင်းတွေကို လေ့ကျင့်ပေးဖို့ လုပ်သားနှစ်ယောက်နဲ့ ဗာဟီရအတွက် တစ်ယောက်လိုတာပေါ့လေ၊ လက်နက်ကတော့ ခေတ်မီပြည့်စုံလေ ပိုကောင်းလေပါပဲ၊ ဘာဖြစ်လို့လဲဆိုတော့ ကျုပ်တို့ဆင်ဦးစီးတွေရဲ့ အသက်က ဖမ်းဆင်လိမ္မာမှ ချမ်းသာမှာ၊ ကိုယ့်မှာ လက်နက်ရှိထားရင် ပိုကောင်းတာပေါ့ ဆင်ရိုင်းက အန္တရာယ်ပေးရင် ကွန့်ဂျီဆင်မတွေ ကယ်မှရတာ"

ဦးဝေလုစကားကြောင့် ကျွန်တော် ရင်ထိတ်သွားမိသည်။ မည်မျှပင်လိမ္မာသည်ဆိုငြား တိရိစ္ဆာန်က တိရိစ္ဆာန်သာဖြစ်သည်။ လူ့အသက်တစ်ချောင်းကို ဘယ်လို တန်ဖိုးထားနိုင်မည်နည်း။ မိမိသခင်မို့ အတတ်နိုင်ဆုံး ကာကွယ်သည်ထားဦး ခြေချော်လက်ချော်ရှိပါက သူတို့လည်း ဒုက္ခရာအနာတရဖြစ်၊ လူလည်း အသက်စွန့်ရဦးမည်။ အလို ဘုရား… ဘုရား။ ကျွန်တော် ခေါင်းကို ဖြည်းလေး



စွာ ခါရမ်းလိုက်သည်။ ထူးမောင်ကို လွှတ်လို့ ဖြစ်ပါ့မလား။

"ဒါနဲ့ ထူးမောင်အဖေ ကိုအောင်ဒွန်းရော ဘယ်လိုဖြစ်ပြီး ဆုံးသွားတာလဲ"

"အဲဒီတုန်းက ဆင်တစ်စီးနဲ့ သူကဦးစီးထိပ်ကလုက်ပြီး ကြိုးကွင်းနဲ့ သူကိုယ်တိုင်ပစ်တာ၊ အတင်း အကြောက်အကန်ရုန်းပြေးတဲ့ ဆင်ရိုင်းနောက်ကို ကြိုးတန်းလန်းနဲ့ အသက်စွန့်လိုက်နိုင်ခဲ့ပေမယ့် ဆင်ကိုရပြီးခါမှ တောဆင်ရိုင်းတွေ ပြန်လှည့်အလာမှာ ဒုက္ခရောက်တော့တာပဲ၊ ဆင်ကိုရလိုက်ပေမယ့် 'ဆိုးပုံ'ကို လိုက်ကယ်တဲ့ ဆင်မကြီးလက်ချက်နဲ့ အောင်ဒွန်း သေရှာတယ်၊ မသေခင် သူမှာ့ပါတဲ့ သေနတ်နဲ့ ပြန်ပစ်ပါသေးတယ်၊ ဒါပေမယ့် ဆင်မကြီးကိုမထိဘဲ ဆင်ပေါက်ကလေးတစ်ကောင်ကိုပဲ အသေပစ်လိုက်နိုင်တယ် သားအောက်ပ်တော့ ပိုဆိုးတာပေါ့၊ အဲ့လေ အောင်ဒွန်း ကိုယ်တိုင်ကလည်း ကြမ္မာငင်ချိန် ရောက်လာတာကိုး၊ အဲဒီအချိန် သူ့မိန်းမဖြူနှစ်က ထူးမောင်ကို ကိုယ်ဝန်ဆောင်နေပြီဆိုတာ သူသေပြီးမှ သိရတယ်လေ"

ဦးဝေလု၏ စကားများက တစတစ တိုးသက်တိမ်ဝင်သွားကြသည်။ ကျွန်တော်ကိုယ်တိုင်လည်း ကြေကွဲဝမ်းနည်းစွာ နှုတ်ဆိတ်ငြိမ်သက်သွားမိ၏။

www.burmeseclassic.com

www.burmeseclassic.com



"ထူးမောင်ဟာ သူ့အဖေလို တဖွတ်ထိုး တခေါက်ကန်း သမားတစ်ယောက်လို့ ယူဆသလား ဦးဝေလု"

ကျွန်တော့်စကားအဆုံး ဦးဝေလုက ခပ်ဝေးဝေးသို့ ငေးမော ရင်းမှ ခေါင်းကို လေးလေးကန်ကန် ညိတ်ပြလေသည်။ ကျွန်တော် တစ်စုံတစ်ရာ အလေးအနက်ပြောဖို့ စိတ်ကူးလိုက်စဉ်မှာပင်

'ဒါပေမယ့် ထူးမောင်နဲ့တော့ အစွမ်းအစချင်း မတူပါဘူး တဖွတ်ထိုး လုပ်ချင်းတူရင်တောင် ထူးမောင်က လာဘ်မြင်တယ်၊ အကွက်ကျကျ စီစဉ်နိုင်တယ်၊ ပြီးတော့ ဘယ်သူနဲ့မှမတူတဲ့ ကျွမ်းကျင် လိမ္မာမှုရှိတယ်၊ ဆင်နဲ့ပတ်သက်ရင် ထူးမောင်ကို ကျွပ်ယုံတယ်' ဟု ပြောလိုက်ရာ ကျွန်တော် ဘာပြန်ပြောရမှန်းမသိအောင် ဖြစ်သွား ရပါတော့သည်။

* * *



"အားလုံး လူစုံပြီလားဟေ့"

အောင်မြင်ကျယ်လောင်လှသော ဦးဝေလု၏ အသံသြသြ ကြီးကြောင့် ကျွန်တော့်အတွေးစတချို့ လွင့်ပျောက်ပျက်ပြယ်သွား သည်။

ဦးဝေလုနှင့် ထူးမောင်မှာ နတ်ကွန်းပေါ်တွင် ပိတ်နီကိုခင်းကာ မုန့်ဖြူ မုန့်နီခွက်များ ထန်းလျက်၊ ကြံသကာများ နေရာချနေလေသည်။ နတ်တင်ရန် ယူလာသော အရာများထဲတွင် သေပြီးကြက်နီတစ်ကောင် ကိုလည်း တွေ့ရ၏။

ဆင်ဖမ်းလိုက်မည့် ဆင်သမားများ အားလုံးစုံသောအခါ ဆင်ဖမ်းရာတွင် သုံးမည့်လက်နက်ကိရိယာများ၊ ကြိုးများကို စုပုံကာ ပြီး ဆင်သမားများအားလုံးကိုယ်စား ဦးဝေလုက ဆန်ပန်းပေါက်

www.burmeseclassic.com

www.burmeseclassic.com



ပေါက်များကြဲ၍ နတ်ကွန်းကို ပူဇော်လေသည်။

"ဟော့ ဆန်ပန်းတွေကောက်ထားဖို့ မမေ့နဲ့ဦး၊ အဲဒါ ဆေးဝါး အဖြစ်အသုံးတည့်တယ်"

နတ်တင်ပြီး စွန့်ထားသော မုန့်များကို ခွဲဝေစားသောက်နေ သော ဆင်သမားများကို ဦးဝေလုက လှမ်း၍သတိပေးလိုက်၏။

ကျွန်တော် သူတို့လုပ်ကိုင်ဆောင်ရွက်သမျှ ဂရုတစိုက် လိုက် ကြည့်နေသည်ကို မြင်သောအခါ

"ဆရာ့အတွက်တော့ အထူးအဆန်းများဖြစ်နေမလား မသိ ဘူး၊ ဒါ မီလာရီကာနည်းနဲ့ ဆင်ဖမ်းထွက်မယ့် လူတွေမ ဖြစ်မနေ လုပ်ရတဲ့ကိစ္စပဲ၊ ဆရာတို့က အနောက်တိုင်းဆန်တော့ စုန်းမယုံ နတ်မကိုးတာမျိုးတွေရှိမှာပေါ့၊ ဒီမှာတော့ ရိုး ရာအစဉ်အလာပဲ"

ဟု ပြောလေသည်။

"ကျွန်တော် ဗမာလူမျိုးပါ ဦးဝေလု နားလည်ပါတယ်"

ဟု ပြောလိုက်မှ ဦးဝေလုမှာ စိတ်ကျေနပ်သွားကာ

"ဟောဒီဆန်ပန်းတွေကို နယ်နယ်ရရမမှတ်နဲ့နော် ဆရာ၊ ဒါ ဦးစီးဖန်တီတွေရဲ့ အသက်ကယ်ဆေးပဲ"

ဟု ဂုဏ်ယူကျေနပ်သော ကြွားကြွားဝါဝါအသံနှင့် ပြောလိုက် လေ၏။

ထိုစဉ် ကျွန်တော့်အနီးသို့ ထူးမောင်ရောက်လာသည်။ တုတ်ခိုင်သန်မာသော သူ့ခန္ဓာကိုယ်ပေါ်တွင် ဘောင်းဘီအင်္ကျီတို့ကို အထပ်ထပ် ဝတ်ဆင်ထားသောကြောင့် လူဝကြီးတစ်ကောင်လို ဖြစ် နေသည်။

ကျွန်တော်သူ့ကို စိုက်ကြည့်နေတာမြင်တော့ ရှက်ကိုးရှက် ကမ်းပြုံးရင်း

"ဒီလိုဝတ်မှ သစ်ခက်၊ ဝါးခက်တွေ ထိုးတာ ခြစ်တာ သက်သာမှာ ဆရာ"

ဟု ပြောလိုက်လေသည်။

"ဟုတ်တယ် ဆရာ ဆင်ရိုင်းနောက်ကိုလိုက်ရင် သူတို့က ကြိမ်သော ဆူးသော နားမလည်ဘဲ ခြေဦးတည့်ရာ ဖွတ်ပြေး တတ်ကြတာမျိုး၊ အဲဒီအခါ ကွန်ဂျိုတွေကလည်း မျက်ခြေပြတ် မခံဘဲ တိုးလိုက်တာဆိုတော့ သစ်ခက်တွေက ထိုးမိ ခြစ်မိ တာပဲ၊ အဲဒီဒဏ်သက်သာအောင် အဝတ်တွေအထပ်ထပ် ဝတ်ရတာ၊ တကယ်လို့ မတော်တဆ ဒဏ်ရာရပြီဆိုရင်လည်း ဒီ ဆန်ပန်းပေါက်ပေါက်တွေကို ဝါးပြီး အုံ့ရတယ်"

ထူးမောင်နှင့်အတူ ဆင်ဖမ်းလိုက်မည့် ဆင်ခေါင်း မောင်ကြိုင် ကားအဆုံး ကျွန်တော် ခေါင်းတစ်ချက်ဆတ်လိုက်၏။

"ဦးကြီး ကျွန်တော်တို့ သွားတော့မယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဒါနဲ့ မင်းတို့ ကြက်ဖို ကြက်မ ယူမသွားဘူးလား"

ဦးဝေလုစကားကြောင့် ထူးမောင်မျက်နှာ အနည်းငယ်ပျက်သွားသည်။

"မယူတော့ဘူး ဦးလေး တကယ်လို့ နိမိတ်ပုံမကောင်းရင် အလုပ်ဖြစ်မှာမဟုတ်ဘူး၊ စိတ်ထင့်နေရလိမ့်မယ်"

ထူးမောင်သည် ထိုသို့ပြောရင်း မီးလာရှိကာသုံး ကြိုးခွေကြီးကို ပခုံး၌ချိတ်ကာ သူ့ဆင်ရှိရာသို့သွား၏။

"အဲဒါ ဘာအဓိပ္ပာယ်လဲ ဦးဝေလု"

ကျွန်တော့်အမေးစကားကြောင့် ဦးဝေလုက ကွမ်းကိုခပ်မှန်မှန်ဝါးနေရင်းမှ ပြုံးကာ

"ဘုရင့်နောင် ဖောင်ဖျက်တိုက်သလိုပေါ့ ဆရာ၊ ဘာဖြစ်ဖြ
နောက်မဆုတ်ဘဲလုပ်မှာမို့ နိမိတ်တွေ အတိတ်တွေ မဆော
တော့တာနေမှာပေါ့၊ ကျုပ် ထူးမောင်ကိုချစ်တာ အဲဒီစိတ်
ကျုပ် အမြင်ကပ်တာလည်း အဲဒီစိတ်ဓာတ်ပဲဗျ"

ဟု အားရပါးရပြောလေသည်။

ထိုအချိန်တွင် ထူးမောင်တို့အဖွဲ့မှာ ကွန်ဂျီဆင်မများ ရိကျ
တင်ဆင်များနှင့် စခန်းမှထွက်ခွာရန် အဆင်သင့်ဖြစ်နေပေပြီ။

ဦးဝေလု သတ်မှတ်တွက်ချက်ပေးသည့်အချိန်သို့ ရောက်သည်
နှင့် တပြိုင်နက် အားလုံး စတင်ထွက်ခွာသွားကြတော့သည်။ တ



ရွေ့ဆေး၍ ပါသွားသော ဆင်ပေါ်မှ ထူးမောင်၏မျက်လုံးများသည် ကျွန်တော့်ထံတွင် ငေးစိုက်ကျန်ခဲ့ကြောင်း သတိပြုလိုက်မိ၏။

ဆင်ဖမ်းအဖွဲ့မှာ မကြာခင် တောအုပ်ထဲသို့ဝင်ကာ မြင်ကွင်းမှာ တစတစ မှုန်ဝါးပျောက်ကွယ်သွားတော့သည်။ ဆင်အော်သံများနှင့် တောသည် မကြာခင် အသက်ဝင်လာပေတော့မည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



"အဆင်သင့်ဖြစ်ပြီလား မောင်လုံး"

"ဖြစ်ပါပြီ ဆရာ၊ ပြီးတော့ ခုလောက်ဆို ထူးမောင်တို့လည်း တောထဲရောက်နေပြီ၊ ဆရာ ထွက်မယ်ဆို ခုချိန်က အနေ တော်ပါဘဲ"

"မင်း သူတို့အဖွဲ့နဲ့မလိုက်ဘဲ နောက်ချန်နေရစ်တာ ထူးမောင် ရိပ်မိသွားလား"

ကျွန်တော့်စကားအဆုံး မောင်လုံးက ရယ်နေသည်။

"မရိပ်မိပါဘူး ဘာကိုရိပ်မိမှာလဲ၊ အရင်ကလို မလိုက်တော့ နည်းနည်းအံ့ဩနေတယ်၊ ပြီးတော့ ငါ့ကိုယုံလားလို့ မေး တယ်"

မောင်လုံးစကားကြောင့် ကျွန်တော် ဟက်ဟက်ပက်ပက် ရယ်လိုက်မိသည်။ ထိုစဉ် ကျွန်တော်တို့ရောက်နေရာနှင့် မလှမ်းမကမ်း ကျုံးမှ ဆင်အော်သံကို ကြားလိုက်ရ၏။

"ဟော ဆရာ ကြားလား အဲဒါ ဆိုးပုံအသံပဲဗျ"

"ထူးမောင် ဆိုးပုံကို မခေါ်သွားဘူးလား"

"ဆင်ဖမ်းရင် ကွန်ကျီဆင်မတွေပဲသုံးရတယ်၊ ဆိုးပုံကိုခေါ် သွားလို့ ဘယ်ဖြစ်မှာလဲ၊ ဆိုးပုံကတော့ စိတ်ကောက်ပြီး ကျန်ခဲ့မှာပေါ့"

"ဒါနဲ့ ဆိုးပုံခေါ်သွားတဲ့ ဆင်မတွေက တော်တော်လိမ္မာ သား"

"သေချာကျင့်ပေးထားတာကိုး၊ အဲဒီထဲမှာ ပုလဲဆိုတဲ့ ဆင်မ ကြီးနဲ့ မလှဆိုတဲ့ ဆင်မက တကယ်တော်တဲ့ ကွန်ကျီ တွေ"

"ကဲ ငါတို့လည်း သွားမှဖြစ်မယ်၊ အရမ်းနောက်ကျရင် မျက်ခြေပြတ်နေလိမ့်မယ်"

ကျွန်တော့်စကားအဆုံး မောင်လုံးက ခေါင်းတစ်ချက်ညိတ်ပြီး သွားရန်ပြင်လေတော့သည်။

ကျွန်တော်နှင့် မောင်လုံးမှာ ထူးမောင်တို့ဝင်သွားရာ တောထဲ သို့ လိုက်ဝင်ခဲ့သည်။ အတော်လေးဝင်မိကာမှ ဆင်သံတွေကြားရ သည်။

ကျွန်တော်နှင့် မောင်လုံးမှာ ခြေကျင်လိုက်လာကြခြင်းဖြစ်၏။

www.burmeseclassic.com



"ဆရာ ဆရာကြီးရလား တောဆင်ရိုင်းတွေ အော်ပြီး ပြေးတဲ့အသံတွေ"

မောင်လုံးစကားအဆုံး ကျွန်တော် ခေါင်းညိတ်ပြလိုက်သည်။ ရှူးရှူးရှားရှားအော်ဟစ်ကာ ပြေးလွှားနေသော ဆင်သံများကြောင့် ကျွန်တော့်ရင်ထဲ ထိတ်ခနဲဖြစ်သွားသည်။

ဆင်ရိုင်းအုပ်နှင့် ထူးမောင်တို့ ထိပ်တိုက်တွေ့နေပြီထင်သည်။

"ဟုတ်တယ် မောင်လုံး ငါတို့နဲ့ ဘယ်လောက်မှ မဝေးတော့ဘူး"

ပြောပြောဆိုဆို ကျွန်တော် သေနတ်ကိုလွယ်ရင်း သစ်ပင်ချုံနွယ်များကို အတင်းတိုးဖွေ့ကာ ရှေ့သို့ ဆက်တက်ခဲ့၏။

"သိပ်ပြီး အရဲကိုးမသွားနဲ့ဦး ဆရာ၊ ဆင်ရိုင်းတွေ ကျွန်တော်တို့ဘက် အုပ်လိုက်ပြီးလာရင် ခက်မယ်"

"ငါတို့ဘက်မလာနိုင်ပါဘူးကွာ၊ အသံတွေ နားထောင်ပါလား တဖြည်းဖြည်း ဝေးသွားတာ"

"ဟော ဒီမှာကြည့်ပါဦး ဆရာ၊ သစ်ခက်တွေ ကြေမွလို့ ဧကန္တ ထူးမောင်တို့အဖွဲ့ ဒီလမ်းအတိုင်း သွားကြတာပဲ ကျွန်တော်တို့ ဘယ်လမ်းက လိုက်မလဲ"

မောင်လုံးစကားအဆုံး ကျွန်တော် ဘေးဘီကိုဝေ့ဝဲကြည့်လိုက်သည်။ ညာဘက်အတိုင်း ဆက်တက်သွားလျှင် လျှိုထဲဆင်းရမည်။ တည့်တည့်ဆက်သွားပါက ထူးမောင်တို့ကို မမီဘဲ ပတ်လိုက်သလိုဖြစ်နေမည်။



"မောင်လုံး ဒီဖက်လမ်းကသွားရင် ဘယ်ရောက်မလဲ"

"ဒီဘက်မှာ ငှက်ပျောရိုင်းတောကြီးရှိတယ်၊ အဲဒီဘက်က ဖြတ်လိုက်မယ်၊ ဟိုဘက်လျှိုကဆင်းရင် တွေ့မှာမဟုတ်တော့ဘူး၊ သူတို့ အဲဒီဘက် ပြေးမှာမဟုတ်ဘူး"

မောင်လုံးစကားကို ကျွန်တော်လက်ခံလိုက်သည်။ မောင်လုံးက တောကျွမ်းပြီးသားဖြစ်သောကြောင့် သူရွေးသည့်လမ်းကြောင်းက အမှန်ဆုံးဖြစ်ပေလိမ့်မည်။

ကျွန်တော်တို့နှစ်ယောက် ငှက်ပျောရိုင်းတောကို ဖြတ်ခဲ့ရသည်။ ငှက်ပျောရိုင်းတောမှာ တစ်ပင်နှင့်တစ်ပင် အကြားအလပ်မရှိ၊ မြင့်မြင့်သမျှ စိမ်းစိုဝေဆာနေပြီး စိုထိုင်းထိုင်းဖြစ်နေသည်။

"ဟာ ငှက်ပျောသီးတွေ ထိန်နေတာပဲ အပင်တင် မှည့်ဝင်းနေပါလား"

ဖွံ့ထွားကြီးမားသော ငှက်ပျောခိုင်တစ်ခိုင်ကို လက်ညှိုးထိုးရင်း ပြောလိုက်သည့် ကျွန်တော့်စကားအဆုံး မောင်လုံးက သဘောကျစွာ ရယ်နေသည်။

"ဆင်တွေ အကြိုက်ပဲလေ"

"ဒါနဲ့ လူရော စားမရဘူးလား"

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်စကားကြောင့် မောင်လုံးက နေရာတွင်ရပ်ပြီး တောငှက်ပျောရိုင်း မြင့်မြင့်ကြီးတစ်ပင်ပေါ်ရှိ ငှက်ပျောခိုင်တစ်ခိုင် အသီးသုံးလေးလုံးကို လှံနှင့်တောက်ချကာ ကျွန်တော့်ထံသို့ လှမ်းပစ်ပေးလေသည်။

"ဆရာကြိုက်တယ်ဆို အပြန် ဆင်တစ်စီးစာ တင်ခဲ့ပေးမယ်"

ဟုလည်း ရယ်ရယ်မောမောနှင့်ပြော၏။

ကျွန်တော် ငှက်ပျောသီး မှည့်မှည့်ဝင်းဝင်းကြီးကို အလျှင်စလိုခွာပြီး တစ်ကိုက်,ကိုက်လိုက်သည်။

"ဗွီ ဘယ်နှယ့်ဟာတုန်းကွာ"

မောင်လုံးက သဘောကျစွာ ရယ်မြဲရယ်နေ၏။

ငှက်ပျောသီးမှာ အရသာမဆိုးသော်လည်း ကြမ်းတမ်းချွဲပျစ်ကာ ဖန်ချင်သလိုလိုပင်။ ရိုးရိုးငှက်ပျောနံ့ပင်ဖြစ်သော်လည်း ငှက်ပျောသီးနှသကဲ့သို့ ဖန်တွတွဖြစ်ကာ အထဲတွင် အူတိုင်နှင့် ယင်ကောင်ခေါင်းခန့်ရှိသော အစေ့မည်းမည်းကြီးများ အမြောက်အများပါနေသည်။

"ကဲ အချိန်လင့်နေမယ် ဆက်လိုက်ကြဦးစို့ကွာ"

"ငှက်ပျောသီးတွေ မယူတော့ဘူး ဆရာ"

"တော်စမ်းပါကွာ"

မောင်လုံးက ငှက်ပျောပင်ပေါ်မှ အခိုင်မှည့်ဝင်းဝင်းများကို



ကြည့်ကာ ပြုံးစေ့စေ့နှင့် ရှေ့ဆက်လျှောက်သွားသည်။

ကျွန်တော့်မှာ ပါးစပ်ထဲ ဖန်တွတွဖြစ်နေသောကြောင့် ခါးကြားမှရေဗူးကိုဖြုတ်ကာ တစ်ငုံငုံပြီး အာလုတ်ကျင်းလိုက် ထွေးလိုက်လိုက်လုပ်နေရသေးသည်။

"ဆရာရေ ဒီမှာတွေ့ပြီဗျ"

"ဟင် ဘာတုန်း"

ငှက်ပျောရိုင်း တောထဲမှအထွက် မြေပြင်ပေါ်မှ တစ်စုံတစ်ရာကိုကြည့်ကာ မောင်လုံးက အားရပါးရ အော်လိုက်ခြင်းဖြစ်၏။

"ဒီမှာလေ ဆင်ချေးပုံကြီး အငွေ့တောင်မသေ,သေးဘူး သူတို့ ဒီကနေဖြတ်ပြီး အနောက်ဘက်ထဲ သွားကြတယ် ဆရာ၊ ကျွန်တော်တို့ မှီတော့မှာပါ"

ကျွန်တော် ဝမ်းသာသွားမိသည်။ ပင်ပန်းနွမ်းနယ်စိတ် ဘာမှမရှိတော့ဘဲ ဆင်ဖမ်းအဖွဲ့ကိုမီရန်သာ စိတ်စောသွားသည်။

"ကျည်"

ဆင်အော်သံစူးစူးကို အနီးကပ်ကြားလိုက်ရသည်။ အင်ကြင်းပင်ကြီးအကွယ်တွင် ကျွန်တော်ရော မောင်လုံးပါ ရပ်လိုက်ကြသည်။ ရှေ့တွင် ဒရောသောပါး ဖြတ်ပြေးသွားသော ဆင်ရိုင်းကြီးတစ်ကောင်ကို တွေ့လိုက်ရသည်။

မကြာခင် နောက်မှလိုက်လာသော ထူးမောင်နှင့် မှုလဲကို

www.burmeseclassic.com

www.burmeseclassic.com



တွေ့လိုက်ရသည်။

ပုလဲသည် ဆင်ရိုင်းပေါက်နောက်မှ တာဝန်ကျေစွာ ခြေရာခံ လိုက်လာနိုင်၏။ သို့သော် ဆင်ရိုင်းကြီးက ချက်ချင်းလမ်းကြောင်း ပြောင်းသွားသည်။

"ကျည်"

အရှိန်လွန်သွားသော ဆင်မကြီး ပုလဲမှာ နှာမောင်းကို မြှောက် ပြီး တုန့်ခနဲရပ်သွားသည်။ ဆင်ပေါ်မှထူးမောင်မှာ ပုလဲကို ကွေ့မလိုက် စေဘဲ တစ်ဖက်ကို ဦးတည်ပြီး ဆက်ပြေးစေသည်။

သူ့နောက်မှ ပုံချိပ်စီးသော ကြွက်နီမှာလည်း ပုလဲကို မလွတ် တမ်း စူးနှင့်ထိုးဆွပေးနေလေသည်။ ပုလဲမှာ တရှူးထိုးဆက်ပြေးလေ တော့၏။

"ဒီဘက်ကို ထူးမောင်တို့အဖွဲ့ အုပ်ကွဲလာပြီ ဆရာ

ကျွန်တော်တို့ ဆက်လိုက်ကြမယ်"

ကျွန်တော် ခေါင်းဆတ်ပြပြီး နောက်ကဆက်လိုက်ရန် အချက် ပြလိုက်သည်။

"ကျည်"

ရှေ့ကို ဆက်မပြေးဘဲ အကြောက်အကန်အော်ရင်း နောက်ကို လှည့်ပြေးမည်လုပ်နေသည်ကို ခပ်လှမ်းလှမ်းမှ တွေ့လိုက်ရသည်။ ကျွန်တော့်ရှေ့တွင်မှ တစ်စုံတစ်ရာ မပြောနိုင်ခင် မောင်လုံးပင်လျှင် ပါးစပ်

အပေါင်းသားနှင့် အံ့သြငြိမ်သက်သွားသည်။

"တောက် မိပုလဲ ဘာဖောက်နေပြီလဲ မသိဘူး၊ ထူးမောင် ဖြတ်လမ်းကလိုက်ဖို့ လုပ်နေတာဗျ"

"ရှေ့မှာ ဘာတွေ့နေပြီလဲ မသိဘူးကွ"

ထိုအခါမှ မောင်လုံးမှာ ခေါင်းတစ်ချက်ညိတ်ရင်း ရှေ့သို့တိုး သွားရန် ကျွန်တော့်ကို လက်ကုပ်သတိပေးလေသည်။

"ကျည်"

ထူးမောင်မှာ မိပုလဲကို ချွန်းနှင့်ပေါက်ရင်း ရှေ့ဆက်ပြေးရန် အတင်းအော်ဟစ်မောင်းမဲနေ၏။

"တက်... တက်ဟ"

ထူးမောင်အသံက ဒေါသထွက်နေမှန်း သိသာပါသည်။

"မိပုလဲ ရှေ့ကိုမသွားရဲဘူး ဆရာ"

"ရှေ့မှာ ဘာရှိလို့လဲ"

"ဟိုမှာ လှမ်းကြည့်ပါဦး ဆရာ"

သိပ်ပြီးမကျယ်လှသော ချောင်းရိုးတစ်ခုကို အတိုင်းသား မြင်လိုက်ရလေသည်။ ထိုချောင်းကို ကျွန်တော် တစ်ကြိမ်ဖြတ်ဖူးသည်။ ရေမှာ ခါးမရောက် တစ်ရောက်သာရှိပြီး တော်ရုံအရပ်မြင့်လျှင် ခွလွတ် နိုင်သော အနေအထားပင်ဖြစ်ပါသည်။

"မိပုလဲ အဲဒီချောင်းထဲကို မဆင်းရဲတာ"

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လို့လဲ"

"အဲဒါ ဆင်ကြောက်ချောင်းပဲ ဆရာ"

မောင်လုံးစကားအဆုံး ကျွန်တော် အလွန်အံ့သြသွားမိသည်။

"ဆရာ ဟိုမှာ ထူးမောင် တော်တော်ဒေါသထွက်နေပြီ မိပုလဲကို ချွန်းနဲ့ချည်း လိုမ့်ပေါက်နေတာ ကြာရင်မလွယ်တော့ဘူး"

ကျွန်တော် သစ်ပင်အကွယ်မှ ထွက်လိုက်သည်။ ထို့နောက်

"ထူးမောင် ဟေ့... ထူးမောင်"

ထူးမောင်ကြားအောင်အော်ပြီး အသံပေးလိုက်၏။ ထူးမောင်မှာ ချွန်းကိုရုတ်ပြီး ကျွန်တော့် အသံလာရာကို တအံ့တသြလှည့်ကြည့်သည်။

"ဆရာ ဘယ်က ဘယ်လို"

"စိတ်လျှော့လိုက်ပါ ကောင်လေးရာ"

ကျွန်တော့်စကားကြောင့် ထူးမောင်မျက်နှာ မည်းခနဲဖြစ်သွား၏။

"ဒီမယ် မိပုလဲ ပေကပ်ကပ်လုပ်တာနဲ့ ဆင်တစ်ကောင်လုံး လွတ်သွားတာ ဆရာ"

"မဟုတ်သေးပါဘူးကွ၊ ပုလဲက ချောင်းထဲမဆင်းရဲတာ မင်းသိရဲ့မဟုတ်လား"



ထူးမောင် ဘာမှပြန်မပြောဘဲ ရှေ့ခပ်လှမ်းလှမ်းမှ ချောင်းကို တွေတွေကြီး စိုက်ကြည့်နေသည်။ ထို့နောက် သက်ပြင်းကို ဖွဖွချပြီး အခဲမကျေသောပုံစံနှင့် အံကို တင်းတင်းကြိတ်လိုက်သည်ကို တွေ့ရသည်။

"လာပါကွာ ဒီနေ့မရ နောက်နေ့ ရ,ရမှာပေါ့ စခန်းပြန်ကြတာပေါ့"

ကျွန်တော့်စကားအဆုံး ထူးမောင့်မျက်နှာက အနည်းငယ်နူးညံ့ပျော့ပျောင်းလာသော်လည်း သိပ်ပြီး ကျေနပ်ပုံမပေါ်ချေ။

သို့သော် ကျွန်တော့်စကားကို မလွန်ဆန်ချင်သလို စခန်းသို့ ပြန်လိုက်ရန် ဆင်ကို ဦးလှည့်ခိုင်းသည်ကို တွေ့လိုက်ရလေတော့၏။ တောသည် တိတ်ဆိတ်ငြိမ်သက်စွာ သာယာစိုပြေသွားပြန်တော့သည်။

* * *

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



"ထူးမောင်တစ်ယောက် မတွေ့မိပါလား ဦးဝေလု"

"သူ့အတော်လေး မကျေမနပ်ဖြစ်နေတယ် ထင်ပါရဲ့ ဆရာ ရောက်ရောက်ချင်း ဘယ်ထွက်သွားမှန်း မသိတော့ဘူး"

ကျွန်တော် ခေါင်းတစ်ချက်ညိတ်လိုက်သည်။

"နေပါစေ ဦးဝေလု သူ စိတ်မကြည်သေးသရွေ့ သူ့ဘာသာ နေပါစေ ဘာမှမနိုင်းပါနဲ့ဦး"

"ကောင်းပါပြီ ဆရာ၊ ထူးမောင်က နိုင်းလဲ အသာတကြည် နာခံမယ့်လူစားမျိုးမဟုတ်ဘူး၊ သူ့စိတ်နဲ့မတွေ့ရင် ဘယ်သူ့စကားမှ နားမထောင်လို့ ကျုပ် လက်မြှောက်ထားရတာ ကြာပါပကော၊ ဒါနဲ့ ဘယ်လိုဖြစ်ပြီး ထူးမောင်က ဆရာနဲ့ အတူပြန်ပါလာတာလဲ"



"အဲဒါ ပြောမလို့ပဲ ဦးဝေလု ထူးမောင်ကို ကျုပ်တို့ မိသွားတာ ဆင်ကြောက်ချောင်းနားမှာ"

"ဘာ ဆင်ကြောက်ချောင်း ဟုတ်လား အဲဒီကို ရောက်ခဲ့တာ ပေါ့"

"ဟုတ်တယ် ဦးဝေလု ကျုပ်တို့ ဆင်ကြောက်ချောင်းလို့ပြောတဲ့ ချောင်းလက်တက်လေးကို ရောက်ခဲ့တယ်၊ အဲဒီချောင်းကို ကျုပ် ဘယ်မြေပုံမှာမှ ရှာလို့မတွေ့ခဲ့ဘူး အဲဒါ ဘာကြောင့်လဲ"

"ဘာကြောင့်ရမှာလဲ ဆရာရယ်၊ မိပုလဲ အဲဒီချောင်းထဲ မဆင်းဝံ့ကတည်းက အဖြေက ရှင်းနေပြီ၊ အဲဒါ ဆင်တွေ ကြောက်လို့ ဆင်ကြောက်ချောင်း ဖြစ်သွားတာပေါ့"

"ဆင်တွေက ရေမကြောက်ဘူးဆိုတာ အားလုံး သိတာပဲ"

"ဒါပေမယ့် အဲဒီချောင်းကိုတော့ ကြောက်တယ်လေ အဲဒီချောင်းမှာ ရေဆင်ရှိတယ်လို့ ယူဆရတာပဲ"

"ရေဆင် ဟုတ်လား"

ထူးဆန်းလှသောစကားကြောင့် ကျွန်တော်မျက်လုံးပြူး သွားရသည်။ ရေဆင်တဲ့။ စွယ်စုံ၊ တည်၊ ဟုံ၊ ဟိုင်း ရယ်လို့ ဆင်အမျိုးမျိုးကို ကျွန်တော်ကြားဖူးသော်လည်း ရေဆင်ဟူသည်ကို တစ်ခါမျှ မကြားဖူး။ ဒဏ္ဍာရီဆန်စွာ ပြောဆိုနေခြင်းလောဟု သံသယဖြစ်သွားမိသည်။

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



ကွန်ဂျီဆင်မကြီး ရေထဲမဆင်းရဲသည်ကတော့ အမှန်ပင်။

"ရေဆင် ဟုတ်လား ဦးဝေလု ရေဆင်ဆိုတာ တကယ်ရှိ လို့လား ဒါ ယုံတမ်းသက်သက်ပဲ"

ထိုအခါ ဦးဝေလုက ဘာမှမပြောသေးဘဲ သူ့ဆေးတံကို ဆေးအပြည့်သိပ်ကာ မီးညှိနေ၏။ ထို့နောက်-

"ယုံတမ်း ဟုတ်မဟုတ်တော့ မပြောတတ်ဘူး၊ ကျုပ်သိရသ လောက်တော့ ဆင်ကြီးတွေဟာ ရေဆင်ရှိတဲ့ ချောင်း၊ မြောင်း၊ အင်းအိုင်ကို သိပ်ကြောက်တယ်၊ ရေဆင်အရှင်ကို မပြောနဲ့ အသေကောင်ခြောက်ကိုတောင် တော်တော် ကြောက်တယ်တဲ့ ခုလည်း မိပုလဲ ရေထဲမဆင်းရဲတာ ရေဆင်ကြောင့်လို့ တစ် ထစ်ချယုံရမယ်ထင်တယ်"

ဟု တွေးတွေးဆဆ ပြောလေသည်။

"ရေဆင်ကြောင့် ဆင်ကြီးတွေ အန္တရာယ်ဖြစ်ခဲ့ဖူးလို့လား"

ကျွန်တော့်မေးခွန်းမှာ ခိုင်မာလေစွ။ ဦးဝေလု မည်သို့ဖြေ မည်ကို စိတ်ဝင်စားစွာ နားစွင့်နေလိုက်သည်။ ဦးဝေလုသည် ဆေးတံကို အားရပါးရ ဖွာရှိုက်ရင်း ဆင်ကျုံးဘက်သို့ငေးကာ အတန်ကြာငြိမ်သက် နေလေသည်။

"ဟိုတစ်နှစ်က သိန်းခိုင်အောင်ဆိုတဲ့ ဆင်ပေါက်တစ်ကောင် အဲဒီချောင်းထဲဆင်းပြီး သေဖူးတယ်၊ ရေဆင်ထိုးတယ်လို့



ပြောကြတာပဲ၊ ကျုပ်ကတော့ ဘယ်သူ့စကားကိုမှ မျက်စိမှိတ် မယုံဘူး၊ တောထဲမှာဆိုတော့ ကျုပ်တို့မသိခင် သိန်းခိုင်အောင် ပိုးပဲထိသလား၊ ဒါမှမဟုတ် အပူရှပ်ပြီးသေသလား၊ နှလုံး သွေးရပ်တာတို့၊ ကြွက်တက်တာတို့ပဲဖြစ်သလား အမျိုးမျိုး တွေးမိတာပဲလေ၊ ဒါပေမယ့် တစ်ချို့ကတော့ ရေဆင်ထိုး တယ်ပဲ အတိအကျပြောကြတယ်၊ စခန်းမှာ ဆင်ဆေးဆရာ သတ်သတ်မှတ်မှတ်မရှိတော့ ရောဂါကို အတည်ပြုလို့မရဘူး ဒါပေမယ့် သိန်းခိုင်အောင်က စွယ်စုံဆင်ပေါက်၊ အသက်မှ ဆယ့်ရှစ် ဆယ့်ကိုးရှိသေးတာ မကျန်းမမာဖြစ်နေတာလည်း မဟုတ်တော့ မှန်းရခက်တာပေါ့လေ"

ကျွန်တော် ဘာမှပြန်မချေပနိုင်ပါချေ။ ဟုတ်သည်၊ မဟုတ် သည်အပထား။ ဆင်မကြီး ရေထဲ မဆင်းရဲသည်မှာတော့ သူ့မျက် မြင်ပင်ဖြစ်၏။

"အေးဗျာ ဒီလိုဆိုရင် ရေဆင်ရှိတယ်လို့ လက်ခံရမလို တောင် ဖြစ်နေပြီ"

"ကျုပ်တို့လည်း ခုထိမမြင်ဖူးသေးပါဘူး၊ တဆင့်စကား တစ်ဆင့်နားပေါ့ဗျာ၊ ရေဆင်ထိုးလို့ ဆင်ကြီးတွေသေတယ် ဆိုတာတော့ မကြာခဏ ကြားနေရတာပဲ၊ မရှိဘဲနဲ့တော့ ဆင်တွေ ရေထဲဆင်းဖို့ကြောက်တာ ယုတ္တိမတန်ပါဘူး

www.burmeseclassic.com

www.burmeseclassic.com



သူတို့လည်း သူတို့ဗီဇနဲ့သူတို့၊ အန္တရာယ် အရိပ်အငွေ့တော့ ခံစားမိမှာပေါ့”

ဦးဝေလုမှာ မီးသေသွားသော သုံ့ဆေးတံကြီးထဲမှ ဆေးကြေး(ကျိုး)များကို တဒေါက်ဒေါက်ချရင်း ဘာမှမပြောတော့ချေ။ ကျွန်တော်လည်း ရောက်တတ်ရာရာ အတွေးများနှင့် ရေခဲကို ပုံဖော်ငေးမောရင်း ငြိမ်သက်နေလိုက်မိ၏။

* * *



မြူများ ထူထပ်အုံ့ဆိုင်းစွာကျနေသော တောတောင်ပတ်ဝန်းကျင်ကိုကြည့်ရင်း ကျွန်တော်တစ်ယောက်တည်း အိမ်ကို သတိရမိသလိုလို၊ လွမ်းသလိုလိုဖြစ်နေမိသည်။ ကျွန်တော်သည် အလုပ်ခွင်ထဲရောက်လျှင် မိသားစုကို မေ့ရှော့တတ်သည်ဖြစ်ရာ ယခုလို တောငွေ့တောင်ငွေ့တွေမြင်မှ အောက်မေ့မိတော့၏။

“ဆရာ”

“ဪ ထူးမောင်ပါလား”

ရက်သတ္တပတ်ခန့် မတွေ့ရသေးသောကြောင့် ထူးမောင်ကို မြင်လျှင်မြင်ချင်း ဝမ်းသာသလိုဖြစ်သွားမိသည်။ ထူးမောင်က တဲအတွင်းကို စေ့ဝဲကြည့်ပြီးမှ

“ဆရာ ဒီမနက် ဘယ်မှသွားစရာမရှိဘူးလား”

www.burmeseclassic.com

www.burmeseclassic.com



ဟု ထူးထူးဆန်းဆန်း စပ်စုလေသည်။

"ဟော မရှိပါဘူးကွာ ဘာဖြစ်လို့တုန်း"

ထူးမောင်သည် ကျွန်တော့်သေနတ်ကို အတန်ကြာ စူးစိုက် ကြည့်နေ၏။ ထို့နောက် ကျွန်တော့်ဘက်ကို လှည့်ကာ

"ဆရာ ကျွန်တော် သေနတ်ကောင်းကောင်း ပစ်တတ်

အဲဒါ…"

"အဲဒီတော့ ဘာဖြစ်လဲ"

"ကျွန်တော့်ကို သေနတ်ခဏလောက် ငှားပါလား ဆရာ"

"ဘာလုပ်မလို့လဲကွ"

ထူးမောင်စကားကို ကျွန်တော် အံ့လည်းအံ့သြသွားမိသည် ထူးမောင်သည် လူတစ်ဖက်သားကို အားနာတတ်ပြီး ရောရော ဝင်နေလေ့မရှိသူဖြစ်ရာ ယခုလို ကျွန်တော့်ထံမှ အရေးအပါ ပစ္စည်းကို ငှားလား၊ ရမ်းလားလုပ်လိမ့်မည်ဟု ထင်မထားချေ။

"ကျွန်တော် ကိစ္စတစ်ခု အရေးတကြီးရှိလို့ပါဆရာ၊ ပြီးတ သေနတ်ကို ချက်ချင်းလာပြန်အပ်ပါ့မယ်"

"မင်းဟာက လွယ်လှချည်လား ထူးမောင်ရ"

ကျွန်တော့်စကားကြောင့် ထူးမောင်က ရှက်ရွံ့ အားနာ ခေါင်းငုံ့သွားသည်။ တော်တော်ကြီး မတတ်သာလို့ ဖွင့်ပြောရ ပုံစံမျိုးဖြစ်နေသောကြောင့် သူ့ သေနတ်လိုချင်ရခြင်း၏ အကြောင်းရင်



စိတ်ဝင်စားသွားမိသည်။

"ဆရာ့ဆီက သေနတ်ရမှ ဖြစ်မှာမို့ပါ ဆရာ"

ကျွန်တော့်သေနတ်မှာ တာဝန်ဝတ္တရားနှင့် ရာထူးအရ အင်္ဂလိပ် အစိုးရ ထုတ်ပေးထားသော ပစ္စည်းဖြစ်ရာ ထိုသေနတ်နှင့် ပတ်သက်ပြီး ကျွန်တော့်မှာ တာဝန်ရှိပါသည်။

"ဘယ်လိုမှ မဖြစ်ဘူး ထူးမောင်၊ မင်းဘာလုပ်မယ်မှန်း မသိဘဲ ငှားလိုက်လို့မဖြစ်ဘူး၊ တစ်ခုခုဖြစ်လာရင် ငါ့ကို အထက်က အပြစ်ပေးလို့ရတယ်"

"ဆရာဘာမှ ဒုက္ခမရောက်စေရပါဘူး၊ ကျွန်တော် တာဝန်ယူ ပါတယ်၊ သေနတ်ကို ခဏပဲ ပေးလိုက်ပါဗျာ"

ကျွန်တော် စိတ်ရှုပ်ထွေးစွာ ခေါင်းကို ခပ်သွက်သွက် ခါရမ်း ပစ်လိုက်သည်။ သူ တာဝန်ယူမည့်ဆိုသည့်အပိုင်းတွင် ကျွန်တော် ရာထူး၊ ဂုဏ်သိက္ခာပါမည်မဟုတ်ကြောင်း ကျွန်တော် ကောင်းစွာနား လည်ထားသည်။

"မင်း ဒါကို အလွယ်လေးလို့ ထင်နေသလား ထူးမောင် ဒါ အင်္ဂလိပ်အစိုးရက ထုတ်ပေးထားတဲ့ သေနတ်ကွ၊ ရှင်းရှင်း ပြောရရင် ငါလည်းမပိုင်ဘူး၊ ခု မင်းဟာက ဘာအကြောင်း အကြောင်းမှ မယ်မယ်ရရမရှိဘဲ ငှားလိုက်ရမယ်ဆိုတော့ မလွန်ဘူးလား"

www.burmeseclassic.com

www.burmeseclassic.com



ထူးမောင်မှာ ဘာမှပြန်မပြောရှာဘဲ ခပ်တွေတွေ ငေးနေလေသည်။

"အဲဒါဆို ငှားလို့မရဘူးပေါ့"

"ဟုတ်တယ် ငှားလို့မရဘူး"

ကျွန်တော့်စကားအဆုံး ထူးမောင်မှာ ပြန်မပြောသာသော်လည်း မကျေနပ်ဒေါသထွက်သည့် အမူအရာကို အတန်တန်ချိုးနှိမ်ထားရပုံမျိုး ဖြစ်နေလေသည်။

ထို့နောက် ကျွန်တော့်ကို ထူးဆန်းလှျိုဝှက်သည့် အကြည့်မျိုးနှင့် စိမ်းစိမ်းကြီးစိုက်ကြည့်ကာ ချာခနဲ လှည့်ထွက်သွားလေတော့၏။

* * *



တစ်မနက်လုံး ဆင်စခန်းရှိ လှေကျင်းရာနေရာတွင် ကျွန်တော် ...တော်လေး အလုပ်ရှုပ်နေခဲ့သည်။ အမှန်တော့ ကျွန်တော့်အဖြစ်က ...ကိုယ်တိုင် လူမပင်ပန်းသော်လည်း စိတ်အပင်ပန်းရဆုံးပင် ဖြစ်သည်။

ဦးဝေလုနှင့် ဆင်ခေါင်းမောင်ကြိုင်တို့ လူစုမှာ တစ်မနက်လုံး ...ဆင်များကို ညှပ်ထည့်၊ ကျုံးသွင်းပြီး ပုခက်နှင့် ကျင့်ပေးနေကြသည်။

"စီးလာ... မချော၊ စီးလာ... စီးလာ"

ဟူသော ဦးဝေလုနှင့် မောင်ရွှေဒိုးတို့ ဆင်များကို စီးလာ...ကိုက်သင်နေသော အသံများကို ကျယ်ကျယ်လောင်လောင် ကြားနေရ...လေ၏။

"မက်... မက်"

ဟု အော်လျှင် ပုခက်တွင် ကျင့်ပြီးသား ဆင်ပေါက်များမှာ

www.burmeseclassic.com

www.burmeseclassic.com



ဝယ်ဖို့ ထိုင်ဖို့ ကောင်းကောင်းကျင့်သား မရသေးချေ။

"လွတ်... လွတ်"

ဟု အော်လျှင်လည်း ထရကောင်းမှန်းမသိသေးချေ။ သို့သော် ဆင်ဦးစီးကောင်း၊ ဆင်ခေါင်းတို့မှာ စိတ်ရှည်လက်ရှည် သင်ကြား ပေးကြရသည်။

တစ်ခု ထူးဆန်းသည်ကိုလည်း ကျွန်တော် မျက်မြင်တွေ့ခဲ့ သေးသည်။

ဆင်ဦးစီး စောစိန်ထူးဆိုသူမှာ ဗမာစကား လုံးဝမတတ် သည့် ကရင်တစ်ယောက်ဖြစ်၏။ ထို့ကြောင့် သူ့ဆင်ကို သင်ရာတွင် ကရင်စကားဖြင့်သာ သင်ပေး၏။ သို့သော် သူ့ဆင်မကြီးမှာ စောစိန်ထူး သင်သော ကရင်စကားကို ကောင်းစွာနားလည်လေသည်။

"ထူးလှချည်လား မောင်ရွှေဒိုး၊ ဆင်တွေက ဗမာနဲ့တွေ့တော့ ဗမာဆင်၊ ကရင်နဲ့တွေ့ပြန်တော့လည်း ကရင်ဆင်ဖြစ်သွား တယ်နော်"

"အံမယ် ဒါဘာဟုတ်သေးတုန်း ဆရာ၊ ရှမ်းနဲ့တွေ့ ရှမ်းဆင်ဖြစ်တာပဲ၊ ဆင်တွေက ဘာသာစကား ဆယ့်နှစ် လောက် နားလည်နိုင်တယ် ဆရာရဲ့"

မောင်ရွှေဒိုးစကားကြောင့် ကျွန်တော် သဘောကျစွာ ပြုံး မောလိုက်သည်။ မောင်ရွှေဒိုးက ရယ်မောနေရင်းမှ ဟုတ်တယ်ဆရာ



ဟု ထပ်ပြောနေသေးသည်။

ထိုစဉ် ထူးမောင်၏ ဆင်နောက်လိုက် ကြွက်နီ တစ်ယောက် မောကြီးပန်းကြီးနှင့် ရောက်လာလေသည်။

"ဆရာ... ဆရာ"

"ဘာအရေးကြီးလာတာလဲ ကြွက်နီ၊ မထိတ်သာ မလန့် သာနဲ့"

ဦးဝေလုက ကြွက်နီအား ဆီး၍မာန်မဲလိုက်၏။ ကြွက်နီ ဘာမှမပြောနိုင်ခင်မှာပင် တောအုပ်အတွင်းမှ သေနတ်သံသဲ့သဲ့ကြား လိုက်ရလေတော့သည်။

ဆင်စခန်းမှ လှမ်းကြည့်လိုက်ရာ ငှက်များပင် အုပ်လိုက်လန့်ပျံ သွားသည်ကို မြင်လိုက်ရလေ၏။

ကျွန်တော့်ရင်ထဲ ထိတ်ခနဲဖြစ်သွားပြီး တစ်စုံတစ်ခု ဖြစ်သွား ပြီဟု အလိုလိုနားလည်လိုက်မိသည်။

"ဆရာ... ကျွန်... ကျွန်တော် တောစပ်မှာ ထူးမောင် ကိုတွေ့လိုက်တယ်၊ သူ့လက်ထဲမှာ သေနတ်ကြီးနဲ့ ခုကြားရ တဲ့သေနတ်သံက ထူးမောင် လက်ချက်ပဲဖြစ်မယ်"

သေချာပြီ။ ကျွန်တော်စိုးရိမ်မကင်းဖြစ်မိသည်မှာ သေချာသ လောက်ရှိချေပြီဖြစ်၏။

ကျွန်တော် တဲဆီသို့ ကစ္စက်ကရိုက် ပြန်ပြေးလာခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



စိတ်လှုပ်ရှားခြင်းကြောင့် လူက အဖျားတက်လာသူလို ချွေးစေးများ ပျံကာ မူးဝေမောပန်းလျှက်ရှိသည်။

တဲနံရံတွင် အလွယ်တကူချိတ်ထားလေ့ရှိသော ကျွန်တော့် သေနတ်မရှိတော့ချေ။ ထူးမောင်ယူသွားသော သေနတ်မှာ ကျွန်တော့် သေနတ်ကလွဲပြီး တခြားမဖြစ်နိုင်တော့ချေ။

"တောက်"

ကျွန်တော်ဒေါသထွက်စွာ တောက်တစ်ချက် ခပ်ပြင်းပြင်း ခေါက်လိုက်၏။

"ဆရာ"

"ဘာမှမပြောနဲ့ ခုချက်ချင်း ဟိုကောင့်နောက် လိုက်မယ်"

ကျွန်တော့်စကားအဆုံး မောင်လုံးမှာ မည်သို့မျှ အထွန့်မတက် ရဲရှာဘဲ နောက်မှ ခပ်ကုပ်ကုပ်လိုက်ပါလာလေတော့သည်။

"ဒိုင်း"

တောထဲသို့ဝင်ပြီး သေနတ်သံတစ်ချက်ကြားရပြန်သည်။ စိတ်လှုပ်ရှား ဒေါသဖြစ်ခြင်းကြောင့် ကျွန်တော့် အသားတဆတ်ဆတ် တုန်နေရ၏။

"ဒါ ဆင်ကြောက်ချောင်းကလာတဲ့ အသံပဲ ဆရာ"

"ဘာ"

မောင်လုံးစကားကြောင့် ကျွန်တော် ခေတ္တမျှ တွေဝေအံ့ဩ



သွားခဲ့ရသည်။ ဆင်ကြောက်ချောင်းဟု ကျွန်တော် အသံမထွက်ဘဲ ရေရွတ်ကြည့်လိုက်၏။

ထို့နောက် ဆင်ကြောက်ချောင်းဖက်ကို ကျွန်တော် အပြေး တစ်ပိုင်း လိုက်သွားလိုက်သည်။ ယခင် တစ်ခေါက်ကလိုပင် ငှက်ပျော ရိုင်းတောကြီးကို ဖြတ်သွားပြီး ကွမ်းတစ်ယာညက်ခန့် လျှောက်မိ သောအခါ ထူးမောင်ကို တွေ့လိုက်ရလေတော့သည်။

ကျွန်တော့်သေနတ်ကိုကိုင်ရင်း ကမ်းစပ်တွင် မလှုပ်မယှက်ရပ် နေသည်။

"ထူးမောင်"

ကျွန်တော့်ခေါ်သံကြောင့် ထူးမောင်က ဖြည်းဖြည်းချင်း လှည့် ကြည့်လာသည်။ ကျွန်တော်ရောက်လာမှာကို ကြိုသိပြီးသား ဖြစ်လိမ့် မည်။ သူ့ပုံစံက ခပ်အေးအေးပင်။

"မင်း… ဒါဘာလုပ်တာလဲ၊ ငါ မငှားဘူးလို့ အတန်တန် ပြောထားရက်နဲ့၊ ဟောကောင် မင်းကို ငါ အရေးယူလို့ရတယ် သိရဲ့လား"

ကျွန်တော့်စကားအဆုံး ထူးမောင်က ဘာမှပြန်မပြောဘဲ သေနတ်ကိုပြန်ပေးလေသည်။

"ခုနသေနတ်သံက ကျွန်တော်ပစ်လိုက်တာပါ"

"ဘာ မင်း ဘယ်သူ့ကို ပစ်တာလဲ"

www.burmeseclassic.com

www.burmeseclassic.com



"ရေဆင်"

ထူးမောင်စကားအဆုံး ကျွန်တော် တဒင်္ဂ နှုတ်ဆိတ်သွားရ သည်။ မောင်လုံးလည်း တအံ့တသြဖြစ်ကာ ချောင်းဘက်သို့ ယောင်ယမ်း၍ လှမ်းကြည့်လိုက်လေသည်။

"ဘာ ရေဆင် ဟုတ်လား အဓိပ္ပာယ်မရှိတာ မင်းလျှောက်မ ပြောနဲ့"

"ဟို သဲပြင်ပေါ်မှာ ရေဆင်ခြေရာတွေ ခုထိရှိသေးတယ် ဆရာ မယုံရင်လိုက်ကြည့်လှည့်၊ ဒီချောင်းထဲမှာ ရေဆင်ရှိ တယ်၊ ခု ကျွန်တော်ပစ်တာ ရေဆင်တွေကိုပဲ"

"ဘာ ရေထဲက ဆင်က သောင်ပြင်ပေါ်ကို တက်တယ် အဲဒီမှာ ခြေရာတွေရှိတယ်ဟုတ်လား၊ မင်းရူးနေလား ထူးမောင်၊ အဓိပ္ပာယ်မရှိတဲ့ အလုပ်တွေ လုပ်တာပေါ့ ဘယ်မလဲ ရေဆင် ခု ငါ့ကိုပြစမ်း"

ထူးမောင် ဘာမှမပြောဘဲ ချောင်းဘက်သို့ ပြန်လှည့်သွား သည်။ ကျွန်တော်နှင့် မောင်လုံးမှာ ယုံရခက် မယုံရခက်နှင့် ချောင်း ထဲသို့ အတန်ကြာကြည့်နေမိ၏။

ရေဆင်မဆိုထားနှင့်။ ငါးပွက်ရာမျှ လှုပ်ရှားမှုပင် မမြင်ရ သဲပြင်ပေါ်၌ ခြေရာခပ်သေးသေးလေးများမှာ ဂဏန်းပေါက်များ သွားလာထားခြင်းဖြစ်လိမ့်မည်ဟု ကျွန်တော် မှတ်ချက်ချလိုက်၏။



"ဘယ်နှယ့် ဘာမှ မင်းလက်တွေ့မပြနိုင်ဘူး မဟုတ်လား အဓိပ္ပာယ်မရှိတာတွေ အစကတည်းက ငါ ယုံကိုမယုံခဲ့တာ ဆင်တွေ ဒီချောင်းထဲ မဆင်းရဲတိုင်း ရေဆင်ရှိတယ်ဖြစ်ရော ရေဆင်ဆိုတာ ဘယ်လိုဟာမို့လဲ၊ ဘယ်လောက် [illegible]ကဖို့ ကောင်းနေလို့လဲ၊ ထွီ အဓိပ္ပာယ်မရှိလိုက်တာ"

ဒေါသထွက်ထွက်နှင့် ကျွန်တော် အော်ဟစ်ပြောဆိုပစ်လိုက် သည်။ ထူးမောင်မှာ ကျွန်တော့်မျက်နှာကို နာကျင်ဝမ်းနည်းစွာစိုက် ကြည့်ပြီး မည်သို့မျှ ပြန်မပြောချေ။

"အလကား ငါ့ကို စိတ်ပူအောင်လုပ်တယ် လာ သွားမယ်"

ကျွန်တော် ဆင်စခန်းသို့ ပြန်ရန်ခေါ်လိုက်၏။ ထူးမောင်မှာ ထိမဲ့မြင်ပုံစံနှင့် ကျွန်တော့်အား ပေစောင်းစောင်းကြည့်ကာ ရှေ့မှ ခြေလှမ်းကျဲကြီးများနှင့် ထွက်သွားလေတော့သည်။

ထူးမောင်ကို ဒေါသထွက်သမျှ တစ်လမ်းလုံး ကျွန်တော် မောင်လုံးကိုချည်း ဖိ၍ ဆူပူလာခဲ့ရာ စခန်းသို့ရောက်မှပင် ရပ်လေ တော့၏။

* * *

www.burmeseclassic.com

www.burmeseclassic.com



"ဆရာ... ဆရာ"

မနက်စာ ကောက်ညှင်းပေါင်းနှင့် ငါးခြောက်ဖုတ်စားရင်း ရေနွေးသောက်နေခိုက် တဲရှေ့မှ ခေါ်သံကြောင့် ကျွန်တော် လှမ်းကြည့်လိုက်ရာ ဆင်နောက်လိုက် ကြွက်နီကိုတွေ့လိုက်ရ၏။

"ဆိုစမ်း ဘာကိစ္စလဲ"

ကြွက်နီမှာ ရေးကြီးသုတ်ပြာပုံစံနှင့် ဟိုဟိုဒီဒီ ဝေ့ကြည့်က

"ထူးတော့ ထူးဆန်းတယ် ဆရာ၊ ဆရာမြင်ရင် သိပ်အံ့ဩ

သွားမယ်ဆိုပြီး ကျွန်တော် အတင်းပြေးလာတာ"

"ဘာလဲ ကြွက်နီ မင်းဘာတွေ့လာလို့လဲ"

"ထူးမောင်က နေပါစေ သွားမပြောနဲ့ဆိုပေမယ့် ကျွန်တော်

က အဲဒါမျိုးဆို မနေနိုင်ဘူးဗျ၊ တစ်သက်နဲ့တစ်ခါ ဒါမျိုး

မကြုံဖူးပါဘူး ဆရာမြင်ရင် အရမ်းအံ့ဩသွားလိမ့်မယ်"

လိုရင်းမရောက်တော့တဲ့ ထူးဆန်းတာ အံ့ဩတာနှင့် ပတ်ချာလည်နေသော ကြွက်နီစကားကို ကျွန်တော် သည်းခံနားထောင်နိုင်စွမ်းရှိတော့ချေ။

"ကိုင်း... ဘယ်မှာတုန်း"

ဟု မေးလိုက်ကာမှပင်

"ဆင်ကြောက်ချောင်း"

ဟု မဆိုင်းမတွ ပြန်ဖြေလေတော့၏။ ကြွက်နီ ဘာမှဆက်မပြောနိုင်ခင် ကျွန်တော် တဲမှ ခပ်သုတ်သုတ် ထွက်လာခဲ့တော့သည်။ ဆင်မိုန်းသင်ရာ ကျုံးသို့ တစ်ချက်လှမ်းကြည့်ရာ ဦးဝေလုတို့လူစုရှိသည်ကို သတိပြုလိုက်မိသည်။

ဆင်ကြောက်ချောင်းသို့ ရောက်လာသောအခါမှ ဆင်စခန်းပွင့် မတွေ့ရသော ဦးဝေလုတို့လူစုနှင့် အနီးအပါးရွာများမှ လူများကိုတွေ့လိုက်ရလေတော့၏။

"ဪ... ဆရာ လိုက်လာတာကိုး၊ ဦးအောင်မောင်း ဒါ ကျုပ်တို့စခန်းက အရာရှိပေါ့ ကိုကျော်ထိုက်တဲ့"

"အစိုးရသစ်ကုမ္ပဏီက အရာရှိဆိုလို့ ငယ်ငယ် ရှိသေးတာပဲကိုး၊ ကျုပ်က ဆင်စခန်းနားက ရွာသူကြီးပါ၊ ယောက်ကြ

www.burmeseclassic.com



ထူးမောင်က ကျုပ်တို့ ရွာသားပေါ့ ဆရာရဲ့"

ရွာသူကြီး ဦးအောင်မောင်းစကားအဆုံး ကျွန်တော် ထူးမောင်ကို တစ်ချက်လှမ်းကြည့်လိုက်သည်။ ထူးမောင်မှာ ကျွန်တော့်ကို တွေ့သော်လည်း မမြင်ဟန်ပြုကာ ရေထဲမှ ဆင်လုပ်သားတစ်ဦး ဆယ်လာသောအရာကိုသာ သဲကြီးမဲကြီး ကြည့်နေလေသည်။

"ဆရာ အဲဒါ ထူးမောင်ပစ်ခဲ့တဲ့ ရေဆင်သေတွေပေါ့၊ အထီး အစ်မနှစ်ကောင် ထင်တယ်"

ဦးဝေလုစကားအဆုံး ကျွန်တော် အုံ့သြခြင်းကြီးစွာနှင့် ရေဆင်သေများရှိရာသို့ တစ်လှမ်းချင်း လျှောက်သွားလိုက်သည်။

ဆင်လုပ်သားများမှာ ရေဆင်သေများကို ဝိုင်းအုံကြည့်ရှုနေကြ၏။ သူဝင်သွားသောအခါ လူအုပ်ကြီးမှာ ဘေးတစ်ဖက်တစ်ချက်သို့ ရှဲပေးကြလေသည်။

"ကြည့်ပါဦး ဆရာ ဆင်ကြီးအတိုင်းပဲ အင်္ဂါ အပြည့်အစုံ တယ်၊ နှာမောင်းရော ခြေလက် အမြီး နားရွက်အကုန်လုံး ဆင်ကြီးအတိုင်းပါပဲ အစွယ်တောင်ပါလိုက်သေးဗျ"

အားလုံး တအံ့တသြ ဖြစ်မည်ဆိုက ဖြစ်လောက်ပါပေသည်။ ကိုယ်လုံးအရှည်မှာ တစ်မိုက်သာသာခန့်ရှည်ပြီး အရပ်အမြင့် လေးလက်မခွဲခန့်ရှိသော ရေဆင်မှာ ရေညှိလို ချောမွေ့သော ညိုပုပ်ပုပ်အရေခွံ



သည်မှလွဲ၍ ဆင်ကြီးတစ်ကောင်၏ အင်္ဂါအစိတ်အပိုင်းများအတိုင်း ပါရှိသည်ကို တွေ့ရလေသည်။

ကျွန်တော်တို့စခန်းမှာ ခန္တကိုယ်ရော အင်အားပါ အဆမတန် ကြီးမားပြီး အားကိုးရသော လုပ်သားဆင်ကြီးများ အသည်းခိုက်အောင် ကြောက်ရသည်ဟူသော ရေဆင်မှာ ဆင်အင်္ဂါအပြည့်အစုံပါသည်မှလွဲ၍ အလွန်သေးငယ်ကာ ဆင်ကြီးများကို ထိုးသတ်တတ်သည့် အစွယ်ပင် မီးခြစ်ဆံချောင်းလောက်သာရှိသည်ကို တွေ့ရသောအခါ ကျွန်တော်နှင့်တကွ ဝါရင့်ဝါနု ဆင်လုပ်သားများအားလုံး သြချယူရတော့၏။

"ကြည့်ပါဦး သူ့တို့ခြေထောက်လေးတွေဆို ပုပ်ပြီး ပေါ်နေတာတောင် လက်သန်းလောက်ပဲရှိတယ်၊ နဂိုရှယ်ဆို ဒီလောက်မရှိနိုင်ဘူး၊ အမြီးက တစ်လက်မတောင်မရှိဘူး တိုလွန်းတာယ်နော်၊ နားရွက်ဖြက်အကျယ်ကလည်း ကြွက်လောက်ပဲရှိတယ်၊ အင်း ရယ်စရာကောင်းသလောက် အဆိပ်ပြင်းတဲ့ သတ္တဝါတွေ ဒီတစ်ခါပဲ မြင်ဖူးပါရဲ့"

ဆင်ခေါင်းမောင်ကြိုင်မှာ ရေဆင်သေကိုကြည့်ပြီး အမျိုးမျိုး အဖုံဖုံ မှတ်ချက်ချနေလေတော့သည်။

"ဟုတ်ပ့ါ ဒီလောက်အကောင်လေးတွေက ဆင်ကြီးတွေကို သေအောင် သတ်သတဲ့ဗျာ"

www.burmeseclassic.com

www.burmeseclassic.com



“သူတို့က ရေထဲနေသလို ကုန်းပေါ်လည်း နေနိုင်တယ်တဲ့ဗျ

ထူးမောင်က သူတို့ကို ကုန်းပေါ်မှာတွေ့လိုက်ရတာတဲ့”

ဆင်လုပ်သားများ၏ ဝေဖန်သံများကို မကြားသလို ထူးမောင်

မှာ ရေဆင်အထီးအမကို မမှိတ်မသုန် စိုက်ကြည့်နေ၏။

ကျွန်တော် ထူးမောင်အနားကို လျှောက်သွားလိုက်သည်။

“ဒီအကောင်တွေဟာ တို့ဆင်တွေကို သတ်တဲ့အကောင်တွေ

မှန်ရင် မင်းလုပ်ရပ်မှန်ပါတယ် ထူးမောင် မင်းကို ဆရာ

ချီးကျူးပါတယ်၊ ဒါနဲ့ ရေဆင်ကို ဘာလို့မရမက သတ်ရ

တာလဲ မင်းဘာလို့ ရေဆင်ကို မုန်းတာလဲဆိုတာ ငါသိ

ချင်တယ်”

ကျွန်တော့်စကားအဆုံး ထူးမောင်က အသိရခက်စွာပြုံးပြီး

“တကယ်လို့ ဆရာ ဆင်တွေကို ကိုယ့်အသက်လောက်

ချစ်ခင်တွယ်တာတယ်ဆိုရင် ဆင်တွေကို အန္တရာယ်ပေးတဲ့

ရန်သူကို ကိုယ့်အသက် ကိုရန်ရှာတဲ့သူလို့ သဘောထားမှာပဲ

မဟုတ်လား ကျွန်တော်လည်း ဒီသဘောပဲပေါ့”

ဟု ပြန်ပြောလေသည်။

“မဟုတ်သေးပါဘူး မင်းက”

ကျွန်တော် ဘာမှမပြောနိုင်ခင် ထူးမောင်မှာ ရေဆင်သေ



များကို နာကြည်းစက်ဆုပ်စွာ တစ်ချက်စိုက်ကြည့်ပြီး ဆင်စခန်းဖက်သို့

ခေါင်းငိုက်စိုက်ချကာ တိတ်တဆိတ် ပြန်သွားသည်ကိုမြင်လိုက်ရလေ

တော့၏။ အံ့သြဖွယ် ထူးမောင်ပါတကားဟု ကျွန်တော် မှတ်ချက်ချ

လိုက်၏။

* * *

www.burmeseclassic.com

www.burmeseclassic.com



ဆင်ဝိုင်းတစ်ခုလုံး အုန်းအုန်းကြွက်ကြွက် ဆူညံနေကြ၏။ ဆင်လုပ်သားတစ်ယောက် ကျွန်တော့်တဲသို့ အမောတကော ပြေးလာသည်ကို တွေ့လိုက်ရသည်။

"ဆရာ… ဆရာ ဆိုးပုံ မုန်ကျနေလို့"

သူ့ရင်ထဲ စိုးရိမ်စိတ်နှင့် ထိတ်ခနဲဖြစ်သွားရ၏။ ဆိုးပုံမှာ ထူးမောင်၏ စွယ်စုံဆင်ပေါက်ဖြစ်၏။ မုန်ယိုသည်မှာ ဆင်တို့၏ သဘာဝပင်ဖြစ်သော်လည်း မုန်ယိုနေစဉ် ဆင်မှာ ရာဂစိတ်မွှန်ကူးနေပြီဖြစ်သောကြောင့် မြင်သမျှတွေ့သမျှကို နင်းခြေဖျက်ဆီးကာ လူကို အန္တရာယ်ပြုတတ်လေသည်။

"မောင်ကြိုင် တို့ဦးဝေလုတို့ရော"

"ရှိတယ် ဆရာ"



"အေး… ငါ ခုပဲလိုက်ခဲ့မယ်"

ဆင်လုပ်သားလေး ထွက်သွားသောအခါမှ သူ တဲနံရံတွင် ချိတ်ထားသော သေနတ်ကိုယူကာ ဆိုးပုံကို ထားရာကျုံးသို့လိုက်လာခဲ့၏။ ဆိုးပုံကို ထားနေကျနေရာသို့ ရောက်သောအခါ မတွေ့ရချေ။

အနီးရှိ ဆင်လုပ်သားတစ်ယောက်အား

"ဟေ့ ဆိုးပုံ မုန်ကျနေတယ်ဆို"

ဟု လှမ်းမေးလိုက်၏။

"ဟုတ်တယ်ဆရာ တအားသောင်းကျန်းနေလို့ နေရာရွှေ့ထားရတာ ဟိုဖက်ကျွန်းတိုင်ကြီး စခန်းဖက်မှာ"

သူတို့စခန်းသို့ ဆက်လိုက်ရပြန်သည်။ ကျွန်းတိုင်ကြီးစခန်းမှာ ဤဆင်ဝိုင်းနှင့် ငါးမိုင်ခန့်ဝေးသည်။ တခြားဆင်များထားလေ့ရှိသော နေရာမဟုတ် တောနှင့်လည်း အလှမ်းဝေးသည်။

ဆိုးပုံမှာ မည်မျှအခြေအနေဆိုးနေပြီမသိ။ စခန်းပင်ပြောင်းထားရသည်ဆိုလျှင် တော်ရုံအခြေအနေပင် မဟုတ်နိုင်တော့ချေ။

သူတို့ စခန်းသို့ရောက်သွားသောအခါတွင် ဦးဝေလုတို့လူစု ရောက်နှင့်နေသည်ကို တွေ့လိုက်ရ၏။

"သြော် ဆရာလိုက်လာပြီကိုး"

"ဒါနဲ့ ဆိုးပုံကို ဘာလို့ စခန်းပြောင်းထားရတာလဲ"

"အန္တရာယ်ရှိလို့ ဆရာ၊ ဆင်ဝိုင်းက တခြားဆင်တွေ

www.burmeseclassic.com

www.burmeseclassic.com



မတွေ့အောင် နေရာပြောင်းပေးရတယ်၊ နို့မဟုတ်ရင် တောဆင်ရိုင်းတွေ မုန်နံ့ရပြီး လိုက်လာတတ်တယ်၊ အဲဒါဆို အကုန်ဒုက္ခများကုန်မှာ ဆိုးပုံမုန်ကျတော့မယ်လို့ ရိပ်တော့ ရိပ်မိလိုက်သား အဲဒါကြောင့် မုန်ထူးတွေ မုန်ကြိုးတွေ ပြောင်းတပ်ထားရတာ''

''ခု ဘယ်နှယ့်နေသေးလဲ''

''သောင်းကျန်းနေတုန်းပဲ မောင်သိုင်းကို မှာလိုက်တယ် ဘိန်းကျွေးထားမလားလို့ ဘိန်းမူးရင်တော့ သက်သာသွားမှာပါ''

''ကျွန်တော် လက်မခံဘူး ဦးကြီး''

နောက်မှ ရောက်လာသော အသံကြောင့် ကျွန်တော်နှင့် ဦးဝေလု စကားစပြတ်သွားရသည်။ ဆိုးပုံ၏ သခင် ထူးမောင်ပင် ဖြစ်၏။

''မင်းလက်မခံလည်း လုပ်သင့်လုပ်ထိုက်တာ လုပ်ရမှာပဲ ခု ကျောက်ဖရုံသီးတွေ ကျွေးထားတာ ဘယ်လိုမှ မထူး သေးဘူး ခုက အပေါ်မုန်ပဲ ရှိသေးတယ် အောက်မုန်လိုက် လာရင် ထိန်းချုပ်ရခက်သွားပြီကွ''

ဦးဝေလုမှာ ထူးမောင် စိတ်ဆိုးမာန်ဆိုးနှင့် အော်ငေါက် ပစ်လိုက်သည်။



''ဆင်မုန်ကျတာ ဖြစ်ရိုးဖြစ်စဉ်ပဲ၊ သူ့သဘာဝအတိုင်းဖြစ်တာ အဲဒါကို ဘိန်းကျွေးပြီး တားမယ်ဆိုရင် မလိုအပ်ဘဲ ရောဂါ တွေလျှောက် ဖြစ်ကုန်လိမ့်မယ်၊ ဆိုးပုံကို ဘိန်းမကျွေးပါနဲ့''

ထူးမောင်ကလည်း ကြက်ခေါင်းဆိတ်ခံသူမဟုတ်။ ဦးဝေလု အား ပြန်ခံပြောသဖြင့် ကျွန်တော့်မှာ ကြားထဲမှ ဘာဝင်ပြောရမှန်းပင် မသိတော့ချေ။

ဆိုးပုံ၏ အခြေအနေ နောက်ဆက်တွဲဖြစ်လာမည့် ဆိုးကျိုးကို သူတို့ထက် ကျွန်ုပ်တော် ပိုမသိနိုင်ပါချေ။

''ငါတို့မှာ ရွေးစရာ ဒီတစ်နည်းပဲရှိတော့တယ် ထူးမောင် ဒီကိစ္စမှာ မင်းလက်ရှောင်နေရင်ကောင်းမယ်''

ဆင်ခေါင်း မောင်ကြိုင်၏ စကားအဆုံး ထူးမောင်မျက်နှာက တင်းခနဲဖြစ်သွားသည်။

''ခင်ဗျားတို့လုပ်ပုံက နည်းမှမကျဘဲ မုန်ယိုတာ မိတ်လိုက် ချင်လို့ဗျ''

''ဟေ့ကောင် မုန်ကျတိုင်း မိတ်လိုက်ဖို့မဟုတ် ဘူးကွ''

''ဘာပဲပြောပြော မိတ်အစမုန်ကပဲ ဒါသဘာဝအတိုင်း ဖြစ်တာ ဆိုးပုံကြိုက်နေတဲ့ ဆင်မရှိတယ်ဗျ''

ထူးမောင်နှင့် မောင်ကြိုင်မှာ အချေအတင်ဖြစ် ကုန်ကြသော သည်။ နှစ်ဖက်စလုံးမှာ မည်သူမှားသည် မည်သူမှန်သည်ဟု ဝေခွဲ၍

www.burmeseclassic.com

www.burmeseclassic.com



မရလောက်အောင် အကြောင်းပြချက်ခိုင်လုံနေကြရာ ဦးဝေလုမှာ သက်ပြင်းချပြီး ခေါင်းတရမ်းရမ်း ဖြစ်နေလေတော့၏။

ထိုအချိန်တွင် မောင်သိုင်းမှာ ဆိုးပုံကို ကျွေးရန် ဘိန်းယူလာပြီ ဖြစ်ကြောင်း ဦးဝေလုအား လာပြောလေသည်။

"ကျွန်တော် ပြောပြီးပြီနော် ဆိုးပုံကို ဘိန်းမကျွေးရဘူး သူ့သဘောကျတဲ့ ဆင်မနဲ့ လွှတ်ပေးလိုက်ရင် မုန်ကိစ္စ ပြေလည်သွားမှာပဲ"

"မင်း အဲလို ဇွတ်တရွတ်မပြောနဲ့ ထူးမောင် တကယ်လို့ အဆင်မပြေရင် ဆိုးပုံက တဖက်ဆင်မကို အစွယ်နဲ့ထိုးသတ် သွားမှာ ဆင်တစ်ကောင် အလဟဿဆုံးရှုံးရမှာ"

ဆိုးပုံဟူသော စွယ်စုံဆင်ပေါက်ကြီးကို မျက်လုံးထဲ ပြေးမြင် လိုက်သည်။

"ကျွန်တော် တာဝန်ယူတယ် ဆိုးပုံသဘောကျတဲ့ ဆင်မ ကိုလည်း ကျွန်တော်သိတယ်"

ထူးမောင်စကားအဆုံး ဦးဝေလုက ကျွန်တော့်ဘက်ကို အကူ အညီတောင်းသလို လှည့်ကြည့်လာသည်။

"ဆရာ ကျွန်တော်ပြောတာ လက်ခံပါ ဆိုးပုံက ချောကလျာ ဆိုတဲ့ ဆင်မကို သဘောကျနေတာ ကျွန်တော်သိတယ် ဆိုးပုံကို ချောကလျာနဲ့ လွှတ်ပေးရင် အဆင်ပြေမှာ သေချာ



တယ် အဲဒါဆို ကျွန်တော်တို့ ဆင်တောင် မျိုးပွားဦးမယ်"

ကျွန်တော် ထူးမောင်မျက်နှာကို လှမ်းကြည့်လိုက်သည်။ သူ့မျက်နှာတွင် ဆိုးပုံကို ဘိန်းကျွေးမှာကို အလွန်စိုးရိမ်နေပုံရသည့် အရိပ်အငွေ့များနှင့်အတူ အခိုင်မာဆုံး၊ ဆုံးဖြတ်ချက်ကို ရဲရဲဝံ့ဝံ့ ချထားပြီးဖြစ်သည်ကို ရိပ်မိသိရှိလိုက်ရ၏။

"တကယ်လို့ ဆိုးပုံက အဲဒီဆင်မကို သဘောမကျလို့ သတ်မယ်ဆိုရင် မင်းတာဝန်ယူနိုင်လား"

ကျွန်တော့်စကားက ခွင့်ပြုဖို့ ခုနှစ်ဆယ်ရာခိုင်နှုန်းလောက် သေချာနေပြီဖြစ်ရာ ဦးဝေလုတို့လူစုမှာ ကျွန်တော့်မျက်နှာကို အထိတ်တလန့် လှည့်ကြည့်ကြလေတော့သည်။ ထူးမောင်မှာ ကျွန်တော့်မျက်နှာ ကိုသာ နောက်ဆုံးအားကိုးရာအဖြစ် စူးစိုက်ကြည့်နေလေ၏။

"ကျွန်တော်... ကျွန်တော် တာဝန်ယူပါတယ် ဆရာ"

"ကောင်းပြီ ဒါဆို ဦးဝေလု ဆိုးပုံကို ဘိန်းမကျွေးနဲ့တော့ ဟို ဆင်မနဲ့ကိစ္စ ထူးမောင် စီစဉ်ပါစေ"

ဦးဝေလုမှာ ဘာမှမပြောသာတော့ဘဲ ကျွန်တော့်အမိန့်အတိုင်း ခေါင်းညိတ် လက်ခံလိုက်ရလေတော့သည်။ ထူးမောင်မှာ အလွန်ပျော် ရွှင်သွားပုံလည်းရ၏။

စခန်းဖက်သို့ ပြန်ရန်လှည့်လာသော ကျွန်တော့်နောက်ကို အပြေးလိုက်လာကာ

www.burmeseclassic.com

www.burmeseclassic.com



"ဆရာ့ကို ကျေးဇူးတင်ပါတယ် ဆရာ ဒီတစ်ခါ ဆရာ ကျွန်တော့်ဖက်က မားမားမတ်မတ်ရပ်ပေးတာ ကျွန်တော် တစ်ယောက်တင် မဟုတ်ဘူး၊ ဆိုးပုံကိုပါ ကာကွယ်ပေးလိုက် တာပါပဲ"

ဟု ပြောလေသည်။

ကျွန်တော် သူ့ပုခုံးကို ပုတ်လိုက်ရင်း ပြုံးပြလိုက်၏။

"မင်းကို ငါယုံပါတယ် အောင်မြင်ပါစေလို့လည်း ဆုတောင်း ပါတယ်"

ကျွန်တော် ထွက်လာသောအခါ ထူးမောင်မှာ နေရာတွင် ငြိမ်သက်စွာရပ်ရင်း ကျန်ခဲ့လေတော့၏။

* * *



ယနေ့မနက်၌ ကျွန်တော် အိပ်ရာမှနေမြင့်မှ နိုးလာခဲ့၏။ ဆင်သမားများပင် တောအတွင်းသို့ ဝင်သွားကြလေပြီ။ ဆင်စခန်းမှ ဆင်လုပ်သားအားလုံးရှိလို သစ်ကွက်ထဲသို့ ရောက်နေလောက်ချိန်မှ အိပ်ရာနိုးသော မနက်ခင်းမှာ စခန်းသို့ ရောက်ပြီးမှ ပထမဆုံးအဖြစ်ပင် တည်။

အကြောင်းမှာ ကျွန်တော် ညက ကောင်းစွာ အိပ်မပျော်ပါ ချေ။ တစ်ချက်တစ်ချက် ဝမ်းခေါင်းသံနှင့် အော်လိုက်သော ဆင်သံကို ကြားရသည့်အခါတိုင်း စိတ်ထဲ စိုးတထိတ်ထိတ် ဖြစ်နေရလေသည်။

ဝိုင်းမှဆင်များပေလား၊ မှန်ကျနေသော ထူးမောင်၏ ဆင်များပေလားဟု ဒွိဟဖြစ်ကာ နောက်ဆုံး အလွန်ညည့်နက်မှ အိပ်ပျော်ခြင်းသို့ ရောက်ရလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



မနက်မိုးလင်းသည့်အခါ တိတ်ဆိတ်နေသော ဆင်စခန်း ပတ်ဝန်းကျင်ကိုကြည့်ပြီး တစ်စုံတစ်ခုသော အကြောင်းအရာကို သိလိုစိတ်ပြင်းပြကာ မနက်စာပင် မစားနိုင်တော့ဘဲ တဲမှ စောစီးစွာ ထွက်ခဲ့လေတော့၏။

"ဆရာ"

"ဟော ထူးမောင် ငါခုပဲ လိုက်လာမလို့ မင်း ဆင်"

"ဘာမှ စိတ်မပူနဲ့ဆရာ အားလုံး အဆင်ပြေသွားပြီဗျ"

တစ်ညလုံး တစ်ရေးမှ မအိပ်ရသေးပုံပင်။ ထူးမောင်မျက်လုံးများ ရီဝေမှိန်ဖျော့နေသည်။ သို့သော် သူ့အသံကတော့ အထူးပင် မြူးရွှင်သွက်လက်နေ၏။

"ဘယ်လို အဆင်ပြေသွားတာလဲကွ"

ကျွန်တော့်အမေးစကားကြောင့် ထူးမောင်က သဘောကျစွာ ရယ်ပြီး အနီးရှိ သစ်မြစ်ဆုံပေါ်တွင် ဝင်ထိုင်လိုက်၏။

"ဘယ်လို အဆင်ပြေရမှာလည်း နောက်ဆုံး ကျွန်တော်ပြောတဲ့နည်းအတိုင်းပဲ ဆိုးပုံကို ချောကလျာနဲ့ ပေးစားလိုက်တာပေါ့"

ထူးမောင်စကားကြောင့် ကျွန်တော် ပေါ့ပေါ့ပါးပါးပင် ရယ်လိုက်မိ၏။

"အစကတည်းက ကျွန်တော်ရိပ်မိတယ်ဗျ ဆိုးပုံ ချောကလျာကို သဘောကျနေတာ မနေ့ညနေက ချောကလျာကို ဆိုးပုံရှိတဲ့ ကျုံးဖက်လွှတ်ပေးလိုက်တာ"

"မင်း တစ်ညလုံး အဲဒါစောင့်နေရတာပေါ့ ဟုတ်လား"

ကျွန်တော့်စကားအဆုံး ထူးမောင်က ရှက်ကိုးရှက်ကန်းနှင့် ရယ်မောရင်း

"စောင့်တယ်ဆိုပေမယ့် အလစ်လိုက်ချောင်း ရတာပါ ဆရာရယ်၊ ဆင်တွေက တခြားတိရိစ္ဆာန်လို မဟုတ်ဘူး၊ အရှက်အကြောက်ကြီးတယ်၊ တောထဲကို နှစ်ကောင်တွဲဝင်တာ တောင် ညနေ နေဝင်ဖျိုးဖျအချိန်ရောက်မှ အဲဒါ ကျွန်တော်က နောက်ကနေ မယောင်မလည်နဲ့ လိုက်သွားတာ ဆိုးပုံကို စိတ်မချတာလည်းပါလို့"

ဟု ပြောလေသည်။

"အံမယ် ဆိုးပုံများ စိတ်မချဘူးရှိရသေးတယ် မင်းအကောင် စိတ်ဖောက်ရင်သာ ဟိုဆင်မ အသက်ဆုံးမှာ"

"ဟာ ဆရာကလည်း ဆိုးပုံက ချောကလျာကို မျက်စိကျနေတာ ကျွန်တော်သိတာပေါ့ ဘာလို့ သတ်မှာလည်း ဦးကြီးတို့ ကိုမောင်ကြိုင်တို့က သက်သက် အစိုးရိမ်လွန်နေတာ ခုလိုဆိုတော့ ကျွန်တော်တို့အတွက် အဖိုးတန်ဆင်ပေါက်စ လေးတစ်ကောင် မျိုးရပြီ၊ အင်း... ဆိုးပုံလည်း

www.burmeseclassic.com



ကျွန်တော့်မျက်စိရှေ့တင် မိန်းမရပြီး ကလေးအဖေဖြစ်တော့ မယ် ဟီး... ဟီး''

ထူးမောင်စကားအဆုံး ကျွန်တော် ရယ်လိုက်မိ၏။ ထူးမောင် မှာ ထူးထူးခြားခြား ကြည်နူးပီတိဖြစ်နေပုံလည်းရ၏။

''ဒါနဲ့ မင်းဟာက သေချာရဲ့လားကွယ်''

''သေချာပါတယ် ဆရာရဲ့ ကျွန်တော်ကိုယ်တိုင် ချောကလ ကို စစ်ဆေးပြီးပါပြီ''

''ဟုတ်လား ဘာပြောတုန်း''

ကျွန်တော်၏ နောက်ပြောင်ရွှတ်ရွှတ် အမေးစကားကြောင့် ထူးမော ပင် ကြောင်အမ်းအမ်းဖြစ်သွားသည်။ ပြီးမှ

''ဟာ ဆရာကလည်း''ဆိုပြီး ခွက်ထိုးခွက်လန် ရယ်မော လေတော့၏။ ကျွန်တော့်ရင်ထဲတွင်လည်း ထူးမောင်နှင့်ထပ်တူ ဝမ်းမြောက်ဝမ်းသာ ဖြစ်နေမိတော့သည်။

ဆင်စခန်းတစ်ခုလုံး ညအမှောင်ထုကို အံတုကာ မီးတုတ် တိုင်များ ထိန်ထိန်ညီးအောင် ထွန်းထား၏။ စခန်းအလယ် ကွင်းပြင်တွ မီးပုံကြီးဖိုကာ ဆားတွင် သောက်ကြစားကြနှင့် ဝိုင်းဖွဲ့နေကြသည်

ကြွက်နီမှာ အတော်ကလေး မူးနေပြီထင်သည်။ မောင်သို က အသံနေအသံထားနှင့် ဆိုသည်ကို ကွေးနေအောင် လိုက်ကသည် အားလုံး တဝေါဝေါနှင့် ပွဲကျနေ၏။

''ဟေ့ မောင်ရွှေဒိုး ထူးမောင်ကို မတွေ့ပါလားကွ''

''ခုနလေးတင် တွေ့လိုက်ပါသေးတယ် ဆရာ၊ ဟဲ... ဟဲ ထူးမောင်က သူ့ကို ဂုဏ်ပြုတဲ့ ပွဲဆိုတော့ ရှက်နေတယ်ထင်ရဲ့ ကြွက်နေကတော့ ကလိုက်တာ ကွေးနေတာပဲ''

မောင်ရွှေဒိုးမှာ ပြောပြီးသည်နှင့် ဝါးဆစ်ပူးနှင့် အရက်ယူလာ ပေးကာ သူ့ထံသို့ ကမ်းပေး၏။

''မင်းရော သောက်တတ်လား''

''ဟာ ဘယ်ပြောကောင်းမလဲဆရာရယ် တောထဲတောင်ထဲ သားတကွဲ မယားတကွဲနဲ့ နေတဲ့လူတိုင်း ဘယ်သူမှ မကင်းဘူး၊ သူက အဖော်ကောင်းပဲ''

မောင်ရွှေဒိုးစကားကြောင့် ကျွန်တော် ပြုံးလိုက်မိ၏။

''အိမ်ကို သတိရလို့လား''

''ဟာ ဘယ့်နှယ် မေးလိုက်တာလဲ ဆရာ၊ ခုလို ဆောင်းတွင်း နှင်းတွေပိတ်နေအောင်ကျရင်း အိမ်ကိုလွမ်းတာပေါ့ ဆရာရော မလွမ်းဘူးလားဗျ''

''အင်း တစ်ခါတစ်ခါတော့လည်း သတိရတာပေါ့၊ ဒါနဲ့ ထုံးစံအရ ဆင်လုပ်သားတွေဟာ အိမ်က သားမယားနဲ့ ခေတ္တကွဲလာခဲ့ရတယ်ဆိုတာ ဟုတ်သလား''

ကျွန်တော့်အမေးကြောင့် မောင်ရွှေဒိုးမှာ သိသိသာသာ

www.burmeseclassic.com

www.burmeseclassic.com



မျက်နှာပျက်သွားပြီး

“ဒါက ထုံးစံအရ လုပ်တာပါ ကိုယ့် မိန်းမကို မယုံကြည်လို့ လုပ်တာလား၊ တစ်ခုခုပေါ့လေ လွဲချော်တိမ်းစောင်းမှာ စိုးလို့လား မပြောတတ်ပါဘူး ကျွန်တော်တော့ အဲဒီလို မလုပ်ခဲ့ပါဘူး တချို့ ဝါရင့်ဆင်လုပ်သားကြီးတွေက အိမ်က မယားနဲ့ ကွာခဲ့ဖို့ပြောပါတယ်၊ အဲဒီ လိုလုပ်မယ်ဆိုတော့ ကျွန်တော့်မိန်းမချော ပြောပြောပြီး ငိုလိုက်တာ အဲဒါနဲ့ မကွဲဖြစ်ခဲ့ပါဘူး”

ဟု ဆိုလေသည်။ ကျွန်တော် မောင်ရွှေဒိုးမျက်နှာကို အတန်ကြာအောင် ငေးမောကြည့်နေမိသည်။

မောင်ရွှေဒိုးမှာ ရှိလှမှ အသက်သုံးဆယ် ဝန်းကျင်သာဖြစ်မည်။ သူ့အိမ် သူ့ဇနီးအပေါ်တွင် အကြွင်းမဲ့ ယုံကြည်လေးစားပုံလည်း ရလေသည်။

“ဟော့… မရဘူး ကိုယ့်လူ ဒါမင်းပွဲပဲ သောက်ကို သောက်ရမယ်”

“ဟုတ်တယ် ဟုတ်တယ် ဒါ မှန်တယ်”

ခပ်လှမ်းလှမ်းမှ ကြားလိုက်ရသောကြောင့် အသံများကြောင့် ကျွန်တော်ရော မောင်ရွှေဒိုးပါ လှမ်းကြည့်လိုက်ကြ၏။

“မောင်သိုင်းတို့ တော်တော်မူးနေပြီ ဆရာ ထူးမောင်ကို



အတင်းချုပ်ပြီး အရက်တိုက်နေတာပဲ”

မောင်ရွှေဒိုးစကားကြောင့် အသေအချာကြည့်လိုက်သောအခါ ထူးမောင်ကို မောင်လုံးတို့လူစုက ဝိုင်းချုပ်ပြီး အရက်တိုက်နေသည်ကို တွေ့လိုက်ရ၏။

“ထူးမောင်က အရက်မသောက်တတ်ဘူးလား”

“ဒီကောင်က ဆိုးသာ ဆိုးတာ အရက်မသောက်တတ်ဘူး ဆရာ နည်းနည်းသောက်တာနဲ့ မူးတာပဲ မူးရင်လည်း ဆင်ရိုင်းကြီးကျနေတာပဲ၊ ကြောက်စရာကောင်းတယ်”

“ဒါဆို မသောက်ပါစေနဲ့လား”

“အပျော်လုပ်တာပါ”

မောင်ရွှေဒိုးစကားမဆုံးခင် ကျွန်တော် ထိုနေရာမှ ထသွားလိုက်၏။

“ဟော့ မောင်သိုင်း သူမသောက်ချင်တာ အ တင်းမတိုက်ပါနဲ့လား”

ကျွန်တော့်အသံကြောင့် မောင်လုံးတို့အုပ်စု လှည့် ကြည့်ကြသည်။ ထူးမောင်မှာ မောင်သိုင်းနှင့် ကြွက်နီလက်ထဲမှ ရုန်းဖယ်ထွက်ရင်း ကျွန်တော့်ဆီသို့ လျှောက်လာသည်။

ကျွန်တော့်ရှေ့တွင် ပြုံးစေ့စေ့နှင့်လာရပ်သည်။

“မင်း အရက်မသောက်တတ်ဘူးလားကွ”

www.burmeseclassic.com

www.burmeseclassic.com



"မသောက်တက်ဘူးရယ်လို့တော့ မဟုတ်ပါဘူး ဆရာ၊ ဒါပေမယ့်"

ထူးမောင်က စကားကိုဆုံးအောင်မပြောဘဲ ရှက်ရွံ့သော အမူအရာနှင့်

"ကဲ... မင်းတို့ဘာသာ အားရအောင်ပျော်ကြစမ်းပါကွာ ထူးမောင်ကို ငါစကားပြောစရာရှိသေးတယ်"

ထိုအခါမှပင် မောင်သိုင်းတို့အုပ်စု ထူးမောင်အနားမှ ခွာသွားတော့၏။

"ကျေးဇူးတင်ပါတယ် ဆရာ ကျွန်တော် အရက်မသောက်တတ်လို့မဟုတ်ပါဘူး ဟိုတစ်ခါ သောက်ဖူးပါတယ်"

ကျွန်တော် ထူးမောင်ပုခုံးကို ဖက်လိုက်သည်။

"မလိုပါဘူးကွာ ဒါ မင်းအတွက်လုပ်ပေးတဲ့ ဂုဏ်ပြုပွဲ ပထမတစ်ခါရေဆင်တွေကို နှိမ်နင်းလိုက်ကတည်းက အလုပ်ပေးချင်တာ အလုပ်များနေတာနဲ့ မလုပ်ပေးဖြစ်ဘူး အခုလည်း မင်းကို လုပ်ပေးတဲ့ပွဲဆိုပေမယ့် ဘာမှ မည်မည် ရရ မဟုတ်ပါဘူး၊ မင်းက မသောက်တက်မစားတတ် ကဲ မင်းပြော နောက်ထပ် ဘာလုပ်ပေးရမလဲ လိုချင်တာပြော ငါလုပ်ပေးမယ်"

ကျွန်တော့်စကားအဆုံး ထူးမောင်က သဘောကျစွာ ပြုံးနေ



သည်။

ထို့နောက် ကောင်းကင်တွင် သာလျှက်ရှိသည့် လဆန်းကြီးကို ဆွေးဆွေးမြည့်မြည့်မော့ကြည့်ကာ

"ကျွန်တော် လိုချင်တာရှိရင် ဆရာ တကယ်ရအောင် လုပ်ပေးမှာလား"

ဟု မရယ်မပြုံးသော မျက်နှာဖြင့် မေးလေသည်။ ကျွန်တော် ရဲရဲဝံ့ဝံ့ပင် ခေါင်းညိတ်ပြလိုက်၏။

"ကဲ ဆိုစမ်းပါဦး ဘာအလိုရှိတာလဲ မင်း ဘာလိုချင်သလဲ ငါလုပ်ပေးပါ့မယ်"

ကျွန်တော်လေသံမှာ ထူးမောင် ဘာပဲတောင်းဆိုစေကာမူ မဖြစ်ဖြစ်အောင် လုပ်ပေးမည့် အရိပ်အယောင်တို့ ပြည့်နှက်နေ၏။ ထူးမောင်၏မျက်နှာတွင် အားရဖမ်းသာသော အမူအရာတို့ ပေါ်လာသည်။

"ခုတော့ မဟုတ်သေးပါဘူး ဆရာ၊ ကျွန်တော် လိုချင်တာက ခုချက်ချင်းလည်း ဆရာယူပေးလို့မရနိုင်ပါဘူး"

ထူးမောင်စကားကြောင့် ကျွန်တော် အံ့သြသွားသည်။ ဆင်တွေနှင့် သစ်တောလုပ်ငန်းအကြား ဘဝကို မြှုပ်နှံထားခဲ့သော ဤလူငယ်ကလေးတွင် ပြင်းပြင်းပြပြ လိုချင်မက်မောသော အရာမှ မည်သည့်အရာမျိုးဖြစ်နေမည်နည်းဟု သိချင်စိတ်လည်း ဖြစ်လာမိ၏။

www.burmeseclassic.com

www.burmeseclassic.com



"နေပါဦး မင်းလိုချင်တာ ဘယ်လိုအရာမျိုးမို့လဲ"

"နောက်တော့ ကျွန်တော် ပြောပြမှာပေါ့ ဆရာ"

ထူးမောင်သည် ကျွန်တော့်ကို ပဟေဠိလုပ်ပြန်ချေပြီ။ သူ့မျက်နှာကို ဖဝေဖဝါကြည့်လိုက်တော့ လျှို့ဝှက် သိပ်သည်းသည့် အပြုံးမျိုးနှင့် ဆင်ကျုံးဖက်သို့ ငေးနေသည်ကိုသာ တွေ့ရလေသည်။

* * *

ရုတ်တရက်မို့ ကျွန်တော် အံ့ဩသွားရသည်။ မျှော်လင့်ပြီး သားဖြစ်သော်လည်း၊ မထင်မှတ်ထားသော အချိန်တွင် သိလိုက်ရသည်မို့ အံ့ဩတကြီး ဖြစ်သွားရခြင်းပင်။

ကျွန်တော် စာကိုဖတ်နေသည့်အချိန်တွင်ပင် တဲသို့ ဦးဝေလု နှင့် မောင်လုံးတို့ရောက်လာသည်။

"ဆရာ မောင်လုံးပြောတာ အမှန်ပဲလား ဆရာ"

"ဟုတ်တယ် ဦးဝေလု၊ ဒီနေ့ပဲ ကျုပ်ဆီကို စာရောက်တယ်၊ အကြောင်းကြားစာက လွန်ခဲ့တဲ့ရက်က နေ့စွဲ၊ ခရီးဝေးလို့ ဒီနေ့မှ ရောက်လာတာ"

ဦးဝေလုမှာ စိတ်မကောင်းဖြစ်ဟန် အထိုင်းသား ပေါ်နေလေသည်။ ကျွန်တော်ကိုယ်တိုင်လည်း ဤပြောင်းရွှေ့မိန့်ကို မည်သို့မျှမ

www.burmeseclassic.com

www.burmeseclassic.com



လွန်ဆန်နိုင်သလို စောဒကတက်ခွင့် မရှိပါချေ။

အင်္ဂလိပ်အစိုးရ၏ လခစားဝန်ထမ်းတစ်ယောက် ဖြစ်သည်နှင့် အညီ သူတို့ထားရာနေ စေရာသွားရုံပင်။ ထိုအရာက ကျွန်တော်၏ တာဝန်ပါပေ။ ကျွန်တော်လုပ်ကိုင်ဆောင်ရွက်ရသော လခစား အရာရှိတစ်ယောက်၏ ဘဝသည် နောက်ဆုံးတော့ သူများစေရာ နေရသည့် ရုပ်သေးရုပ်ဘဝပင်ဖြစ်တော့သည်။

"ကျုပ်လည်း ဒီတောဒီတောင်ထဲမှာ နေသားကျနေပါပြီ၊ ဒီ သစ်ကွက်ကနေ တခြားသစ်ကွက်ပြောင်းရတာ ဝန်ထမ်း တစ်ယောက်အတွက် ဘာမှထူးဆန်းတဲ့ ကိစ္စမဟုတ်ဘူး ဒါပေမယ့် ဒီက ဆင်လုပ်သားတွေနဲ့ သံယောဇဉ်ဖြစ်နေခါမှ ရုတ်တရက်ကြီး ပြောင်းရမယ်ဆိုတော့ ဘယ်စိတ်ကောင်းနိုင် မလဲ"

"အထက်အရာရှိကို အကျိုးအကြောင်းပြောပြီး ဒီမှာ ဆရာ ဆက်ပြီးနေလို့ရအောင် တောင်းဆိုလို့မရနိုင်ဘူးလား ဆရာရယ် ကျုပ်တို့တော့ နောက်ရောက်လာမယ့် အရာရှိသစ်နဲ့ ဘယ်လို အဆင်ပြေအောင် နေရမယ်မှန်းမပြောတတ်တော့ပါဘူး ပြီးတော့ ဆရာ ပြောင်းသွားပြီး ထပ်ရောက်လာမှာ မျက်နှာဖြူအရာရှိလို့ကြားတယ် လူမျိုးခြားနဲ့ အလုပ်,လုပ်ရတာ အဆင်ပြေပါ့မလား မဆိုနိုင်ဘူး"



ဦးဝေလုစကားကြောင့် ကျွန်တော် စိတ်မ ကောင်းဖြစ်သွားရ ပါသည်။

"ဒီလိုပါပဲ မျက်နှာဖြူပဲဖြစ်ဖြစ် ဗမာပဲဖြစ်ဖြစ် အလုပ်သဘော အရ ဆက်ဆံရမှာပဲ၊ တစ်ယောက်သဘော တစ်ယောက်သိ သွားရင်တော့ အဆင်ပြေသွားမှာပါ၊ ကျုပ်လည်း ခုချက်ချင်း သွားရမှာမှ မဟုတ်သေးတာ နောက်အရာရှိသစ်ရောက်မှ ပြောင်းရမှ"

မပြောင်းရွှေ့ရအောင် ပြောဆိုမည်ဟုတော့ လိမ်ညာပြီး မနှစ် သိမ့်လိုတော့ပါ။

အားလုံး စိတ်မကောင်းဖြစ်စွာ ငြိမ်သက်နေကြစဉ် တဲသို့ အပြေးအလွှား ရောက်ရှိလာသူမှာ ထူးမောင်ပင်ဖြစ်လေသည်။

"ဆရာ..."

"ဪ ထူးမောင်ပါလား လာလေကွယ်"

အတတ်နိုင်ဆုံး တည်ငြိမ်အောင် ထိန်းထားရသော လေသံနှင့် ထူးမောင်ကို ကျွန်တော်လှမ်းခေါ်လိုက်သည်။ ဆင်စခန်းတစ်ခုလုံး ကျွန်တော် ပြောင်းရွှေ့မိန့်ကျလာပြီဟူသော သတင်းကိုကြားသိပြီးဖြစ်ရာ ထူးမောင်လည်း သတင်းကြားလာပုံရသည်။

တဲပေါ်သို့ တက်လာပြီး ဟိုဒီကြည့်ကာ တော်တော်နှင့် စကားမဆိုချေ။

www.burmeseclassic.com

www.burmeseclassic.com



"ထူးမောင်ကြီးမြင်မှ သတိရတော့တယ် ဦးဝေလုရေ ဒီကောင်ကျုပ်ကို တစ်ခုတောင်းဆို မယ်ပြောထားတာ ကဲ… ကဲ ထူးမောင် ဘာတောင်းချင်တာတုန်းကွ"

ကျွန်တော်က သိသိသာသာ စကားလမ်းကြောင်းလွှဲပြီး ရယ်ရယ်မောမောပြောလိုက်သော်လည်း အားလုံးမျက်နှာညှိုးနေ၏။

ဦးဝေလုမှာ ကျွန်တော်ကလွှဲ၍ စခန်းတွင် ခေါင်းဆောင်အကြီး အကဲဖြစ်ရာ စိတ်ကို တင်းထားပုံရလေသည်။

"ဟုတ်လားကွ ထူးမောင် ကဲ ဆိုစမ်းပါဦး မင်းက ဘာလိုချင်တာလဲ ဆရာ့သေနတ်တော့ မဟုတ်တန်ရာဘူး နော်"

ဦးဝေလုစကားကြောင့် ထူးမောင်မှာ အနည်းငယ် ရှင်ပျပြီး ပြုံးပြုံးရွှင်ရွှင် ဖြစ်လာလေတော့သည်။ သို့သော် တစ်စုံတစ်ခုကို ချက်ချင်း သတိရသွားဟန်ဖြင့်

"ဆရာ ပြောင်းတော့မယ်ဆိုတာ အမှန်ပဲလားဟင်"

ဟု ကောက်ခါငင်ခါ ထမေးလိုက်၏။

"ခုချက်ချင်းမဟုတ်သေးပါဘူးကွာ ကဲ ပြောစမ်းပါ မင်းကိစ္စ"

ထူးမောင်သည် အတန်ကြာ ငြိမ်သက်စဉ်းစားနေ၏။ ပြီးမှ ဇွတ်မှိတ်၍ စဉ်းစားဆုံးဖြတ်လိုက်ရဟန်ဖြင့်



"ကျွန်တော့်ကို မိန်းမလိုက်ထောင်းပေးပါ ဆရာ"

ဟု တိုတိုတုတ်တုတ် ပြောလိုက်ရာ ကျွန်တော် အပါအဝင် ဦးဝေလုတို့အဖွဲ့မှာ ပြုံးချင်ချင် ဖြစ်သွားကြရလေတော့သည်။

အံ့လည်း အံ့သြနေကြ၏။ စိတ်ကြမ်းလူကြမ်းနှင့် ဂျစ်ကန်ကန် နေခဲ့သော ထူးမောင်မှာ အမှန်တကယ်တော့ အသက်အရွယ်အားဖြင့် နှစ်ဆယ်ဝန်းကျင်သာရှိသည့် လူငယ်တစ်ယောက်ပင် ဖြစ်သည်ကို ကျွန်တော်တို့ မေ့မထားသင့်ပေ။ ဒီအရွယ်တွင်မှ ချစ်သူရည်းစားမရှိလျှင် ဘယ်အရွယ်မှာ ရှိပါတော့မည်နည်း။

"ဟာ… ထူးမောင် မင်းကိုတော့ ကျုပ် တကယ်အံ့သြပါ့ မောင်ရယ် ဘယ်အချိန်များ ရည်းစားရလိုက်တာတုန်း"

"ဟုတ်ပါ့… ဘယ်အချိန် မိန်းမပိုးလိုက်တာလဲ ဒီလောက် အလုပ်များရတဲ့အထဲ"

ဦးဝေလုနှင့် မောင်လုံးစကားကြောင့် ထူးမောင်မှာ အနည်းငယ် ရှက်ရွံ့ဟန်နှင့် ပြုံးပြုံးကြီးလုပ်နေလေသည်။

"ရည်းစားတော့ မဟုတ်သေးပါဘူး ကျွန်တော်က သူ့ကို ကြိုက်နေတာ"

"ဟေ"

အားလုံး အံ့သြသွားကြပြန်သည်။ ဦးဝေလုမှာ အားမလိုအားမ ရဟန်နှင့် ကွမ်းဖက်ကြီးကို ထွီခနဲ ထုတ်ကာ

www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်သေးပါဘူးကွ မင်းဟာက မပိုင်ဝက်မွေး အဆင့်တောင် မရောက်သေးဘူး ဘယ်နှယ့်ဟာတုန်း"

ဟု ဝင်မေးလေသည်။ ထူးမောင်က ဘာမှပြန်မဖြေချေ။ ကျွန်တော် လက်အသာကာပြလိုက်၏။

"မင်း အဲဒီမိန်းကလေးကို တကယ်သဘောကျ တာလား ထူးမောင်"

"သဘောကျတာမဟုတ်ဘူး ဆရာ ကျွန်တော် သူ့ကို မြတ်မြတ်နိုးနိုးချစ်နေမိတာ ကျွန်တော် သူ့ကို လက်ထပ်ချင်တယ်"

မဆိုင်းမတွ ဖြေလိုက်သော ထူးမောင်စကားကြောင့် ဦးဝေလုက အလို မြတ်စွာဘုရားဟု တအံ့တဩ တလိုက်သလို မောင်လုံးက သဘောကျစွာ တခွီးခွီး ထရယ်လေသည်။

ကျွန်တော်လည်း ငယ်ရာက ကြီးလာသူမို့ ထူးမောင်ကို ကိုယ်ချင်းစာမိသည်။ မိမဲ့ ဖမဲ့ တစ်ကောင်ကြွက်, ဆင်လုပ်သားမှာရော ချစ်တတ်တဲ့နှလုံးသားနှင့်ပင် မဟုတ်လားဟု ကျွန်တော် တွေးမိပေမယ့် လူပျိုကြီးဖြစ်သော ဦးဝေလုကတော့ မျက်လုံးကျွတ်မတတ် ထူးမောင်ကို ပြူးစိုက်ကြည့်နေလေ၏။

"ကဲ... ကဲ မင်းဖြစ်စေချင်တာ ဖြစ်ရစေမယ် ထူးမောင်၊ မင်း ကောင်မလေးနေတဲ့ ရွာကိုသာ ငါ့ကိုပြော ကျွမ်ဘီအနေနဲ့ လိုက်တောင်းရင် ဘယ်သူက ငြင်းရဲတော့မှာလဲ မဟုတ်ဘူးလား"



ကျွန်တော့်စကားအဆုံး အားလုံး ခေါင်းညိတ်ထောက်ခံကြသည်။ တဒင်္ဂအခြေအနေကို မေ့လျော့ကာ ထူးမောင်ကိစ္စနှင့် အားလုံး ရောယောင်ကာ ပျော်ပျော်ရွှင်ရွှင် ဖြစ်သွားသောကြောင့် ကျွန်တော် စိတ်သက်သာ ရာရသွားခဲ့ရတော့၏။

ထူးမောင်လည်း ကြည်နူးပီတိဖြစ်နေသည်ကိုတွေ့ရ၏။ အင်းလေ မကြာခင် ကိုယ်ချစ်တဲ့သူနဲ့ ပေါင်းရမယ့်သူကိုးဟု တွေးလိုက်မိသောအခါ သူ့ရင်ထဲမှာ ပီတိအပျော်သည် ကျွန်တော့်ရင်တွင်းသို့တိုင် ကူးစက် ပျံ့နှံ့သွားတော့သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်တို့ဘက်က ဘာမှငြင်းစရာမရှိပါဘူး၊ အစိုးရကုမ္ပဏီက အရာရှိတစ်ယောက်ကိုယ်တိုင် ဂရုတစိုက်လာတောင်းရမ်းပေးတာပဲ"

ထူးမောင်သဘောကျနေသော မသင်းကြွေ၏ မိဘများမှာ ကျွန်တော့်ကို မြင်သည်နှင့် ဗျာဗျာသလဲဖြစ်သွားကြသည်။ ထူးမောင်မှာ မိဘမရှိသော်လည်း သတ္တိ ဗျတ္တိနှင့် ပြည့်စုံကာ သစ်ကုမ္ပဏီ၏ လက်ထောက် မန်နေဂျာကိုယ်တိုင် အထူးဂရုပြု အားကိုးရသော လူငယ်တစ်ယောက်ဖြစ်လေရာ တစ်ဖက်မိဘများမှာ ငြင်းစရာမရှိ ဖြစ်နေကြ၏။

"ကျုပ်တို့ဖက်ကတော့ ထူးမောင်အတွက် အတိုင်းထက်အလွန် စီစဉ်ပေးမှာပါ ဒီက သမီးရှင်တွေကသာ လိုအပ်တာ ပြောပါ"

သမီးမိန်းကလေးရှင်များမှာ ပျော်တပြုံးပြုံးဖြစ်နေကြ၏။ သူတို့သမီးအတွက် အလွန်အမင်း ဂုဏ်ယူ နေပုံရလေသည်။



"ကျုပ်တို့က အထူးတလည် တောင်းဆိုစရာမရှိပါဘူး၊ ကလေးနှစ်ယောက်အတွက်တော့ ထိုက်သင့်တဲ့ စီးပွားတော့ ရှိရမှာပေါ့ ဒီတော့ လယ်ယာ၊ ကျွဲနွား အပြည့်အစုံနဲ့ ရွာခေ အတိုင်း ဆိတ်တစ်အုပ် ကြက်ဘဲ ငန်း တစ်၂၂ နဲ့ သူတို့အတွက် အိမ်နဲ့ ခြံပါ စီစဉ်ပေးစေချင်ပါတယ်"

မိန်းကလေးမိဘများဖက်မှ ခေါ်ထားသော လူကြီးက ထပြောလိုက်ခြင်းဖြစ်၏။ ထူးမောင် မျက်နှာငယ်လေးနှင့် ကျွန်တော့်ဖက်သို့ လှည့်ကြည့်၏။ အထူးတလည် မတောင်းဆိုပါဘူးဟု စကားပလ္လင်ခံထားသော်လည်း တကယ်တမ်း တောင်းဆိုလာသည့် သက်ရှိသက်မဲ့ စီးပွားကိုကြားရသောအခါ ထူးမောင်ဖက်မှ အသိသက်သေအဖြစ် လိုက်လာသော ထူးမောင်တို့ရွာသူကြီး ဦးအောင်မောင်းနှင့် ဦးဝေလုမှာ မျက်လုံးပြူးသွားကြလေတော့၏။

ကျွန်တော် ထူးမောင်ကို လှမ်းကြည့်ပြီး ပြုံးပြလိုက်သည်။ စိတ်အေးအေးထားရန် ခေါင်းတစ်ချက်ဆတ်ပြပြီး သမီးရှင်များဖက်သို့ လှည့်ကာ

"စိတ်ချပါခင်ဗျာ ခင်ဗျားတို့စိတ်တိုင်းကျရပါ စေမယ့် ကျွဲတစ်ရှည်း နွားတစ်ရှည်းနဲ့ ထူးမောင် ခြံထဲမှာ အိမ်တစ်လုံး ဆောက်ပေးမယ် လယ် မြေလည်းပေးမယ်၊ ဆိတ်အအောင်

www.burmeseclassic.com

www.burmeseclassic.com



ငါးဆယ် တစ်အုပ်နဲ့၊ ကြက်၊ ဘဲ၊ ငန်း စတဲ့ အိမ်မွေး တိရိစ္ဆာန်တစ်ရာစီလည်း ပါရစေမယ်၊ နောက်ထပ် သတို့သမီးအတွက် လက်ဝတ် လက်စား အပြည့်အစုံနဲ့ ရွှေစငွေစတစ်ချို့လည်း ကန်တော့ပွဲမှာ ထပ်ထည့်ပေးမယ် ဘယ့်နှယ်လဲ"

ဟု ပြောလိုက်ရာ တစ်ဖက်ဆွေမျိုး အသိုင်းအဝိုင်းအားလုံးမှာ ဘာပြန်ပြောရမှန်းမသိအောင် ငြိမ်သက် ဆွံ့အသွားကြတော့၏။

ကျွန်တော်တက်က ပါလာသူများကိုကြည့်လိုက်ရာတွင်လည်း ထိုနည်းတူစွာပင် အံ့သြနေကြသည်ကိုတွေ့ရ၏။

ထိုစဉ် အိမ်အတွင်းခန်းသို့ မသိမသာငေ့ကြည့်နိုက် အိမ်အတွင်းခန်းသို့ဝင်သော ခြေကျော်ပေါက်ရှိ ခန်းစီးပိတ်စလေး ဖျပ်ခနဲ လှုပ်သွားလေသည်။ ကျွန်တော့်စိတ်ထဲ တစ်စုံတစ်ခုကို မေ့လျော့နေရာမှ ပြန်သတိရလာသလို လှုပ်ရှားနိုးကြားလာလေတော့၏။

"ဒါနဲ့ ဒီက မိတ်ဆွေတို့ရဲ့ သမီးသဘောကရော ဘယ်လိုရှိသလဲ သိချင်ပါတယ်"

ကျွန်တော့်စကားအဆုံး ထူးမောင်က အံ့အားတသင့် လှည့်ကြည့်သော်လည်း မသင်းကြွေ၏မိခင်ဖြစ်သူမှာ ပြုံးရွှင်သောမျက် နှာဖြင့်

"ဒီအတွက်တော့ ဘာမှစိတ်မပူပါနဲ့ အရာရှိမင်းရယ်



ကျွန်မတို့သဘောက သမီးကလေးသဘောနဲ့ တစ်ထပ်တည်းပါဘဲ"

ဟု ပြောရာ ကျွန်တော့်စိတ်ထဲ ဘဝင်မကျမိသော်လည်း ဘာမှထပ်၍ စောဒကမတက်မိတော့ချေ။

"ကောင်းပါပြီဗျာ ဒါဖြင့်လည်း လာမယ့် လဆန်းရက်ထဲပဲ ဝါဒမိတ္တူရက် ပြဿဒါးရက်လေး လွတ်တာရွေးပြီး ဗာလေးတွေ စေ့စပ် ကြောင်းလမ်းဖို့ကိစ္စ စီစဉ်တာပေါ့ အခုဟာက လာပြီး ကြောင်းလမ်းရုံသက်သက်ပါပဲ၊ မင်္ဂလာကိစ္စတော့ သီတင်းကျွတ်ပြီးတာနဲ့"

"အို ဒါကတော့ သင်အုပ်ကြီးတို့ဖက်က စီစဉ်တဲ့အတိုင်း ကျုပ်တို့က နာခံရုံပါ ကိစ္စမရှိပါဘူး၊ အဆင်ပြေတဲ့အချိန်လုပ်ပါ"

ကိစ္စမှာ ထင်မှတ်ထားသည်ထက်ပို၍ လွယ်ကူသွားသဖြင့် ကျွန်တော်ဝမ်းသာနေမိ၏။ ထူးမောင်ကတော့ ကျွန်တော် အစစအရာရာ စီစဉ်တောင်းရမ်းပေးရသည်မို့ ဝမ်းသာပြီး အားနာနေဟန်ရှိသည်။

ကျွန်တော့်အတွက် တင်တောင်းစရိတ်၊ ခန်းဝင်ကြေးက ကုန်ခဲ့သည့်ကိစ္စမဟုတ်ဘဲ၊ ထူးမောင်၏ မင်္ဂလာရေး ချောမောအောင် မြင်စေဖို့သာ အဓိကဖြစ်နေ၏။

www.burmeseclassic.com



ထူးမောင်၏ ဓမ္မစပ်ပွဲပြီးကတည်းက ကျွန်တော်လည်း နယ်ပြောင်းရန် ရက်အတိအကျကို ရင်တထိတ်ထိတ်နှင့် မျှော်နေရ တော့သည်။ သို့သော် အင်္ဂလိပ်လူမျိုး မန်နေဂျာရောက်မလာမချင်း စခန်းတွင် ဆက်နေရဦးမည်ဖြစ်ရာ မည်သည့်ရက်ဟူ၍ အတိအကျမ ဆိုနိုင်ပါချေ။

"ဆရာ ဧည့်သည်လာတယ်ဗျ"

မောင်လုံးစကားကြောင့် အတွေးစပြတ်သွားရ၏။ တဲအတွင်းမှ ဆင်ကျုံးရှေ့ကွင်းသို့ လှမ်းကြည့်လိုက်ရာ ထူးမောင်နှင့် ဓမ္မစပ်ထားသော မသင်းကြွေနှင့် အခြားမိန်းကလေးတစ်ယောက်ကို တွေ့လိုက်ရလေ သည်။

"ဒါနဲ့ ထူးမောင်တစ်ယောက်ရော"



"ရှိပါ့ဗျာ သူ့ကောင်မလေးလာတယ်ဆိုလို့ ခုပဲလာပြီ ဟော့ ဟိုမှာ"

ကျွန်တော့်တဲဆီသို့ ဦးတည်လာနေသော မသင်းကြွေတို့နှစ်ယောက်နှင့် နောက်ခပ်ကွာကွာမှာ ပါလာသည့် ထူးမောင်ကိုပါ တွေ့လိုက်ရ၏။

"ဟော့ ထူးမောင် မင်းမျက်နှာက ဒီနေ့မှ တမျိုး ဖြစ်နေပါလားကွ"

"ဟုတ်ပါ့ဗျာ ပြုံးပြုံး ပြုံးပြုံးနဲ့ မှိုရတဲ့မျက်နှာ ဆိုတာမျိုးပဲ"

"ဟဲ... ဟဲ ခုဥစ္စာက မှိုမှမဟုတ်ဘဲ ပိုဆိုးတာပေါ့"

ဆင်သမားများမှာ ထူးမောင်အား ဝိုင်းစနေသောကြောင့် ထူးမောင်မှာ မနေတတ် မထိုင်တတ်ဖြစ်နေရှာ၏။

မသင်းကြွေမှာလည်း မိဘများက လွှတ်သဖြင့်သာ လာခဲ့ဟန် တူသည်။ သူ့ခမျာ ရှက်တော့ ရှက်နေပုံပင်။ ထို့ကြောင့် ကျွန်တော် ကိုယ်တိုင်ပင် ထွက်၍ခေါ်လိုက်ရ၏။

"လာကွယ် မသင်းကြွေတို့ အလည်လာကြတာနဲ့တူ တယ်"

"ဟုတ်ကဲ့ဆရာ ကျွန်မတို့ ဟိုဖက်ရွာကို ကိစ္စ တစ်ခုနဲ့လာရင်း အလည်ဝင်လာတာပါ"

မသင်းကြွေနှင့် အဖော်ပါလာသူ မိန်းကလေးက အသာနှင့်ယံ

www.burmeseclassic.com

www.burmeseclassic.com



သွက်သွက်လက်လက်ရှိ၏။ ရုပ်ရည်ချင်း ဆင်သော်လည်း မသင်းကြွေမှာ အသားဖြူဖြူ ကိုယ်နေဟန်သွယ်သွယ်ရှိပြီး ထိုမိန်းကလေးမှာ အသားညိုပြီး ခန္ဓာကိုယ် တုတ်တုတ်ခိုင်ခိုင်ရှိသောကြောင့် ညီမဝမ်းကွဲသာ ဖြစ်ရမည်ဟု ကျွန်တော် စိတ်ထဲကြိတ်၍ မှတ်ချက်ချလိုက်၏။

မသင်းကြွေသည် အတော်နှုတ်နည်းသူဖြစ်ကြောင်း နေ့ရပ်သည့်နေကပင် သိခဲ့ရပြီးဖြစ်၏။

"နေကောင်းရဲ့လား ဆရာ"

"အေး ကောင်းပါတယ်ကွယ် ဒါနဲ့ မင်း မိဘများကော နေကောင်းကြရဲ့ မဟုတ်လား"

"ကောင်းပါတယ် ဆရာ"

မသင်းကြွေသည် ထိုမျှသာ နှုတ်ဆက်စကားဆိုပြီး ငြိတ်ဆိတ်သွားပြန်၏။ ထိုစကားပင်လျှင် အိမ်မှ နှုတ်တိုက်ချပေးလိုက်သလားထင်ရ၏။ တခြားစကားအပို တစ်ခွန်းမျှ မဆိုချေ။

ထူးမောင်မှာလည်း ဘာပြောရမှန်းမသိဘဲ မလှမ်းမကမ်းတွင်သာ ကျီးကြည့်ကြောင်ကြည့်နှင့် ရပ်နေရှာ၏။ မသင်းကြွေစကားနည်း အနေအေးသလောက် သူ့အစ်မမှာ အလွန်နှုတ်သွက်လေသည်။

"ဒါနဲ့ ဆရာလည်း မပြောင်းရသေးဘူးနော် နောက်ဆို



ကျွန်မတို့ ဒီကိုအလည်လာလို့မှ ရပါ့မလား မသိတော့ဘူး၊ မျက်နှာဖြူအရာရှိဆိုတော့၊ ဒီလို ရောရောနှောနှောတွေ လာလုပ်တာ ကြိုက်မယ်မထင်ဘူး၊ ဒီစခန်းမှာလည်း မိန်းမသားဆိုလို့ တစ်ယောက်မှတောင် မတွေ့ခဲ့ရဘူးနော်၊ ဒါထက် ဆရာရော ချက်ရေးပြုတ်ရေး ဘယ်လိုစီမံသလဲ ဒီက ဆင်သမားတွေချက်တဲ့ မျှစ်ဟင်းပဲ စားရတယ်ထင်ပါ့"

"အို အစ်မကလည်း ဘာတွေလျှောက်ပြောနေတာလဲ"

မသင်းကြွေမှာ တရင်းတနှီးဆိုလိုက်သော သူ့ အစ်မ၏ စကားကို အားတုံ့အားနာနှင့် ဝင်ဟန့်လိုက်၏။ ကျွန်တော်က သဘောကျ ရယ်သောအခါ မသင်းကြွေမှာ ရှက်ရွံ့ဟန်နှင့် ခေါင်းငုံ့ထားလေသည်။

"ဟုတ်ပါ့ကွယ် မိန်းကလေးပြောသလိုပါပဲ တောထဲဆိုတော့ ဘာမှ မွှယ်မွှယ်ရာရာ မစားရပါဘူး၊ မောင်လုံးချက်ကျွေးသမျှ စားရတာပါပဲ ဆင်စခန်းမှာက တော်ရုံ သားကြီး၊ ငါးကြီးတွေလည်း စိတ်ထင်တိုင်း စားလို့ရတာမှ မဟုတ်တာ"

ကျွန်တော့်စကားကြောင့် မသင်းကြွေက ထူးမောင်မျက်နှာကို တစ်ချက် လှမ်းကြည့်လေသည်။

ထူးမောင်က ခပ်ပြုံးပြုံးကြည့်နေ၏။

"ဒါနဲ့ ကိုထူးမောင်ရော နေကောင်းရဲ့ မဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျာ"

ရုတ်ချည်း ထမေးလိုက်သော မသင်းကြွေစကားကြောင့် ထူးမောင်ခမျာ ဘာဖြေရမှန်းမသိ ကြောင်အမ်းအမ်းဖြစ်သွား၏။

မသင်းကြွေသည် ထူးမောင်အား သာမာန်မိတ် ဆွေတစ်ယောက်လိုသာ ခေါ်ပြောနှုတ်ဆက်သည်ကို ဘာရယ်ကြောင့်မသိ ကျွန်တော် သဘောမကျချေ။

"ဟုတ်… ဟုတ်ကဲ့ ကောင်းပါတယ်"

အရေးထဲမှ ကျွန်တော့်လူကလည်း ကြောက်ကြောက်ရွံ့ရွံ့နှင့် စကားပင် ဖြောင့်အောင်မဆိုနိုင်ပြန်။

"ထူးမောင်ရေ ဒီက မိန်းကလေးတွေ ရောက်တုန်း စခန်းထဲလိုက်ပြပါလား"

"ဟုတ်ကဲ့ ဆရာ"

ထူးမောင်အသံက တက်တက်ကြွကြွရှိလှ၏။ မသင်းကြွေက ကျွန်တော့်မျက်နှာကို ဖျပ်ခနဲ လှမ်းကြည့်ပြီး တစ်စုံတစ်ရာပြောတော့မည်ကဲ့သို့ ပြုသော်လည်း သူ့အစ်မစကားကြောင့် မပြောတော့ချေ။

"ဟုတ်သားပဲ ညီမရယ် အစ်မက ဆင်ဝိုင်း ရောက်ရင် ဟိုဟိုဒီဒီလိုက်ကြည့်မယ်လို့ စိတ်ကူးထားတာ လာလိုက်သွားရအောင်"

"ဆရာ ကျွန်မတို့ သွားလိုက်ဦးမယ်နော်"



"ကောင်းပါပြီ သြော် ဒါနဲ့ ထူးမောင် ဒီနေ့တော့ မင်းနားလိုက်တော့၊ ဟိုနေ့က ရေတံခွန်စောင်းမှာ ချခဲ့တဲ့အလုံးတွေ မောင်သိုင်းတို့အဖွဲ့ သွားဆွဲလိမ့်မယ် ဟုတ်ပြီလား"

"ဟုတ်ကဲ့"

ထူးမောင်မှာ ကျွန်တော့်ကို ကျေးဇူးတင်သည့်အကြည့်နှင့် ကြည့်ကာ မသင်းကြွေတို့ ညီအစ်မကိုခေါ်၍ ဆင်ဝိုင်းဖက်ထွက်သွားလေတော့၏။

ပျော်ရွှင်ကြည်နူးမှုကြောင့် သွက်လက်တက်ကြွနေသော ထူးမောင်ကိုကြည့်ကာ ကျွန်တော်တစ်ယောက်တည်း ပြုံးလိုက်မိ၏။

* * *

www.burmeseclassic.com

www.burmeseclassic.com



“ဆရာ့ကို ကျွန်တော် ပစ္စည်းလေးတစ်ခုပေးချင်လို့”

“ဟော ဟုတ်လားကွ”

ထူးမောင်စကားဆန်းကြောင့် ကျွန်တော် အံ့သြ ဇမ်းသာဖြစ်သွားသည်။ ဘယ်လိုပစ္စည်းမျိုး အမြတ်တနိုးထားပြီး ပေးလာမှာပါလိမ့်ဟူသော သိချင်စိတ်လည်း ဖြစ်သွားမိ၏။

“ကျွန်တော့်အပေါ်မှာ ဆရာ့ကျေးဇူးတွေ များနေပြီ ကျွန်တော် ဒီတစ်သက်မဟုတ်ဘူး နောင်ဘဝတောင် ဆပ်လို့ကုန်မှာမဟုတ်တော့ဘူး”

“ဒီလိုလဲ မဟုတ်သေးပါဘူးကွာ၊ ဒါက ငါ့အတွက် ဘာမှမပြောပလောက်တဲ့ ကိစ္စအသေးအမွှားပါ ကိုင်း ဘယ်မလဲ ငါ့ကိုပေးမယ့် ပစ္စည်း”



ထူးမောင်သည် ရှူးအိတ်လေးအတွင်းမှ ပစ္စည်းတစ်ခုကို ထုတ်လိုက်၏။ တစ်မိုက်နီးပါးရှိသည့် ဆင်စွယ်တစ်ခုဖြစ်သည်။

“ဒါ ဘာလဲ”

“ဆင်မာန်စွယ်လို့ခေါ်ပါတယ် ဆရာ ထူးခြားတဲ့ ဆင်စွယ်အမျိုးအစားထဲမှာ မာန်စွယ်လည်းပါတယ် ကြံ့ဆစ်ရယ်၊ ဆင်စွယ်နက်ရယ်၊ မျက်ဖြတ်ရယ်ဆိုပြီး ရှိတဲ့အထဲမှာ ဒါက မျက်ဖြတ် အမျိုးအစားပေါ့”

“အင်း ဆရာ ကြားတော့ကြားဖူးပါတယ် တစ်ခါမှသာမမြင်ဖူးတာ မာန်စွယ်ဆိုတာ ဘယ်လိုဖြစ်ပြီး ရတဲ့အစွယ်မျိုးလဲ”

“ဒါက ဆင်မုန်ယိုပြီး သစ်ပင်ကို ထိုးရာက ကျိုးကျန်ခဲ့တဲ့ မာန်စွယ်ပါ၊ ဆင်တွေ တစ်ခုခုနဲ့ ခိုက်မိပြီး ကျိုးကျန်ခဲ့တာမျိုးကိုတော့ ဒဏ်ကျိုးလို့ ခေါ်တယ်၊ အချင်းချင်း ခိုက်ရန်ဖြစ်ရာက ကျိုးကျန်ခဲ့တဲ့ အစွယ်ကို ရန်ကျိုးလို့ ခေါ်တယ်၊ အဲဒီအမျိုးအစားတွေက အဆောင်လက်ဖွဲ့အနေနဲ့ တုတ်ပြီး၊ ဓားပြီးတယ်လို့ ယုံကြည်ကြတယ်၊ ဒါ ကျွန်တော် ယယ်ယယ်က ရခဲ့တဲ့ ပစ္စည်းပါ ကျွန်တော် အမြတ်နိုးဆုံးပဲ ဒါလေး ဆရာ့ကို ပေးပါရစေ”

www.burmeseclassic.com

www.burmeseclassic.com



ထူးမောင်စကားကို ကျွန်တော် ငြိမ်သက်စွာ နားစွင့်နေမိ၏။

“ဒါနဲ့ ဆင်မြီးကို လက်စွပ်ကွင်းဝတ်တာလည်း ရှိသေးတယ်၊ အဲဒါ ဘယ်လိုကြောင့်လဲကွ”

“ကျွန်တော် ငယ်ငယ်ကတော့ အမေ့မှာ ဆင်မြီး လက်စွပ် ရှိတယ်၊ အဲဒါက စုန်းတွေ၊ တစ္ဆေတွေ မဖမ်းစားနိုင်အောင် ကာကွယ်ပေးတယ်လို့ ပြောတယ် တစ်ခါ ဦးကြီးဝေလုက ပြောတယ်၊ ဆင်မြီးမှာ အမြီးတံခါးပိတ်လို့ခေါ်တဲ့ အမြီးဖျားမှာ ကန့်လန့်ပေါက်တဲ့ အမွေးက ပိုပြီး စွမ်းတယ်တဲ့ အဲဒါကို ပိုပြီး တန်ဖိုးထားတယ် ရှားလည်း ရှားတာကိုး”

ဤသည်မှာ သူတို့၏ ယုံကြည်ရာ ဓလေ့ထုံးစံ ဖြစ်သော ကြောင့် ကျွန်တော် မည်သို့မျှမပြောလိုတော့ပါ။ သို့သော် သူအမြတ် တနိုး တန်ဖိုးထားသော ပစ္စည်းကိုပေးလာသောကြောင့် ကြည်နူးပီတိ ဖြစ်ရသည်တော့ အမှန်ပင်ဖြစ်၏။

“ဒါနဲ့ ဟိုတစ်လောက မသင်းကြွေလာတော့ မင်းနဲ့ လက်ထပ်ဖို့ ကိစ္စလေးဘာလေး မတိုင်ပင်ကြဘူးလား၊ ဘယ်တော့လောက် လက်ထပ်မှာလည်း ငါ မပြောင်းခင်တော့ မင်းတို့ မင်္ဂလာဆောင်တာ မြင်သွားချင်သေးတယ်ကွာ”

ကျွန်တော့်စကားကြောင့် ထူးမောင်မျက်နှာ ကွက်ခနဲပျက် သွားသည်ကို အမှတ်မထင် မြင်လိုက်ရ၏။ စကားတစုံတစ်ရာ



ပြန်မပြောဘဲ တစ်နေရာသို့ ငေးစိုက်၍ကြည့်နေလေသည်။

“ကျွန်တော် ကျုံးဖက်ခဏသွားလိုက်ဦးမယ် ဆရာ၊ ညနေစောင်းမှ ပြန်လာခဲ့မယ် ဟိုင်းဆင်ကြီးတစ်ကောင် သိပ်နေမကောင်းဘူးဆိုတာ ဆရာသိပြီးပြီလား အဲဒါသွား ကြည့်မလို့”

“အေး ဟုတ်သားပဲ မနေ့က မောင်ကြိုင် ငါ့ကို ပြောသေး တယ် ငါလည်းလိုက်မယ် တကယ်လို့ ကူးစက်နိုင်တဲ့ ရောဂါဆိုလည်း တခြားနေရာ ရွှေ့ဖို့စီစဉ်ကြတာပေါ့”

ကျွန်တော့်စကားအဆုံး ထူးမောင်က ခေါင်းကို ခပ်သွက်သွက် ညိတ်ရင်း ရှေ့မှထွက်သွားနှင့်သည်။

ကျွန်တော် သူ့ကို မင်္ဂလာကိစ္စထပ်မေးမှာ စိုးရိမ်နေပုံလည်း ရလေသည်။ ထို့ကြောင့် ကျွန်တော် ဘာစကားတစ်ခွန်းမှ မဆက်ဖြစ် တော့ဘဲ တိတ်ဆိတ်စွာပင် လိုက်လာခဲ့၏။

* * *

www.burmeseclassic.com

www.burmeseclassic.com



ခုတစ်လော ဘာရုပ်လုပ် ထူးမောင်ကိစ္စသာ ကျွန်တော့်ခေါင်း ထဲဝင်နေ၏။ အမှန်တကယ်တွင် ဖျားနာနေသော ဟိုင်းဆင်ကြီးကိစ္စကို ကျွန်တော် စိုးရိမ်ပူပန် နေရမည်ဖြစ်သည်။ ဆင်တစ်ကောင်သေဆုံးခြင်းမှာ သစ်ထုတ်လုပ်ရေးလုပ်ငန်းအတွက် ကြီးမားသောဆုံးရှုံးမှုတစ်ခုဖြစ်ကြောင်း ကောင်းစွာနားလည်ပါသည်။

"ဆရာ"

ခေါ်သံကြောင့် လှည့်ကြည့်လိုက်ရာ ထူးမောင်၏ ဆင်နောက်လိုက် လုံကိုင်တစ်ဦးဖြစ်သော ကြွက်နီကိုတွေ့လိုက်ရ၏။

"ဘာလဲ၊ ကြွက်နီ"

ကြွက်နီမှာ ဘေးပတ်ဝန်းကျင်သို့ ဝေ့ဝဲကြည့်လိုက်ပြီး'

"ခုတစ်လော ထူးမောင်ကို ဆရာသတိထားမိသေးလား



ဆရာ"

"ဘာဖြစ်လို့တုန်းကွ"

ကြွက်နီက စကားကိုပြောသင့် မပြောသင့် ချင့်ချိန်နေပုံရ၏။ တော်တော်နှင့် မပြောဘဲ တစ်နေရာသို့ ငေးနေလေသည်။

"ဟို ထူးမောင် ထူးမောင်လေ"

"အေး အဲဒီ ထူးမောင်ဘာဖြစ်လို့လဲ ပြောစမ်းပါ မင်းဟာက ထူးမောင်ကနေ လိုရင်းမရောက်တော့ဘူး"

ကျွန်တော် ခပ်ဆက်ဆက်ငေါက်လိုက်ရာ ကြွက်နီမှာ ခေါင်းတုံးပြောင်ပြောင်ကို လက်ဖြင့်ပွတ်သပ်ပြီး စိတ်ရှုပ်ထွေးဟန်နှင့်

"ဒီလိုပါ ဆရာ ခုတစ်လော ထူးမောင်"

"လာပြန်ပြီ ခုတစ်လော ဟောကောင် လိုရင်းမြန်မြန်ပြောငါ နားရင်းထရိုက်မိတော့မယ်"

"ဟုတ်... ဟုတ်ကဲ့ ထူးမောင်လေ သူကောင် မလေးနဲ့ အဆင်မပြေဘူးထင်တယ်"

"ဟော"

ကြွက်နီစကားကြောင့် ကျွန်တော် အကြီးအကျယ် အံ့သြတုန်လှုပ်သွားရသည်။

"ဟုတ်တယ် ဆရာ ထူးမောင်နဲ့ သင်းကြွေတို့ အဆင်မပြေဘူးထင်တာပဲ တလောက မိုးကြီးချုပ်မှ ထူးမောင်က

www.burmeseclassic.com

www.burmeseclassic.com



သင်းကြွေကို တွေ့ချင်တယ်ဆိုပြီးသွားတာ သင်းကြွေက အတွေ့မခံဘူး ရှောင်နေတယ်"

ကျွန်တော် ခေါင်းတစ်ချက် ဖြည်းညင်းစွာ ခါရမ်းလိုက်သည်။ ထူးမောင်နှင့် မသင်းကြွေမှာ စေ့စပ်ပြီးသည့် အခြေအနေပင် ရောက်နေပေပြီ။ သမီးရည်းစားမဖြစ်သော်လည်း မိဘသဘောတူ၍ အကြင်လင်မယားပင် ဖြစ်လုနီးကားမှ အတွေ့မခံ ရှောင်ဖယ်နေသည် ဆိုခြင်းမှာ သဘာဝမကျသော ကိစ္စတစ်ရပ်ပင်။

"သင်းကြွေက ထူးမောင်ကို မကြိုက်ဘူးထင်တယ်၊ ထူးမောင်က တစ်ဖက်သက်ကြိုက်ပြီး ဖွတ်စီစဉ်ခိုင်းတာဗျ၊ ခုတော့ သူပဲ ခံစားရတာပေါ့"

"အို ဒီလို လုပ်လို့ဘယ်ဖြစ်မလဲကွ ငါကိုယ်တိုင် တခမ်းတနားစီစဉ်ပြီး သွားတောင်းရမ်းပေးခဲ့တယ်၊ ခုစာကလေးကြော် ခုဆီထမင်းလုပ်ရအောင် ဒါ ကလေးကစားနေတာမှ မဟုတ်ဘဲ သွားပြောကြဆိုကြ မြန်းကြတုန်းက သူတို့ပဲ ကောင်းပြီ ကောင်းရဲ့နဲ့ ခေါင်းညိတ်ပြီးမှ"

"အဲဒါပြောတာပေါ့ ဆရာ၊ ခုတော့ ထူးမောင် တော်တော်စိတ်မကောင်းဖြစ်နေရှာတယ်၊ သူကတော့ ဘယ်သူ့ကိုမှ အပြစ်မတင်ဘူး သူ ကိုယ့်သူပဲ သင်းကြွေအချစ်ကို မရတဲ့အတွက် ယူကြုံးမရဖြစ်နေတာ"



"အေးကွာ အမှန်ဆို ထူးမောင်လည်းမှားတယ် ကောင်မလေးနဲ့ ရည်ငံနေပြီးသားဆိုလည်း ဟုတ်သေးရဲ့ ခုတော့ကွာ၊ ဘာပဲဖြစ်ဖြစ်ပါလေ သူ့မိဘတွေကို ငါမေးတော့ သူတို့သမီးက မိဘတွေနဲ့ တစ်သဘောတည်းပါပဲ ဆိုပြီးသားပဲ ဥစ္စာ"

ကျွန်တော် ထူးမောင်အတွက် စိတ်မကောင်း[...] သလို မခံချင်စိတ်နှင့် ပြောပစ်လိုက်သည်။ ကြွက်နီက နားလည်သလို မနားမလည်သလိုနှင့် ခေါင်းတညိတ်ညိတ် လုပ်နေ၏။

"ကြားထဲက စီစဉ်ပေးရတဲ့ ငါက မျက်နှာပျက်တာပေါ့၊ ဟုတ်သေးပါဘူး၊ ဒီကိစ္စ ပြတ်ပြတ်သားသားဖြစ်အောင်တော့ ငါမသွားခင် ဖြစ်ခဲ့စေချင်တယ် ကြွက်နီ မင်း အဲဒီရွာကိုသွား သင်းကြွေကို ငါ့ဆီလွှတ်လိုက်ဖို့ပြော အကျိုးအကြောင်း ပွင့်ပွင့်လင်းလင်းမေးရမယ်"

ထိုအခါ ကြွက်နီက ဟှာဟှာသလဲနှင့်

"တကူးတက သူ့ရွာသွားခေါ်စရာမလိုပါဘူး ဆရာ၊ တောထဲမှာ မှစ်လာချိုးကြတဲ့ ရွာသူတွေထဲမှာ သင်းကြွေလည်း ပါတယ် ဆရာ"

ဟု ပြောလိုက်လေတော့၏။

စိတ်ထဲက မကျေမနပ် ကြိတ်ကြိမ်းမောင်းလာခဲ့သော်လည်း [...]ကယ့်တကယ် တွေ့သည့်အခါ ဘာက ဘယ်လို စပြောရမှန်း[...]သိ။

www.burmeseclassic.com

www.burmeseclassic.com



ကလေးသူငယ်လည်းမဟုတ်ပါဘဲ အိုးတိုးအမ်းတမ်း ဖြစ်နေသော ကျွန်တော့်ကိုယ် ကျွန်တော် ဒေါသဖြစ်မိ၏။

သင်းကြွေမှာ ကျွန်တော့်ကို မြင်သည့်အခါ အံ့သြတုန်လှုပ် သွား၏။ ထိုအခါမှပင် ကျွန်တော့်စိတ်ထဲ မကျေနပ်စိတ်က ထောင်းခနဲထလာတော့သည်။ သို့ပေမယ့် အကျိုးအကြောင်း ကွဲကွဲပြားပြား မသိရသေးခင် ဇွတ်အတင်း ကိုယ့်ဖက်က လိုရာဆွဲ လည်း မသင့်တော်ကြောင်း ကျွန်တော့်ကို ကျွန်တော် အတန်တ သတိပေးရသေးသည်။

တောထဲသို့ အလုပ်ကိစ္စမှလွဲ၍ လာလေ့မရှိ၊ မျှစ်ချိ မှီရှာလာသူများနှင့်လည်း တွေ့ရဖူးလေ့မရှိသောကြောင့် ကျွန်တော့်ကို တွေ့သောအခါ အားလုံး အံ့သြထိတ်လန့်သွားလေသည်။

"ဆရာ သစ်တောထဲလာကြည့်တာလား"

"ဆိုပါတော့ မသင်းကြွေတို့ရော မျှစ်လာချိုးကြတာထ တယ်"

"ဟုတ်ကဲ့ ဒီရာသီက မျှစ်ရိုးတွေ တအားထွက်ချိန်လေ ဩ ဟိုမှာ အမခင်ညိုတို့လည်းပါတယ်"

မသင်းကြွေ ညွှန်ပြရာသို့ကြည့်လိုက်ရာ သူမ အစ်မဝမ်းကွဲဖြစ်သူ မခင်ညိုကို တွေ့လိုက်ရ၏။ မခင်ညိုမှ ကျွန်တော့်ကို မြင်လိုက်သည်နှင့်



"ဩော် ဆရာကိုး"

ဟု နှုတ်ဆက်ရင်း မျှစ်တောင်းကိုချကာ ကျွန်တော့်အနီးသို့ လျှောက်လာ၏။ သူမ၏မျက်နှာမှာ မသင်းကြွေကဲ့သို့ မနေတတ် မထိုင်တတ်ရှက်ရွံ့နေပုံမျိုး မဟုတ်သလို အကြောင်းတစ်စုံတစ်ရာကြောင့် အေးစက်တည်ငြိမ်နေသလိုလည်း ရှိလေသည်။

"ကျွန်မတောင် ဆင်ဝိုင်းကိုလာမလို့ ဆရာရဲ့"

"ဟုတ်လား"

မခင်ညိုစကားကြောင့် ကျွန်တော်ကိုယ်တိုင် အံ့သြသွားရသလို မသင်းကြွေမှာ မခင်ညို၏မျက်နှာကို ဖျပ်ခနဲ လှမ်းကြည့်လေသည်။

"ဆရာလည်း ထူးမောင်တို့ကိစ္စနဲ့ပတ်သတ်ပြီး မသင်းကြွေနဲ့ လာတွေ့မလို့ပဲ"

ကျွန်တော့်စကားအဆုံး မသင်းကြွေ၏မျက်လုံးများမှာ ဝိုင်းခနဲ ဖြစ်သွားသည်ကို တွေ့လိုက်ရ၏။ တစ်ခုခုကို ထိတ်လန့်သလို စိုးရိမ်သလို အရိပ်အယောင်များ ပြည့်နှက်ကာ မခင်ညို၏လက်ကို အားကိုးတကြီး လှမ်း၍ ဆုပ်ကိုင်လိုက်လေသည်။

"ကျွန်မတို့နဲ့ ထူးမောင်က တစ်ရွာတည်းသား တွေမဟုတ် ပေမယ့် တစ်ယောက်နဲ့တစ်ယောက် ဟိုးအရင်ကတည်းက သိကျွမ်းရင်းနှီးပြီးသားတွေပါ သင်းကြွေအနေနဲ့လည်း ထူးမောင်နဲ့ ချစ်ကြိုက်နေတာ မဟုတ်ပါဘူး ဒါပေမယ့်"

www.burmeseclassic.com



"ဒါပေမယ့် ဘာဖြစ်သလဲ၊ ထူးမောင်နဲ့ သူနဲ့ကော ဘာဖြစ်ကြတာလဲ"

ကြားဖြတ်ဝင်မေးလိုက်သော ကျွန်တော့်စကားကြောင့် မသင်းကြွေ ခေါင်းငုံ့သွားသလို မခင်ညိုက သက်ပြင်းတစ်ချက်ရှိုက်ရင်း

"အမှန်အတိုင်း ပြောရရင်တော့ သင်းကြွေက ထူးမောင်ကို လက်မထပ်ချင်ဘူး ဆရာ"

ဟု ခပ်တိုးတိုးပြောလေသည်။

"ဘယ်... ဘယ့်လိုပြောလိုက်တယ်ကွယ်"

ကျွန်တော့်စိတ်ထဲ အံ့တော်လေး ဒေါသထွက်ကာ အသံမ တုန်အောင်ပင် မနည်းထိန်းလိုက်ရသည်။

"ထူးမောင်က လူ... လူမဟုတ်ဘူး ဆရာ သူက ဆင်ကြီးတစ်ကောင်လိုပဲ ရှင်းရှင်းပြောရရင် သူနဲ့ ဆိုးပုံက အရင်ဘဝက ညီအစ်ကိုတွေ"

"ဘာ"

ဒီတစ်ခါ အော်သံကတော့ အံ့ဩထိတ်လန့်သံ ပါ,ပါလာ သောကြောင့် အတော့်ကို ကျယ်လောင်သွား၏။

"အရင်ကတော့ မသိခဲ့ဘူး ခုမှ တဖြည်းဖြည်းရိပ်မိတ ထူးမောင်က လူမဟုတ်ဘူး ဆရာ သူ... သူက ဆင်ကြီးတ ကောင်ပါပဲ"



"တော်... တော် မင်းတို့ မဟုတ်တမ်းတရားတွေ၊ အဓိပ္ပာယ် မရှိတာတွေ လျှောက်ပြောနေတယ်၊ ထူးမောင်က ဆင်ဦးစီးပါ ဘယ့်နှယ့်ကြောင့် ဆင်ဖြစ်ရမှာလဲ"

ကျွန်တော့်စကားအဆုံး မသင်းကြွေထံမှ ရှိုက်သံသဲ့သဲ့ကို ကြားလိုက်ရ၏။

"ဟုတ်ပါတယ် ဆရာ သူက လူနဲ့ နည်းနည်းမှ မတူတဲ့ ဆင်ပါ၊ သူ ကျွန်မကို တောထဲ အလည်ခေါ်သွားတော့ ဆိုးပုံနဲ့ သူစကားပြောတယ် ကျွန်မ မမြင်ဟန်ဆောင်နေခဲ့တယ်၊ သူ ပြောတဲ့စကားကို ဆိုးပုံဆိုတဲ့ဆင်ကြီးက နားလည်တယ်"

ငိုရှိုက်ရင်း ဝင်ပြောလိုက်တဲ့ မသင်းကြွေစကားအဆုံး ကျွန်တော် ခေါင်းကို ဖြည်းလေးစွာ ခါရမ်းလိုက်မိ၏။

"မဟုတ်တာ ဒါ မင်းတို့ သက်သက် အထင်မှားနေတာပဲ ကလေးမရယ်၊ ဆင်ဦးစီးနဲ့ ဆင်က တစ်ယောက်အမူအရာ၊ ပြောစကားတွေကို နားလည်နေတာ သဘာဝပဲ ဒါကို"

"မဟုတ်ဘူး မဟုတ်ဘူး ဆရာ၊ သူတောထဲဝင်ရင် ဘာတွေစားသလဲ ဆရာ သိရဲ့လား၊ ကြံတွေချိုးစားတယ် ငှက်ပျောခေါက်တွေ ခွာပြီး ငှက်ပျောအူတွေစားတယ်၊ အဲဒါ ဆင်စားတဲ့ အစာတွေမဟုတ်ဘူးလား၊ ပြီးတော့ သူ့ကိုကြည့် ရတာ ကျွန်မ မျက်စိထဲ ဆင်ကြီးတစ်ကောင်နဲ့ သိပ်တူတာပဲ"

www.burmeseclassic.com

www.burmeseclassic.com



မသင်းကြွေစကားအဆုံး ကျွန်တော် ဘာပြောရမှန်းမသိအောင် တွေဝေသွားမိတော့၏။

"ဆရာ စဉ်းစားကြည့်ပါဦး မသင်းကြွေက ထူးမောင်ကို မချစ်ပေမယ့် ဒီလို အခြေအနေမျိုးဆိုတော့ လက်ထပ်ချင်ပါ့ မလား"

မခင်ညို၏စကားကြောင့် ကျွန်တော် စိတ်မကောင်းသလို တစ်ခုခုကို ဘုန်းလှုပ်ချောက်ချားသလို ဖြစ်သွားရသည်။

ဘာမှ ပြန်ချေပစရာ စကားမတွေ့သည့်အဆုံး ထိုနေရာမှ လှည့်ထွက်လာခဲ့တော့သည်။ ရင်ထဲတွင် ယုတ္တိမရှိသော ကိစ္စတစ်ခုအား ပထမဦးဆုံးအကြိမ် သံသယဝင်မိခြင်းလည်းဖြစ်၏။ ထူးမောင်ကို သားသမီးရင်းကဲ့သို့ သံယောဇဉ်တွယ်မိသော ကျွန်တော့်အတွက် ယနေ့သည အလွယ်တကူ အိပ်ပျော်တော့မည်မထင်ပါချေ။

* * *

တဲရှေ့တွင်၊ ခေါက်တုန့်ခေါက်ပြန် လမ်းလျှောက်ရင်း စ်ခုံတစ်ခုကို အလေးအနက် စဉ်းစားနေစဉ် ခပ်ဝေးဝေးမှ ဆူညံညံ ကားပြောသံများကြောင့် လှမ်းကြည့်လိုက်မိသည်။

ပိန်းပိတ်အောင် မှောင်ကျနေသော နှင်းမြူထုကြီးကြောင့် တားဘီဝဲယာကို ပီပီသသ သဲသဲကွဲကွဲမမြင်ရပါချေ။ ထို့ကြောင့် သံသာကြားနေရပြီး စကားပြောရင်း ကျွန်တော့်ထံဘက်လျှောက်လာ သူများမှာ မည်သူမည်ဝါမှန်း ရုတ်တရက်မသိနိုင်။

ထို့နောက် ထိုလူအုပ်ရှေ့ဆုံးမှ ခပ်သုတ်သုတ် တက်လာသော ငယ်တစ်ဦးကို တွေ့ရ၏။ သွားဟန် လာဟန်ကိုကြည့်ခြင်းအားဖြင့် ျွန်တော့်လက်ကတုံး တောင်ဇေး မောင်လုံးမှန်း သိလိုက်ရပါသည်။

"ဟော့ မောင်လုံး"

www.burmeseclassic.com

www.burmeseclassic.com



ဟု ကျွန်တော် အလျင်စလို လှမ်း၍အသံပြုလိုက်၏။ မောင်လုံးက ကျွန်တော့်ဆီသို့ သုတ်သုတ်လျှောက်လာရင်း

"ခုပဲ အိပ်ရာကနိုးလို့ ထလာတာ ဆရာ မျက်နှာမှ သစ်ရသေးရဲ့လား"

ဟု မေးလိုက်လေသည်။

"တယ် ဒီကောင် နေပဲမြင့်နေမှ မျက်နှာသစ် ပြီးပလား မေးနေသေးတယ်"

"မသိပါဘူး ရေနွေးစပ်ပြီးသားမရှိတော့ အရမ်းအေးလို့ မျက်နှာမသစ်ဘဲ စောင့်နေတယ် ထင်လို့ပါ"

"ဒါနဲ့ကွယ် ထူးမောင်တစ်ယောက်ရော"

ထိုစဉ် မောင်လုံးနောက်မှ လိုက်လာသော လူအုပ်မှာ ကျွန်တော့်တဲ့ရှေ့သို့ ရောက်လာလေတော့သည်။

"အဲဒါပြောမလို့ ဆရာ မနေ့က သင်းကြွေက ဟိုဖက်ရွာက သူကြီးတွေနဲ့ လိုက်ပြေးသွားလို့တဲ့ ထူးမောင် အတော်လေး ဒေါသထွက်နေတယ်"

"ဟင် ဟုတ်ရဲ့လား"

ကျွန်တော့်ခေါင်းထဲ သွေးက ဒိုင်းခနဲ တတ်ဆောင့်သလို ခံစားလိုက်ရသည်။



"သူ အရက်တွေဘာတွေကော သောက်ထားလား အရက်မူးပြီး သောင်းကျန်းရင် ဒုက္ခ မူးရင် သွေးဆိုးလို့ သောက်လို့မဖြစ်ဘူးဆိုပြီး သူကိုယ်တိုင် ပြောထားတာ"

"အရက်တော့ မသောက်ပါဘူး ဆရာ ဒါပေမယ့် ဒီကောင် ဒေါသထွက်ရင် ဆင်ရိုင်းမုန်ကျသာထက် ကြောက်ဖို့ကောင်းတယ်၊ ထူးမောင်ကို ထိန်းနိုင်တဲ့လူဆိုလို့ ဆရာတစ်ယောက်ပဲ ရှိတာ မဟုတ်လား အဲဒါကြောင့် လာပြောတာပါ"

ထိုသို့ ပြောလိုက်ခါမှ ကျွန်တော့်စိတ်ထဲပို၍ ပူပန်စိုးရိမ်သွားရတော့၏။

"ခက်တော့တာပဲ ဒီကောင်လေးနှယ် ကဲ မောင်လုံး သွားစမ်း ထူးမောင်ကို ငါက ခေါ်တယ်လို့ တစ်ခါတည်း ခေါ်လာခဲ့ကြားလား"

"ဟုတ်ကဲ့ ဆရာ"

မောင်လုံး ထွက်သွားသည်ကို ရင်ထိတ်ထိတ် နှင့်ကြည့်ရင်းမှ မောင်ရွှေဒိုးဖက်သို့လှည့်ကာ

"ဒီကိစ္စက ပေါ့သေးသေးတော့ မဟုတ်ဘူးနော် မောင်ရွှေဒိုး အမှိုက်ကစ ပြဿဒ်မီးလောင်မဲ့ကိန်းပဲ"

ဟု ပြောလိုက်ရာ မောင်ရွှေဒိုးက ခေါင်းညိတ်ပြ၏။

"မှန်ပါတယ် ဆရာ... ဆရာ သွန်သင်ဆုံးမမှု အရေးပေးမှ

www.burmeseclassic.com

www.burmeseclassic.com



တွေကြောင့် ထူးမောင်က လိမ္မာသလောက်ရှိနေပါပြီ အခု ဒီလိုတွေဖြစ်ကုန်တော့ အရင်လို စိတ်မိုက်စိတ်ရိုင်းတွေ ပြန်ဝင်လာမလားဆိုပြီး စိုးရိမ်မိတယ်"

"ဟုတ်ပါရဲ့ ဆရာရယ် ကျွန်တော်တို့လည်း ထူးမောင်စခန်းမှာ သိမ်သိမ်မွေ့မွေ့ တည်တည်ငြိမ်ငြိမ်ဖြစ်လာတာကို ဝမ်းသာနေတာ ခုလို ဆိုတော့"

"ဘယ်တတ်နိုင်မလဲလေ ငါတို့လည်း အတတ်နိုင်ဆုံးပဲ့ပြင်ဆုံးမခဲ့ကြတာပဲ မမျှော်လင့်ဘဲဖြစ်လာတာတော့ ဘယ်တတ်နိုင်ပါ့မလဲ"

"ဒါနဲ့ ဆရာ့ သေနတ်ကိုတော့ ဝှက်ထားပါနော် မပြေးသော်ကန်ရာရှိဆိုသလို ရူးရူးမူးမူးနဲ့ မတော်တာတွေ ကြံမှာစိုးလို့ပါ ပြောင်းခါနီး ရွှေ့ခါနီးမှ ဆရာ့အတွက်လည်း မကောင်းဘူးလေ"

မောင်ကြိုင်စကားအဆုံး ကျွန်တော် ခေါင်းညိတ်ရင်း သင်ပြင်းမောတစ်ချက် ချလိုက်မိတော့၏။

* * *



ထူးမောင်မှာ မည်သူ့ကိုမှ စကားဟဟမဆိုဘဲ မျက်နှာရဲရဲနှင့် မှုန်ကုပ်ကုပ်နေ နေ၏။ ကျွန်တော်ပင်လျှင် ထူးမောင်ကို စကားစရှာ ရှုတ်တရက် စကားရှာမရ။

ကျွန်တော် သူ့ကို စိတ်မကောင်းစွာ တစ်ချက် ကြည့်လိုက်သည်။ ထူးမောင်မှာ မေးကြောများထောင်အောင် အံကိုတင်းတင်း ကြိတ်ထားသည်။

သူ့ပုံစံမှာ ဒေါသပေါက်ကွဲပြီး စိတ်လိုက်မာန်ပါ အော်ဟစ်ဆူပူကာ မြင်မြင်သမျှကို ချိုးဖဲ့ချေမွချင်သည့်စိတ်ကို အတန်တန်ချုပ်တီးထားရဟန်ရှိလေသည်။

သူ့မျက်လုံးအစုံက နီရဲစိုစွတ်နေပြီး စိတ်လှုပ်ရှားသလို အသက်ကို ပြင်းစွာရှူနေ၏။

www.burmeseclassic.com

www.burmeseclassic.com



"ဖြစ်ပြီးခဲ့တဲ့ကိစ္စတွေအတွက် ဆရာဘာမှ မပြောလိုပါဘူး။ ဒါပေမယ့် စိတ်မကောင်းတာတော့ အမှန်ပဲ"

ကျွန်တော့်စကား ခပ်တိုးတိုးကပင် တိတ်ဆိတ်သော ညအချိန်မို့ ပိုပြီးကျယ်လောင်မြည်ဟီးနေသယောင်ရှိ၏။ ထူးမောင်မှာ ကျွန်တော့်ကို ဘာမှပြန်မပြောဘဲ တဲအပြင်အမှောင်ထုတွင်းသို့သာ စူးစိုက်ကြည့်နေ၏။ သိပ်သည်းနက်ရှိုင်းသော အမှောင်ထုနှင့် အပြိုင် သူ့စိတ်က မည်မျှအေးစက်ထုံထိုင်းနေပြီလည်း မဆိုနိုင်ချေ။

"ဆရာ… မနက်ဖန် သင်းကြွေ မင်္ဂလာဆောင်နော်"

ဟူသော မောင်ကြိုင်၏ သတိပေးစကားက နားတွင် ထပ်တလဲလဲ ပြန်ကြားယောင်နေစေ၏။

"ကဲ… ညည့်လည်းနက်လှပြီ ထူးမောင် ဒီညတော့ မောင်လုံးနဲ့ ဆရာ့တဲမှာပဲ အိပ်လိုက်ကြနော် မနက် ဆရာပြောင်းဖို့ ကိစ္စစီစဉ်ရဦးမယ် ဆရာပြောင်းရမယ့်သစ်ကွက် ကိုသွားပြီး အထက်ကို အစီရင်ခံစာရေးဖို့ရှိတယ် ကြားလား ထူးမောင် ဒီည မင်းတဲပြန်မနေနဲ့တော့ မနက်ဖန် ဟိုသစ်ကွက် သွားရင် ဆရာနဲ့လိုက်ခဲ့ဦး"

ပြောသာပြောရသည်။ ကျွန်တော့်စကားကိုပင် ကျွန်တော် အပြည့်အဝ ယုံကြည်ရန်မဝံ့ရဲပါချေ။



ထူးမောင်က ဘာမှပြန်မပြောသလို ငြင်းလည်းမငြင်းသောကြောင့် စိတ်ထဲ စိုးတထင့်ထင့် ဖြစ်နေသည့် ခံစားမှုက လျော့မသွားဘဲ ပိုတိုးလာသည်။

"ကိုင်း… မင်းတို့လည်း အိပ်ကြတော့ အိပ်ကြတော့ မောင်လုံး မနက်စောစောထ ရေနွေးတည် အဆာပြေအတွက် ဆီထမင်းနဲ့ ငါးပိကြောင်ကင်ကွာ ကြားလား"

"ကြားပါတယ် ဆရာ၊ လာလေ ထူးမောင် တဲနောက် အဖီမှာ သွားအိပ်ရအောင် ဒီရှေ့မှာအေးတယ်"

မောင်လုံး၏ အလိုက်တသိစကားကြောင့် ကျွန်တော် ခေါင်းဆတ်ရင်း ပြုံးလိုက်မိသည်။ ထူးမောင်က ကျွန်တော်နှင့် မောင်လုံးကိုမကြည့် နေရာမှ အသက်မပါသလို ဖြည်းလေးနှေးကန်စွာ ထရပ်ရင်း တဲအနောက်ဖက်ဆီသို့ပါသွား၏။

ထို့နောက် တဲ အနောက်ခန်းထဲမှ စကားတီး တိုးပြောသံများကို ကြားရ၏။ အသေအချာ နားစိုက် ထောင်လိုက်သည်။

ထူးမောင်ပြောနေခြင်းမဟုတ်ဘဲ မောင်လုံးက ပြောနေခြင်း ဖြစ်၏။ ထူးမောင်ကို အားပေးနှစ်သိမ့်နေခြင်းလား၊ တရားချနေခြင်း လားမသိ၊ ထူးမောင်ကတော့ တောက်တခေါက်ခေါက်နှင့်ရှိနေ၏။

ကျွန်တော်လည်း သူတို့ဘက်ကို နားစွင့်ရင်း တော်တော်နှင့် အိပ်မပျော်ချေ။ မောင်ရွှေဒိုးတို့မှာထားသည်ကို သတိရ၍ သေနတ်ကို

www.burmeseclassic.com

www.burmeseclassic.com



တော့ ဝှက်ထားလိုက်သည်။

ကျွန်တော့်စိတ်ထဲ အနည်းငယ် လုံခြုံအေးဆေး သွားသလို ခံစားလိုက်ရလေ၏။

* * *



ကျွန်တော် နှစ်ခြိုက်စွာ အိပ်မပျော်သောကြောင့် အရှေ့တောက်ခါနီးမှ မှေးခနဲကျကာ အိပ်မက်လိုလို မြင်နေစဉ် နားထဲအော်ခေါ်သံများကို ကျယ်ကျယ်လောင်လောင် ကြားရ၏။

"ထူးမောင်… ထူးမောင်"

ဟူသောအသံများ ထို့နောက် "ဒိုင်း"ခနဲ သေနတ်ပစ်သံနှင့်တောအုပ်ထဲမှ ကျည်ခနဲအော်၍ ပြေးလာသော ဆင်အုပ်ကြီး၏အသံကိုကြားရ၏။ ကျွန်တော် စိုးရိမ်ထိတ်လန့်စွာ အော်လိုက်မိသည်။

ထို့နောက် ဆောင်းတွင်းဖြစ်ပါလျက် ချွေးစေးများစို့ကာ နိုးလာလေတော့၏။

"ဆရာ… ဆရာ"

ကျွန်တော်နိုးလျှင်နိုးချင်း အမောတကော ခေါ်သံတစ်ခုကို

www.burmeseclassic.com

www.burmeseclassic.com



ကြားလိုက်ရ၏။

"ဘာလဲ ဘာဖြစ်သလဲ မောင်လုံး"

"ထူးမောင် မရှိတော့ဘူး ဆရာ ဘယ်အချိန်က ထွက်သွားလဲ မသိဘူး သူ့အိပ်ရာက အေးစက်လို့ ဘယ်အချိန်ကတည်းက သွားလဲ"

"ဒါဆို ငါ့အိမ်မက် မှန်နေပြီပေါ့"

ကျွန်တော့်နှုတ်မှ လွှတ်ခနဲပြောလိုက်သည်။ မောင်လုံးက ကြောင်အမ်းအမ်းနှင့်

"ဘာအိပ်မက်လဲ ဆရာ"

ဟု မေးလေသည်။ ကျွန်တော် သူ့ကို မဖြေအား အိပ်ရာမှကပျာကယာထကာ သေနတ်ဝှက်ထားသော နေရာသို့ သွားကြည့်လိုက်သည်။ တော်သေးရဲ့။ ကျွန်တော့်သေနတ် ရှိသေးသည်။

ဒါဆို ခုနသေနတ်သံကြီးကရော ဘယ်ကဖြစ် မလဲဟု စိုးထိတ်စွာ တွေးလိုက်မိပြန်၏။

"မောင်လုံး... မောင်လုံး"

"ဗျာ ဆရာ"

"ခုန သေနတ်သံ ကြားလိုက်သေးလား၊ သေနတ်သံလေ"

ကျွန်တော့်စကားအဆုံး မောင်လုံးက မျက်လုံး လေးပေကလပ် ပေကလပ်နှင့် တစ်ခုခုကို ဇဝေဇဝါ စဉ်းစားနေ၏။



"အဲ... အဲဒါ သေနတ်သံမဟုတ်ဘူး ဆရာ တောထဲက အချက်ပေးတဲ့ ဖြောက်ထုတ် ဖောက်သံပဲနေမယ်"

"ဪ" ထိုအခါမှ ကျွန်တော်သက်ပြင်း မောတစ်ချက် ချလိုက်မိတော့၏။

"ဒါနဲ့ ထူးမောင်ကိစ္စ ဘယ်လိုလုပ်ကြမလဲ ဆရာ

"နေပါစေတော့ကွာ သူ့တဲကို ပြန်သွားတာပဲ နေမှာပါ"

"မဟုတ်ဘူး... မဟုတ်ဘူး ဆရာ ဒီနေ့ သင်းကြွေမင်္ဂလာဆောင်၊ သူ့ယောက်ျားရွာမှာ ဆောင်မှာတဲ့ အဲ... အဲဒီကိုများ"

မောင်လုံးစကားကြောင့် ကျွန်တော့်ရင်ထဲ ပူသွားရပြန်သည်။

"သူ့ယောက်ျားရွာက ဘယ်မှာလဲ"

"သင်းကြွေတို့ရွာ ဟိုဘက်နှစ်ရွာကျော်သေးတယ် ဒီကသွားရင် နေ့တစ်ဝက်ခရီးရှိတယ်"

မောင်လုံးက ထူးမောင် ထိုရွာသွားပြီဟု တစ်ထစ်ချ ယုံကြည်နေပုံရသဖြင့် ကျွန်တော်ကိုယ်တိုင် ဘာလုပ်ရမှန်းမသိ ဖြစ်သွားရတော့၏။

"ထူးမောင်မှာ ကျွန်တော်တို့ အိပ်နေတုန်း မိုးမလင်းခင် ထသွားတာလည်း ဖြစ်နိုင်၏။

"ကိုင်း... မောင်လုံး မင်းပဲလိုက်သွားပြီး စုံစမ်းကြည့်ပေ

www.burmeseclassic.com

www.burmeseclassic.com



တော့ ဆရာတော့ ဘယ်အကျိုးအကြောင်း တပ်အပ်မဆိုနိုင်ဘူး၊ ဩော် ဟိုကိုလိုက်သွားရင် မောင်ကြိုင်တို့ထဲက တစ်ယောက်ယောက်ကိုခေါ်သွား ဦးဝေလုကြီးလည်း ကောင်းကောင်း နေမကောင်းလို့ ငါ တောထဲ လိုက်ရဦးမယ်"

ကျွန်တော့်စကားဆုံးသည်နှင့် မောင်လုံးမှာ လုံရှည်တစ်ချောင်းကိုင်၍ တဘက်တစ်ထည် ခေါင်းပေါင်းကာ ထွက်သွားလေတော့၏။

* * *

စခန်းသို့ရောက်လျှင်ရောက်ချင်း ထူးမောင်နှင့် ပတ်သက်သော ...တင်းကို ကျွန်တော်ကြားလိုက်ရ၏။

ထူးမောင်မှာ မင်္ဂလာဆောင် ကျင်းပနေသော ရွာသို့ လိုက်သွား...ည်ကို မြင်လိုက်ရသော ဆင်လုပ်သား တစ်ချို့ရှိသည်ဟူ၍ပင်။

ကျွန်တော် စိတ်မောသွားရသည်။ ဘာလုပ်လို့ လုပ်ရမှန်းမသိ...နေစဉ်

"ဆရာ... ဆရာ ဟိုမှာ ထူးမောင်ပြန်လာပြီ"

ဆင်လုပ်သားတစ်ဦးက အပြေးအလွှားလာပြောသည်။ကျွန်...တဲမှ အလျင်စလို ထွက်လိုက်ခဲ့၏။ ထူးမောင်သည် ကျွန်တော်...သို့ မလာဘဲ ဆင်မှိန်းသင်ရာ ကျူးဖက်သို့ သွားနေလေသည်။

"ထူးမောင်"

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်ခေါ်သံကြားသောကြောင့် ဆတ်ခနဲ လှည့်ကြည့် သည်။ ထူးမောင်မျက်နှာက ပြုံးတော့မည့် မိုးလိုညိုမဲအုံ့ဆိုင်းနေ၏ အရာရာကို မကြည့်မလင် ဖြစ်နေသည့်ဟန်က အတိုင်းသားပေါ်လွ နေသည်။

ကျွန်တော့်ကို ခပ်တွေတွေကြည့်နေရင်းမှ တစ်ဖက်သို့ ချာ ပြန်လှည့်သွား၏။

"မင်း ဘယ်တွေလျှောက်သွားနေတာလဲ စခန်းကလူတေ အားလုံး စိတ်ပူနေတယ်ဆိုတာ မင်း သိရဲ့လား"

အမှန်တကယ် ကျွန်တော်တို့အားလုံး ထူးမောင် ဘယ်သွ သည် ဘယ်လာသည်ကို သိရှိပြီးဖြစ်၏။ သို့သော် ကျွန်တော့် စကားမရှိ စကားရှာရခြင်းဖြစ်ရာ စေ့စေ့ စပ်စပ် မစဉ်းစားနိုင်ပါ

"မင်း တစ်နေရာသွားမယ်ဆိုရင်တောင် ပြောသွားဖို့ ကော တယ် ခုတော့"

ကျွန်တော် ရေရွတ်ဆူပူနေပေမယ့် ထူးမောင်က လှ စောင်းလို့ပင် မကြည့်ချေ။ အဝေးသို့သာ တွေဝေငေးမောနေ၏

"မင်း ဘယ်လိုခံစားနေရမယ်ဆိုတာ ငါသိတယ် အဲဒီအတွ ငါမနှစ်သိမ့်တတ်တော့ဘူး ထူးမောင် မင်းအဲလို ဂမူးရှူး လျှောက်လုပ်မယ့်အစား အရင်လို အေးအေးဆေးဆေး ဖြ ရင်ကောင်းမယ်"



ထူးမောင်မှာ ကျွန်တော့်စကားကို တစ်ခွန်းမှ မတုန့်ပြန်ဘဲ စောင်းစောင်းကြည့်ကာ လှည့်ထွက်သွားလေသည်။

ကျွန်တော်တစ်ယောက်တည်း နေရာတွင် ငေါင်တောင်တောင် င့် ကျန်ခဲ့ရ၏။ ထူးမောင်၏ ကျောပြင်ကိုငေးကြည့်ရင်း ဖြေရှင်းရခက် သာ ပြဿနာတစ်ခုအတွက် ရင်လေးနေမိတော့၏။

"ဆရာ… ထူးမောင်ဘယ်ကိုသွားခဲ့တာလဲ သိပြီးပြီလား"

ရုတ်တရက် ရောက်လာသော ကြွက်နီ့အသံကြောင့် ကျွန် တ်လှည့်ကြည့်လိုက်သည်။

"ထူးမောင် သင်းကြွေမင်္ဂလာဆောင်ကို သွားတာမဟုတ် လား ဘာတွေဖြစ်ခဲ့လို့လဲ"

ထိုစဉ် ထူးမောင်နောက်သို့ ကျွန်တော်ကိုယ်တိုင် လိုက်ခိုင်း းသော မောင်လုံးတစ်ယောက် မောကြီးပန်းကြီးနှင့် ရောက်လာ ည်။

"ဆရာ ထူးမောင် ထူးမောင် ပြန်ရောက်နေပြီလား ဆရာ"

"မင်းက ခုမှ ဘယ်လိုဖြစ်လာတာလဲ ထူးမောင်က မင်း အရင်ရောက်နှင့်နေပြီ နေပါဦး မင်းတို့ဟိုမှာ ဘယ်လိုတွေ ဖြစ်ခဲ့ကြလို့လဲ"

ကျွန်တော့်စကားအဆုံး မောင်လုံးက အနီးတွင် ခြေပစ်လက် စ် ဝင်ထိုင်ရင်း

www.burmeseclassic.com

www.burmeseclassic.com



"ပြောတောင်မပြောချင်တော့ပါဘူး ဆရာရယ်"

ဟု ဆိုလိုက်လေသည်။ ထိုအခါ မောင်ကြွက်နီက

"မင်းမပြောချင်ရင်တော့ ငါပဲ ဆရာ့ကို ပြောပြလိုက်မယ် ဒီလို ဆရာ"

"ဟော့ကောင် မင်းက နားစွန်နားဖျားကြားခဲ့ရပြီးတော့ ငါက မျက်စိနဲ့ တပ်အပ်မြင်လာတာ ငါပြောမယ်"

"အရေးထဲ မင်းတို့နှစ်ယောက်က စကားလုပြောချင်နေသေ တယ် ဘယ်သူပြောပြော အဓိက,က အကျိုးအကြောင်း သိရဖို့ပဲ"

ကျွန်တော် စိတ်တိုတိုနှင့် ဝင်ငေါက်လိုက်မှ ကြွက်နီက မျက် နှာငယ်နှင့် နောက်ဆုတ်သွားတော့သည်။

"ဖြစ်ပုံကတော့ ဒီလိုပါ ဆရာ၊ သင်းကြွေတို့က သူ့ ကြောက်ပြီး ဟိုကောင့်ရွာမှာ မင်္ဂလာသွားဆောင်တာ၊ အဲ အထိ ထူးမောင်လိုက်လာလိမ့်မယ်လို့ သူတို့ကလည်း ထ ဝထင်မထားဘူး၊ အဲဒါ ဒီက ဆရာ့တပည့်က အဲဒီအ လိုက်သွားပြီး ပြဿနာရှာတာ ဟိုရွာကလူတွေက တုတ် ဓားတွေဆွဲပြီး ဝိုင်းသတ်တော့မယ်၊ ကျွန်တော်အရောက် လို့၊ မနည်းတောင်းပန်ပြီး ပြန်ဆွဲလာခဲ့တယ ဒါတောင် မင်္ဂလာဆောင်အိမ်နားက သစ်ပင်တွေ အကုန်ချိုးဖဲ့ ဖျက်



ခဲ့သေးတယ် ပြောလို့ပြောတာမဟုတ်ဘူး ဆရာ၊ အဲဒီအချိန် က ထူးမောင်ဖြစ်နေတာ ဆိုးပုံရွန်ကျတုန်းကအတိုင်းပဲ တောင် ရုံ သစ်ပင်တွေ အကုန်လဲပြို့ ကျိုးပဲ့ကုန်တာပဲ"

ကျွန်တော် စိတ်မသက်သာစွာ နားထောင်ရင်း သက်ပြင်း ချလိုက်မိသည်။ ကျွန်တော်တို့ဆီသို့ လျှောက်လာသော ဆင်ဦးစီး မောင်ရွှေဒိုးနှင့် ဦးဝေလုကိုလည်း တွေ့လိုက်ရ၏။

"ဒီအတိုင်းဆိုရင်တော့ ကိစ္စက ပြီးပါပြီ သူလည်း သွေးပူ နေတုန်းမို့ပါ နောက်တော့ မေ့မေ့ပျောက်ပျောက် ဖြစ်သွား မှာပေါ့ ကျုပ်လည်း ငယ်ရာက ကြီးလာတာပဲ"

ဦးဝေလုစကားကို ကျွန်တော် လက်ခံယုံကြည်ချင်ပါသည်။ သူပြောသည့်အတိုင်းသာ ငြိမ်းငြိမ်းချမ်းချမ်းနှင့် အေးဆေးစွာ ပြီးဆုံး သွားစေချင်မိ၏။ သို့သော် ထူးမောင်အကြောင်း အစင်းသိဖြစ်သော မောင်ရွှေဒိုးက

"ဒီလိုတော့ ပြောလို့မရဘူး ဦးကြီး၊ ထူးမောင်ရဲ့ စရိုက်က က ဆင်နဲ့ အတော်တူတာဗျ၊ ပြီးတော့ အငြိုးနဲ့ ဆင်ကြံကြံ မယ့်လူစားမျိုး သေသေချာချာတော့ သတိထားမှဖြစ်မယ်"

ဟု ပြောလိုက်လေသည်။ မောင်ရွှေဒိုးစကားကို မည်သူမျှ မဖြစ်နိုင်ပါဘူးဟု မကန့်ကွက်ကြချေ။

ကျွန်တော်ကတော့ ထူးမောင် အရင်လို ပြန်ဖြစ်သွားမှာ တွေး

www.burmeseclassic.com

www.burmeseclassic.com



ပြီးစိတ်မသက်မသာဖြစ်နေမိသည်။

ကျွန်တော်စိုးရိမ်စိတ်ဝင်သည်မှာ မမှားချေ။ နောက်ရက် အနည်းငယ်အတွင်းမှာပင် ထူးမောင် အနေအထိုင် အမူအရာ ပြောင်းလဲလာပုံကို မြင်တွေ့ခဲ့ရတော့သည်။

ထူးမောင်၏အသွင်မှာ ကျွန်တော်ရောက်ခါစကလိုပင် အေးစက်ထုံထိုင်းကာ တစ်စုံတစ်ယောက်အား မကျေနပ်သလို ရန်လိုနေသည့်အသွင်မျိုး ပေါ်လာ၏။

အတတ်နိုင်ဆုံး ကျွန်တော့်ဖက်က နွေးထွေးစွာ ဆက်ဆံပြီး ချော့တန်ချော့၊ ချောက်တန်ချောက်လုပ်ပါသော်လည်း ထူးမောင်ကတော့ မည်သို့မျှ ထူးခြားပြောင်းလဲမလာတော့ချေ။ ထိုအတွက်ကြောင့် ထူးမောင်ကို ကျွန်တော် ဥပေက္ခာပြု၊ လျစ်လျူရှုထားလိုက်ရ၏။

စိတ်ထဲတွင်တော့ မကောင်းလှချေ။

တစ်ရက်ထက်တစ်ရက် ကျွန်တော်ပြောင်းရွှေ့ဖို့ အချိန်နီးကပ်လာလေလေ နောက်ရောက်လာသော လူမျိုးခြား မန်နေဂျာနှင့် ထူးမောင် အဆင်ပြေပါ့မလားဟူသော စိုးရိမ်စိတ်က ပို၍ကြီးမားလာလေလေပင် ဖြစ်၏။

ထူးမောင်မှာ ဆင်စခန်းရှိ လုပ်သားများနှင့် အခေါ်အပြော နည်းလာသလို အချိန်ရှိသရွေ့ တောထဲတွင်သာ အနေများလာလေတော့၏။



ဤသည်မှာ ကောင်းသည့်လက္ခဏာမဟုတ်ကြောင်း ကျွန်တော်နားလည်မိ၏။ သို့သော် မည်သို့မျှ မတတ်နိုင်တော့ချေ။ ထိုသို့ နေလာရင်းနှင့်ပင် သီတင်းကျွတ်ပွဲတော်သို့ပင် ရောက်လာခဲ့ပြီဖြစ်၏။

* * *

www.burmeseclassic.com

www.burmeseclassic.com



စခန်းတွင် အလုပ်အပါးဆုံးအချိန်ဖြစ်သောကြောင့် ဆင်လုပ်သားအားလုံး နားနားနေနေဖြစ်နေကြ၏။ ဆင်များအတွက်တော့ သိပ်ကောင်းလှချေ။

အလုပ်နားချိန်ဖြစ်လျှင် မုန်ယိုတတ်ကြ၏။ စခန်းတွင် ဆင်ပေါက်တော်တော်များရှိသောကြောင့် ဟိုဆင်က မုန်ကျ၊ ဒီဆင် မုန်ကျနှင့် စခန်းရှိ လူများအားလုံး အလုပ်ရှုပ်ရလေသည်။

"ဆရာ... ဆရာ့ကို ကန်တော့ဖို့တဲ့၊ ဒီနေ့က ဆရာသမားတွေ၊ သက်ကြီးရွယ်အို မိဘတွေကန်တော့ရတယ်လေ အဲဒါ ဆင်သမားတွေ စီစဉ်နေကြတယ် ဆရာလည်းပြောင်းခါနီးပြီ မဟုတ်လား သူတို့တွေကန်တော့တာတော့ မငြင်းနဲ့နော် ဆရာ"



ဦးဝေလုစကားကြောင့် သူအံ့သြသွားမိ၏။

"ဟာ နေပါစေဗျာ မကန်တော့ပါနဲ့ လိုမှမလိုအပ်ဘဲ၊ ကျုပ်လည်း ပြောင်းခါနီးမို့ စိတ်မကောင်းဖြစ်နေတာ အဲလိုလာကန်တော့ရင် ပိုပြီး စိတ်မကောင်းဖြစ်ရဦးမှာပဲ"

"မဟုတ်တာ ဆရာရယ် ဆရာပြောင်းမှာဆိုတော့ နှုတ်ဆက်တဲ့အနေနဲ့ပါ"

ဦးဝေလုစကားအဆုံး သူခေါင်းကိုသာ တွင်တွင်ခါရမ်းနေမိသည်။ တောထဲတောင်ထဲရှိ ဆင်လုပ်သားများအားလုံးမှာ ပင်ပန်းသလောက် အကျိုးစီးပွားခံစားရသူများ မဟုတ်ချေ။ ထို့ကြောင့် သူတို့ကန်တော့မည့်ပစ္စည်း ဘယ်အရာကိုမှ ကျွန်တော်လက်မခံလိုပါ။

တောထဲတောင်ထဲရှိ ဆင်လုပ်သားများတွင် ကျွန်တော့်ကို တံစိုးလက်ဆောင်ပေးနိုင်သူ၊ ကန်တော့နိုင်သူရှိမည်မထင်ပါ။ အားလုံးစုပေါင်းပြီး မရှိရှိတာလေးနှင့် ကန်တော့ကြမည်ဆိုသည်ကို သိထားသည့်အတွက် ကျွန်တော် စိတ်မကောင်းဖြစ်မိခြင်းပင် ဖြစ်၏။

"ငြင်းဖို့ကြိုးစားမနေနဲ့တော့ ဆရာ ဟောဟိုမှာ လာကြပြီ"

"ဟာ ဒုက္ခရှာလို့ဗျာ အတန်တန်ပြောထားရက်နဲ့"

"ကဲပါ ဆရာရယ် အားလုံးက ဆရာ့ကို တကယ် ခင်မင်လေးစားလို့ ကန်တော့တာပဲ ဒါ ကျုပ်တို့စခန်းမှာ ဟောမဆုံး

www.burmeseclassic.com

www.burmeseclassic.com



လုပ်တာပဲ အရင်က အထက်အရာရှိဆို အားလုံး ရှိုကြ ကြောက်ကြတာ ဆရာ့ကိုတော့ တော်တော်ချစ်ကြတယ်၊ ဒါကြောင့်ပါ လက်ခံလိုက်ပါ ဆရာရယ်"

"ကဲဗျာ ဒါဆိုလည်း ခင်ဗျားတို့ယူလာတဲ့ ပစ္စည်းတွေ ထားခဲ့ပါ ကျုပ်လက်ခံပါတယ်၊ ကန်တော့တာတော့ မကန်တော့ကြပါနဲ့ လက်ဆောင်လို့ သဘောထားပါ"

"ဟာ ဘယ်ဟုတ်မလဲ ဆရာရယ် လက်ဆောင်ဆိုတာ မျက်နှာဖြူတွေရဲ့ အလေ့အကျင့်ကြီးပါ ကျုပ်တို့ ယဉ်ကျေးမှု ဗမာ့ထုံးစံအရဆိုရင် အထက်အရာရှိကို ကန်တော့တာ ဘာမှ အနေခက်စရာမလိုပါဘူး"

ဦးဝေလုစကားကြောင့် ကျွန်တော် ဘာပြောရမှန်းမသိအောင် ကြောင်သွားတော့သည်။

လာကန်တော့သော လူအုပ်ကြီးကိုကြည့်လိုက်သောအခါ အားလုံး လူစုံတက်စုံ၊ တစ်ယောက်ကိုသာ ကျွန်တော်အသည်းအသန် ရှာနေမိသည်။

"ဆရာ ထူးမောင်ကို ရှာနေတာလား၊ သူကို မနေ့ကတည်းက ကြိုပြောထားတာ အခု ပါမလာဘူး တောထဲထွက်သွားပြီထင်တယ် ထူးမောင်က ဆရာ့ကိုတော့ သံယောဇဉ်ရှိပုံပါဘဲ သူရောက်လာမှာပါ"



"ငါနားလည်ပါတယ်ကွာ သူလည်း အကြောင်းကြောင့်တော့ရှိမှာပေါ့"

ပြောသာပြောရသည် ကျွန်တော့်စိတ်ထဲ မကောင်းလှချေ။ အပေါ် အနွေးအင်္ကျီထဲတွင်ထည့်ထားသော (ထူးမောင်ပေးထားသည့်) ဆင်မာန်စွယ်ကလေးကို လက်နှင့်စမ်းကြည့်လိုက်မိ၏။ ဆင်မာန်စွယ်မှာ

ထူးမောင် အမြတ်တနိုးထားသော ပစ္စည်းပင်ဖြစ်သည်။ နောက် ဆင်ဦးစီးများ လုပ်သားများနှင့် စကားစမြည်ပြောရင်း ထူးမောင် ရောက်လာသည် မရောက်လာသည်ကို သတိမထားမိတော့ချေ။

ရောက်လာလျှင်လည်း ထူးမောင်မှာ မည်သူနှင့်မျှ စကားမပြောဘဲ သူ့ဘာသာ အေးအေးဆေးဆေး တသီးတခြား နေမည့်သူမို့ လူအများကြားထဲတွင် မတွေ့ရခြင်းဖြစ်မည်ဟု ထင်လိုက်မိ၏။

သို့သော် ထိုနေ့က ထူးမောင်တစ်ယောက် ရောက်မလာခဲ့သည်ကိုတော့ နောက်ရသတ္တပတ်ခန့်ကြာမှ သိခဲ့ရခြင်းပင်ဖြစ်သည်။

ကျွန်တော့်ကို ကန်တော့ကြမည့်မနက်က ထူးမောင် ဆင်စခန်းမှ ထွက်သွားခြင်းဖြစ်၏။

ပြီးတော့ ပြန်ရောက်လာခြင်းမရှိခဲ့ချေ။ ထူးမောင်ကို တစ်ရက်ကနှစ်ရက်စောင့်လို့ ပြန်မလာသည့်အဆုံး ရှာဖို့စီစဉ်ရတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ကျယ်ပြောလှပါသည်ဆိုသော တောတောင်အနှံ့ကို ရှာခဲ့ပြီးပြီဖြစ်သော်လည်း ထူးမောင်ကို မတွေ့ရသေးချေ။

"ဆရာ… ထူးမောင် သတင်းတစ်ခုတော့ ကြားခဲ့တယ်"

ဆင်းလုပ်သားတစ်ဦး၏ စကားကြောင့် ကျွန်တော် စိတ်လှုပ်ရှားသွားမိသည်။

"ဘယ်မှာ သတင်းကြားခဲ့တာလည်း ထူးမောင်အခု ဘယ်မလဲ"

တစ်ပတ်ကျော်သည့်အထိ သတင်းအစအနမကြားရသောကြောင့် စိတ်ထဲ စိုးရိမ်မှုနှင့်အတူ သက်သာမကင်း ဖြစ်နေမိရာမှ ယခုလို သတင်းတစ်ခုကြားရသည့်အခါ အတိုင်းမသိ ဝမ်းသာသွားရလေသည်။



"ထူးမောင်… သင်းကြွေကို ရွာဖက်ထဲသွားတာ တွေ့လိုက်ရတယ် ဆရာ ဒါပေမယ့် သူပြန်လာတာတော့ မတွေ့မိဘူး"

"ဟင်… ဟုတ်လား၊ ဒါဆို… ဒါဆို ထူးမောင် ဒီရက်ထဲ ဘယ်မှာရှိနေနိုင်မလဲ"

ကျွန်တော့်စကားအဆုံး အားလုံး ခေါင်းရမ်းလိုက်ကြသောကြောင့် စိတ်ထဲ ထင့်ခနဲဖြစ်သွားမိသည်။

"ဒီရွာကို သွားတယ်ဆိုရင် ဒီရွာမှာပဲ ရှိရမှာပေါ့ မရှိလို့ ဘယ်သွားမှာလဲ မင်းတို့ သေသေချာချာ မစုံစမ်းဘူးလား"

"စုံစမ်းပါတယ် ဆရာ ဒါပေမယ့် ရွာဖက်ကို သွားတာပဲမြင်ပြီး ဘယ်သူမှ အတိအကျမသိကြဘူး အဲဒီရွာက လူတွေလည်း ထူးမောင်ကို မမြင်မိဘူးတဲ့"

"တောက်"

သူ တောက်တစ်ချက် ခေါက်ပစ်လိုက်သည်။ အားလုံး ခေါင်းငုံ့လျှက် အပြစ်ရှိသူများလို ကျွန်တော်ရှေ့တွင် ကျုံ့ကျုံ့ယုံ့ယုံ့လေး ရပ်နေကြ၏။

"ဒါ လုံးဝမရှိသားဘူး ထူးမောင် ဘယ်မှာရှိတယ်ဆိုတာ ရအောင် စုံစမ်းနိုင်ရင် စုံစမ်း ဒီလိုမှမဟုတ်ရင် အားလုံး

www.burmeseclassic.com

www.burmeseclassic.com



တာဝန်ဖြစ်ကုန်မယ် ဘာပဲဖြစ်ဖြစ် ငါကတော့ အရေးယူရမှာပဲ''

ကျွန်တော် ဒေါသထွက်ပြီး ပြောမိပြောရာ စွတ်ပြောပစ်လိုက်သည်။ အားလုံး မျက်နှာငယ်လေးတွေနှင့် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး ကြံရာမရဖြစ်နေကြ၏။

ထိုစဉ် သင်းကြွေခင်ပွန်းသည်ရွာသို့ စုံစမ်းရန်ထွက်သွားသော ဦးဝေလုတို့လူစု ပြန်ရောက်လာသည်။

ဦးဝေလုမှာ အသက်အရွယ်ကြီးခါမှ အေးမနေရ။ စခန်းတွင်ဖြစ်ပျက်သမျှ ကိစ္စအဝဝ လိုက်ရှင်းနေရရှာ၏။ ယခုလည်း ထူးမောင်ကိစ္စကို ကျွန်တော် မကျေမနပ်ဖြစ်နေသည်ကို သိသော ဦးဝေလုမှာ စခန်းတွင် စိတ်ဖြောင့်လက်ဖြောင့် မနေနိုင်ဘဲ ခရီးဝေးကြီးကို လိုက်သွားရရှာလေသည်။

''ထူးမောင်သတင်း ဘယ်မှာမှ အစအန မရခဲ့ဘူး ဆရာကျုပ်တော့ စိတ်ထဲမသက်မသာမကောင်း ဖြစ်လာတယ်၊ ထူးမောင်တစ်ခုခုများ ဖြစ်နေပြီလား မပြောတောင်း မဆိုကောင်း''

''အို ဘာပဲဖြစ်ဖြစ် ကျုပ်ကတော့ ဒီအတိုင်း လက်ပိုက်ကြည့်မနေနိုင်ဘူး ဦးဝေလု ဒီကိစ္စမပေါ်ပေါ်အောင် စုံစမ်းစစ်ဆေးရမယ် အခုက လူပျောက်တယ်လို့ ပြောလို့မရတော့ဘူး၊ သတင်းအစအနပါ ရှာမရတော့တာ တစ်စုံတစ်ယောက်က



လုပ်ကြံတာဆိုရင်တော့ ခွင့်လွှတ်လိမ့်မယ်မထင်နဲ့''

ကျွန်တော့်စကားကြောင့် ဦးဝေလုမှာ သက်ပြင်းချရင်း ခေါင်းကိုသာ ခါလျက်စိတ်ရှုပ်ထွေးနေဟန်ရှိ၏။ မည်သို့မျှတော့ ဝင်မပြောချေ။

ကျွန်တော်လည်း စိတ်ထဲမကောင်းလွန်းသောကြောင့် ဤသို့ဆိုနေရပေမယ့် ထူးမောင်အတွက် စိုးရိမ်နေမိ၏။ ထူးမောင် ဘာမှမဖြစ်ပါစေနဲ့ဟူ၍လည်း ဆုတောင်းမိပြန်သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



"ဆရာ… ဆရာ ဟိုမှာ မသင်းကြွေတို့လင်မယား ရောက်နေတယ်"

"ဟေ"

ကျွန်တော် ရုတ်တရက်မို့ အံ့သြသွားရသည်။ ဘယ်လိုမှ ထင်မှတ်မထားသည့် လူနှစ်ယောက်မို့ ရုတ်ချည်း ဘာပြန်ပြောရမှန်း မသိ။

"အဲ… အဲဒါ ခုဆရာ့တဲမှာ အရမ်းအရေးကြီးလို့တဲ့ ဒီအထိ လိုက်လာမယ် လုပ်နေတာ"

"ကဲ… ကဲ ဒါဖြင့် ငါ အခုလာခဲ့မယ် ဟုတ်ပြီလား ကိုင်း မောင်ငယ် ဒီသစ်လုံးတွေစီပြီး နံပါတ်ရေးသွား ဆရာ လာမှ စာရင်းပြန်ကောက်မယ်"



သစ်ကွင်းတွင် စစ်ဆေးနေရာမှ ကျွန်တော်လိုက်လာခဲ့လိုက်၏။ တဲသို့ရောက်သောအခါ သင်းကြွေနှင့် သူ့ခင်ပွန်းဖြစ်ဟန်တူသော လူငယ်တစ်ယောက်ကို တွေ့လိုက်ရ၏။

"ကျွန်တော်တို့ ထူးမောင်ကိုစွန့်ပတ်သတ်ပြီးတော့လာ တာပါ ထူးမောင်ကို ကျွန်တော်တို့ မသတ်ပါဘူး ခင်ဗျ"

ရောက်ရောက်ချင်း ကြားလိုက်ရသော စကားကြောင့် ကျွန်တော့်ရင်ထဲ ဆို့သလို နင့်သလိုဖြစ်သွားရ၏။ ဦးဝေလုက ကျွန်တော့်ဖက်ကို မျက်လုံးပြူးကြီးနှင့် အဓိပ္ပာယ်ပါပါ လှည့်ကြည့်၏။

"ဒါဆို ထူးမောင်ကို မင်းတို့တွေ့လိုက်တယ်ပေါ့ ပြောစမ်း ထူးမောင် ဘာဖြစ်သွားပြီလဲ"

ကျွန်တော် ဒေါသမထိန်းနိုင်တော့။ သင်းကြွေခင်ပွန်းသည်၏ အင်္ကျီစကို ဆောင့်ဆွဲပစ်လိုက်သည်။ ကောင်လေးခမျာ ကျွန်တော့်လက်ထဲ ကြောက်အားလန့်အားနှင့် ပါလာသည်။

"ကျွန်မ… ကျွန်မရှင်းပြပါရစေဦး ဆရာ ထူးမောင် ထူးမောင်ကို ကျွန်မတို့ မသတ်ပါဘူး ဆရာရယ်"

"ဒါဆို ထူးမောင်ကို ဘယ်သူသတ်တာလဲ"

"အဲဒါလည်း မသိပါဘူးရှင်၊ ကျွန်မတို့လင်မယား မသတ်ဘူးဆိုတာတော့ အမှန်ပါ"

www.burmeseclassic.com

www.burmeseclassic.com



"ငါ့ကို မလိမ်ကြနဲ့ ထူးမောင် ပျောက်သွားတာ နင်တို့နဲ့ ပတ်သတ်နေတယ် မဟုတ်လားပြောစမ်း"

ကျွန်တော့စကားအဆုံး လင်မယားနှစ်ယောက်မှာ တစ်ယောက်မျက်နှာတစ်ယောက် တုန်လှုပ်ထိတ်လန့်စွာ လှည့်ကြည့်ကြ၏။ ထိုအခါ ဦးဝေလုက

"ဟော့ သူငယ် မင်းတို့ဘာမှ ကွယ်ဝှက်ဖို့မကြိုးစားနဲ့ ဒီကကလေးမရောပဲ ဆရာ ထူးမောင်းကို ဘယ်လိုသဘောထားတယ်ဆိုတာ နှင် အသိပဲ ထူးမောင်တစ်ခုခုဖြစ်ရင် နင်တို့ရော ချမ်းသာမယ့်ထင်လား အမှန်အတိုင်း ဖြေရင်ကောင်းမယ်"

ဟု ဝင်ပြောလိုက်ရာ မသင်းကြွေမှာ ရှိုက်ကြီးတငင် ငိုချလိုက်လေတော့၏။ ထိုအခါမှ သူ့ယောကျ်ားမှာ သက်ပြင်းကို တွင်တွင်ချပြီး...

"ကျွန်တော်ပြောပြပါမယ် တကယ်တော့ ထူးမောင်ကို ကျွန်တော်တို့ မသတ်ပါဘူး၊ သူ့ဘာသာသူ ဖြစ်တာပါ ထူးမောင်လက်ကလွတ်အောင် ကျွန်တော်တို့ မနည်းကိုယ်လွတ် ရုန်းပြေးခဲ့ရတာပါ ခင်ဗျာ အခုဟာက သူ့ဘာသာသူ ဖြစ်သွားတာ"

ဟု ပြောလိုက်၏။



သူ့စကားကြောင့် ကျွန်တော့ရင်ထဲ ဒိန်းခနဲ ဖြစ်သွားသည်။ ထူးမောင် တစ်ခုခုဖြစ်ချေပြီလား၊ သူ့ကို ကျွန်တော် ကယ်တင်ရန်နောက်ကျသွားပြီလားဟူသော အတွေးက ကျွန်တော့်ကို ဆောက်တည်ရာမဲ့ တုန်လှုပ်သွားစေခဲ့လေသည်။

"ကျွန်မတို့ မိဘတွေကန်တော့ဖို့ ရွာကို ပြန်အလာမှာ ထူးမောင်နဲ့တွေ့တာပါ တောထဲမှာ သူ ကျွန်မတို့ကို ကြိုစောင့်နေတာလို့ ထင်ပါတယ်တယ် အပြန်ကျတော့ ကျွန်မတို့နောက်ကနေ မယောင်မလည်လိုက်လာတယ်၊ ပထမတော့ လမ်းကြုံလို့လား တွေ့နေလားဆိုပြီး ကျွန်မ,ဟန်မပျက်နေခဲ့တာပါ ဒါပေမယ့် စိတ်ထဲ မသင်္ကာတာနဲ့ လှည့်လည်းကြည့်ရော ကျွန်မတို့နောက်ကို ခြေလှမ်းကျဲကြီးနဲ့ လိုက်လာတာ တွေ့လိုက်ရတော့တာပါပဲ သူ့... သူ့မျက်လုံးတွေဆို ခုထိ ကျွန်မ မေ့ဖျောက်လို့မရဘူး မျက်ထောင့်နီကြီးနဲ့ စိုက်ကြည့်နေတာ ကျွန်မတို့လည်း ကြောက်ပြီး ခပ်သုတ်သုတ်လျှောက်မိပါတယ် ဒါပေမယ့် သူက ဆက်လိုက်လာတုန်းပဲ အဲဒီမှာတင်"

* * *

www.burmeseclassic.com

www.burmeseclassic.com



မကြာခင်က ကြည်ကြည်လင်လင်ရှိခဲ့သော တောရိပ် တောင်ရိပ်မှာ ချက်ချင်း အုံ့ဆိုင်းညို့မှောင်လာသလိုရှိ၏။ သစ်ရွက်ခြောက်များ သစ်ကိုင်းများကို ဖြတ်ကျော်နင်းလျှောက်သော အသံကပင် ထိတ်လန့်ချောက်ခြားစရာ ကောင်းနေသည်။

"အစ်ကို မြန်မြန်လျှောက်စမ်းပါ"

"ဘာ ဖြစ်လို့လဲ"

"ကျွန်မရင်ထဲ မသိုးမသန့်ကြီး ဖြစ်နေတယ် ထူးမောင် ထူးမောင်ကျွန်မတို့နောက်က ပါလာတယ်ထင်တယ်"

မသင်ကြွေစကားကြောင့် ခင်ပွန်းသည် မောင်လှဆောင်မှာ မယုံမရဲနှင့် လှည့်ကြည့်လိုက်သည်။

ခြေလှမ်းမှန်မှန်နှင့် ခပ်သုတ်သုတ် လျှောက်လိုက်လာသော



ထူးမောင်ကို တွေ့လိုက်ရ၏။

"သူလမ်းသူ သွားတာပဲ ဖြစ်မှာပါကွာ ဘာမှစိုးရိမ်မနေပါနဲ့"

ခင်ပွန်းသည်၏ အားပေးစကားကြောင့် သူလက်ကို တင်းတင်းဆုပ်ရင်း ခပ်သွက်သွက် လှမ်းလိုက်သည်။ ဝါးနှစ်ရိက်လောက်အရောက်တွင် သိမ့်ခနဲ သိမ့်ခနဲ လှုပ်သွားသော ခြေသံကို ကြားလိုက်ရသောကြောင့် လှည့်ကြည့်မိပြန်သည်။ ထူးမောင်မှာ သူမတို့နောက်မှ ပါလာတုန်းပင်။

"ကျွန်မ··· ကျွန်မကြောက်တယ် အစ်ကို မြန်မြန်ပြေးရအောင် သူကြည့်ရတာ မှုမမှန်ဘူး"

ပြောပြောဆိုဆို မသင်းကြွေမှာ လှဆောင်လက်ကိုဆွဲ၍ တရှိန်ထိုး ပြေးလေတော့၏။

"ဘာလို့ ပြေးရမှာလဲကွာ သူ့ဘာသာသူ"

"အို ဘာမှပြောမနေနဲ့တော့ သူက သာမာန်လူမျိုးမဟုတ်ဘူး"

မသင်းကြွေမှာပြောလည်းပြော အကြောက်အကန်လည်း ပြေးနေမိ၏။ နောက်သို့ စိုးရိမ်မကင်း လှည့်ကြည့်သောအခါ နောက်တွင် ခြေလှမ်းမှန်မှန်နှင့် လျှောက်လာသော ထူးမောင်ကို တွေ့လိုက်ရ၏။

"ဟိုမှာ ဟိုမှာကြည့်ပါဦး အစ်ကို သူ··· သူလိုက်လာတုန်း

www.burmeseclassic.com

www.burmeseclassic.com



ပဲ"

မသင်းကြွေစကားကြောင့် လှဆောင်ပါ အလန့်တကြား လှည့်ကြည့်လိုက်မိသည်။

"ဟာ"

သူတို့လင်မယားနှစ်ယောက်လုံး လှည့်ကြည့်မိသော အချိန်တွင် ထူးမောင်မှာ ဆင်ကြီးတစ်ကောင်လို ခြေလှမ်းမှန်မှန်နှင့် တရကြမ်း လိုက်လာလေသည်။ သူ့ရှေ့တွင် ကာဆီးနေသော အပင်ငယ်များကို နင်းချေချိုးဖဲ့ရင်း လိုက်လာပုံက ဆင်တစ်ကောင်နှင့် အတော်တူလှသည်။

"ဟား... ဟား... ဟား နင်တို့နှစ်ယောက်စလုံး ငါ့လက်က လွတ်မယ်ထင်သလား ထူးမောင်ဆိုတဲ့ကောင်ကို ဒါမျိုး လာစမ်းလို့ ဘယ်ရမလဲ"

ထူးမောင်မျက်နှာမှာ အစွမ်းကုန် ရက်စက်တော့မည့် ခက်ထန်ကြမ်းကြုတ်ခြင်း အရိပ်အယောင်တို့ ပြည့်နှက်နေ၏။ သူတို့နှစ်ယောက် ဘာမျှမစဉ်းစားနိုင်တော့၊ တစ်ယောက်လက် တစ်ယောက်ဆွဲကာ ရှေ့သို့ အားသွန်ခွန်စိုက် ပြေးလိုက်မိသည်။

သူတို့နှစ်ယောက်မှာ စိတ်ထဲကပါ ကြောက်ရွံ့တုန်လှုပ်နေသောကြောင့် ဆို့ဆို့နင့်နင့်ဖြစ်ကာ တော်ရုံသာပြေးနိုင်တော့၏။ သူတို့၏ အပြေးနှုန်းကျလာသော်လည်း ထူးမောင်ကတော့ ပုံမှန်လိုက်လာမြဲပင်။



မသင်းကြွေမှာ နောက်ကိုချည်း တလှည့်လှည့်ကြည့်နေသည်။ ထူးမောင်၏အသွင်ကို တောဆင်ရိုင်းကြီးတစ်ကောင်အသွင် မြင်လိုက်ရသလိုလည်း ဖြစ်လာသည်။

တဖြည်းဖြည်းနှင့် ရှေ့တွင်ဖြတ်ကူးရမည့် ချောင်းကလေးနားသို့ပင် ရောက်လာ၏။

"ကျွန်မ ကျွန်မ မပြေးနိုင်တော့ဘူး အစ်ကို သတ်ရင်လည်း သတ်ပါစေတော့ အစ်ကိုသာ လွတ်အောင်ပြေး"

"ဟာ မဟုတ်တာ လာပါ ဟိုချောင်းကျော်ရင် ရွာဖက်ကို နီးပြီပဲဟာကို"

ပြောပြောဆိုဆို ချောင်းရှိရာသို့ ပြေးကြ၏။ ချောင်းမှာ သီတင်းကျွတ် တန်ဆောင်မုန်းမို့ ရေကခါးလယ်လောက်သာ ရှိသည်။

သူတို့ ချောင်တစ်ဖက်ကမ်းသို့ တတ်ပြီးချိန် ထူးမောင်မှာ ချောင်းအနီးသို့ ရောက်နေပေပြီဖြစ်၏။

မသင်းကြွေမှာ ဘယ်လိုမှ မဟန်နိုင်ဘဲ လဲကျသွားလေတော့သည်။ မောပန်းခြင်းကြောင့် သတိပင် လစ်လုလုဖြစ်နေသော်လည်း ချောင်းထဲသို့ ဆင်းခါနီးဖြစ်နေသော ထူးမောင်ကို မြင်လိုက်သည်နှင့် နှစ်ယောက်စလုံးအတွက် ပူပန်စိုးရိမ်သွားမိကာ

"ကိုထူးမောင်... မလိုက်ခဲ့ပါနဲ့ ကျွန်မတောင်းပန်ပါတယ် ကျွန်မတို့ကို သွားခွင့်ပြုပါ၊ အဲဒီလို မလုပ်ပါနဲ့ရှင်"

www.burmeseclassic.com

www.burmeseclassic.com



ဟု လှမ်း၍တောင်းပန်လိုက်သည်။

"ဟား… ဟား… ဟား နင်တို့အလှည့်ကျတော့ သေရမှာ ကြောက်တက်လိုက်တာ၊ သေရမှာ ကြောက်တယ်ပေါ့ဟုတ်လား၊ ငါ့ဘဝကိုကျတော့ ရှင်လျက်နဲ့ သေအောင် နင်တို့လုပ်တယ် ငါ့ကို အရူးလုပ် လှည့်စားသွားတယ် အခုနင်တို့သေရမယ့်အလှည့်ပဲ၊ နင်တို့ကို ငါကိုယ်တိုင် ဟောဒီလိုသတ်မယ် ငါ့လက်နဲ့ သတ်မယ်"

ထူးမောင်မှာ လက်နှစ်ဖက်ရှေ့ကို ဆန့်တန်းရင်း သရဲသဘက်ပူးကပ်နေသူပမာ ရေထဲသို့ ဆင်းလိုက်လာ၏။

"ဘယ်လိုလုပ်မလဲ အစ်ကို ဟိုမှာ သူဆင်းလိုက်လာပြီ"

"ဘာတတ်နိုင်မလဲကွာ ဆက်ပြေးကြတာပေါ့"

"ကျွန်မ မလိုက်နိုင်တော့ဘူး အစ်ကို"

မသင်းကြွေမှာ အမှန်ပင် ကမ်းစပ်တွင် ခွေလဲနေပေပြီ။

"ဝှန်း…"

"ဖြောင်း"

သစ်ပင်လဲကျသံကြောင့် နှစ်ယောက်လုံး အထိတ်တလန့်လှမ်းကြည့်လိုက်ကြရာ ကမ်းနားတွင်ပေါက်နေသော သစ်ပင်ကို ဖြောင်းခနဲရိုက်ချိုးကာ

"နင်တို့နှစ်ယောက်ကို အဲဒီအတိုင်း ချိုးပြီးသတ်မယ်"



ဟု ပြောရင်း ရေထဲသို့ တရွေ့ရွေ့ဆင်းလာသည့် ထူးမောင်ကိုတွေ့လိုက်ရ၏။

သူတို့နှစ်ယောက် တစ်ယောက်ကိုတစ်ယောက် တင်းကျပ်စွာဖက်ရင်း အထိတ်တလန့် ကြည့်နေစဉ်မှာပင်

"အား"

ထူးမောင်၏ ကြောက်မယ်ဖွယ်အော်သံနက်ကြီးကို ကြားလိုက်ရလေသည်။ ရေလည်သို့အရောက်မှာ အောက်ကတစ်စုံတစ်ခုက ဆွဲချသွားသလို တစ်ခါတည်း နစ်ကျသွားသော ထူးမောင်မှာ တစ်ခွန်းသာ ကျယ်ကျယ်လောင်လောင် စူးစူးရှရှ အော်နိုင်ပြီး နစ်မြုပ်သွားတော့၏။

ပြန်ပေါ်လာနိုးနှင့် စောင့်နေသော်လည်း ပေါ်မလာတော့ချေ။ ရေမှာ သိပ်မနက်လှသော်လည်း ဝါးလုံးထိုးစီးနေပြီး ရေအောက်မှမည်သည့်အရာနှင့် တစ်ပါတည်းမျောပါသွားသလဲ မသိလိုက်ရတော့။

* * *

www.burmeseclassic.com

www.burmeseclassic.com



မသင်းကြွေမှာ ပြောပြီးသည်နှင့် ကြောက်ရွံ့ထိတ်လန့်ဟန် မပြယ်သေးဘဲ တရှုံ့ရှုံ့ ငိုကြွေးနေလေတော့၏။

"အဲဒါ ဘာချောင်းလဲ ဘယ်နေရာက ချောင်းလဲ"

"တောထဲက ဆင်ကြောက်ချောင်းကို အဖြတ်မှာ ဖြစ်တာပါ"

"ဟော…"

ကျွန်တော်တို့အားလုံး မင်တက်အံ့သြသွားကြ၏။ ဦးဝေလုမှာ ကျွန်တော့်ကို မျက်လုံးအပြူးသားနှင့်ကြည့်ပြီး ခေါင်းတဆတ်ဆတ် ညိတ်နေလေသည်။

ကျွန်တော့်နှုတ်မှ ဆင်ကြောက်ချောင်းဟူသော စာလုံးသုံးလုံးကို စိတ်လှုပ်ရှားစွာ ရေရွတ်လိုက်မိ၏။



"ကျုပ်တို့ အဲဒီကို ခုပဲလိုက်ကြစို့ ဦးဝေလု"

ကျွန်တော့်စကားအဆုံး ဦးဝေလုက နေရာမှ လှည့်ထွက်ပြီး တောအုပ်ဖက်သို့ မျက်နှာမူလိုက်၏။

ကျွန်တော်နှင့် ဆင်လုပ်သားအားလုံး ဆင်ကြောက်ချောင်းသို့ စိတ်လေးလေးနှင့် ထွက်ခဲ့ရတော့သည်။

"ကျည်"

ဝမ်းခေါင်းသံနှင့် ရှုးရှူးရှားရှား အော်လိုက်သော ဆင်သံကြောင့် ကျွန်တော်တို့အားလုံး ခြေလှမ်းတုန့်သွားရ၏။ ကျွန်တော့်ဘေးတွင် ပါလာသော မောင်လုံးက

"အဲ… အဲဒါ ဆိုးပုံအသံပဲ ဆရာ"

ဟု တီးတိုး ကပ်ပြောလေသည်။

ဆိုးပုံ ဘာကြောင့် အော်မြည်ရပါသလဲဟု ကျွန်တော် စဉ်းစားရင်း စိတ်ထဲ တုန်လှုပ်ချောက်ခြားသလို ဖြစ်လာမိသည်။

ချောင်းသို့ရောက်သောအခါ ထူးခြားသောအငွေ့အသက်တို့ လွှမ်းခြုံနေသည်ဟု ထင်ရသော်လည်း ပကတိ တိတ်ဆိတ်ငြိမ်သက်လျက်ရှိ၏။

"ဒီဖက်မှာတော့ မတွေ့ဘူး ဆရာ လူစုခွဲပြီး ရှာရမှ ရမယ်"

"ဒါဆို ရေစီးအတိုင်းလိုက်သွား ချောင်းအောက်ဖက်အထိ ဆင်းရှာကြ"

www.burmeseclassic.com

www.burmeseclassic.com





ရှာသာ ရှာခိုင်းသော်လည်း ကျွန်တော့်စိတ်ထဲ တွေ့မှာကို စိုးရိမ်နေမိပြန်သည်။ ချောင်းထဲမှာတွေ့လျှင် ထူးမောင်အသက်ရှင်လျက်ရှိမည်မဟုတ်မှန်း ကျွန်တော်ရော ဆင်သမားအားလုံးပါ သိနေကြသောကြောင့် အားလုံး စိုးတထင့်ထင့်နှင့် ရှာနေကြခြင်းဖြစ်၏။

"ဆရာ… တွေ့ပြီတဲ့ ချောင်းအောက်ဖက်မှာတွေ့ပြီတဲ့ဗျို့"

ကြားလိုက်ရသောအသံက ကျွန်တော့်ရင်ထဲမှာ အူအသည်းများအားလုံး ဆောင့်ဆွဲနုတ်သွားသလို ခံစားလိုက်ရသည်။

ထိုနေရာသို့ ကျွန်တော်ရောက်သွားသည့်အခါ လူအုပ်ကြီးမှာ ထူးမောင်အားတွင် ဝိုင်းအုံနေကြ၏။

"ဘယ်မလဲဟေ့ ထူးမောင်ရော"

"ဒီမှာ… ဒီမှာပါ ဆရာ"

ချောင်းနှင့် ခပ်လှမ်းလှမ်းတွင် ဒိုက်သရောမျိုးစုပုံရှုပ်ထွေးနေသော နေရာ၌ ချုံပုတ်များတွင် ငြိနေသော ထူးမောင်၏ အလောင်းကို တွေ့လိုက်ရသည်။

အလောင်းမှာ ရေထဲတစ်ဝက် ကုန်းပေါ်တစ်ဝက်နှင့် မှောက်ခုံကြီးလဲကျနေ၏။

မရှုရက်မမြင်ရက်စရာ မြင်ကွင်းပါပေ။ ဦးခေါင်းမှာ တက်တခေါက်ခေါက်၊ အံတကြိတ်ကြိတ်နှင့် ယူကျုံးမရဖြစ်နေ၏။

ဆင်သမားများအားလုံး ထူးမောင်ကို လူရမ်းကားမို့ ကြောက်ကြသော်လည်း ယခုလိုအဖြစ်ဆိုးနှင့် မြင်လိုက်ရသောအခါ အားလုံး စိတ်မကောင်းဖြစ်ကုန်ကြသည်။

ထူးမောင်အလောင်းနားတွင် မြေကြီးများမှာ တစ်ခုခုနှင့် လူးလိမ့်ရုန်းကန်ထားသလို ပြောင်းဆန်နေ၏။

လဲကျနေရာမှ အားယူပြီး ကုန်ထထားပုံရသည်။ သို့သော် အကြိမ်ကြိမ် ပြန်ထသော်လည်း မရှုမလှပြန်လဲကျထားပုံနှင့် သေဆုံးခဲ့ဟန်ရှိသော ထူးမောင်ကိုကြည့်ကာ ကျွန်တော့်ရင်ထဲ ဆို့နင့်နေသည်။

အားလုံး ရုတ်တသပ်သပ်ဖြစ်နေသော်လည်း ကျွန်တော်တစ်ယောက်တည်းသာ တောင့်မတ်ငြိမ်သက်စွာရပ်ရင်း ထူးမောင်အလောင်းကို စူးစိုက်ကြည့်နေမိ၏။

ကျွန်တော် ထူးမောင်ကို နောက်ဆုံးကြည့်ခြင်းမျိုးနှင့် အတန်ကြာကြည့်နေမိရင်း မျက်လုံးထဲတွင် ထူးမောင်မှာ ဆင်တစ်ကောင်နှင့် တူလာသည်။

ထူးမောင်ကို ကျွန်တော်မြင်ဖူးခဲ့သမျှ ယခုနောက်ဆုံးအချိန်မှာ ဆင်နှင့်အတူဆုံးပင်။

ကြီးမားထွားကျိုင်းလှသော ခန္ဓာကိုယ်ကြီးက ညိုညစ်ညစ်အရောင် ဝင်းပြောင်လျက်။ တုတ်တုတ်လုံးလုံး လက်မောင်းလုံးကြီးတစ်ဘက်ကလည်း နှာမောင်းကြီးအလား ခန္ဓာကိုယ်နံဘေးကျ၍ နေ၏။ ခေါင်းနဖူးထိပ်တွင်လည်း ပွန်းပဲ့ရာတွေက ဗရပွ။

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



ဆင်တွေ အကြပ်တည်းကြုံသောအခါ ဦးကင်းဖြင့်တိုးဖော့တတ်သည် မဟုတ်လား။

ချောင်းကမ်းနဖူးတွင် ထူးမောင်ဘာယ်လောက်များ ရှန်းကန်ခဲ့ရှာမလဲ။ အခုတော့ သူ့ဘဝဇာတ်သိမ်းရှာခဲ့ပြီ။

တကာယ်ကို ဆင်တစ်ကောင်လိုပါပဲ။

ဒဂ္ဂကျော်စွာ

BURMESE CLASSIC .com

www.burmeseclassic.com